# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဉစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ်(၀၄၂)


# သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ ကျင်းပ


သတင်း၊ စာ-၃




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်)အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ **Partnering For New Dynamism For a Comprehensively Connected and Integrated Asia-Pacific** ခေါင်းစဉ်ဖြင့်ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲ တက်ရောက်စဉ်။ သတင်းစဉ်

# အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အေပက်အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ အလွတ်သဘော ဆွေးနွေး

**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(အေပက်)အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ Partnering For New Dynamism For a Comprehensively Connected and Integrated Asia - Pacific ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲကို ယနေ့ ဒေသစံတော်ချိန် ညနေ ၄နာရီ မိနစ်၄၀တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ဒါနန်း Furama Resort ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများနှင့် အေပက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာထိပ်တန်းအရာရှိကြီးများနှင့် အေပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻




မြန်မာ့အလင်း

# အသက်မွေးမှု တစ်ခုပညာ

နိုင်ငံအချို့တွင် တက္ကသိုလ်ပညာကို တန်ဖိုးထားကြသော်လည်း အသက်မွေးဝမ်းကျောင်းပညာကို တန်ဖိုးထားမှုနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာကို ဒုတိယတန်းစားပညာဟု ယူဆကြပါကြောင်း၊ တက္ကသိုလ်ပညာမဆည်းပူးနိုင်သူများ၊ တက္ကသိုလ်ပညာအဆင့်မရောက်ရှိနိုင်သူများသည် အသက်မွေးဝမ်းကျောင်းပညာကို လေ့လာဆည်းပူးသည့်အပိုင်းသို့ ရောက်သွားသည်ဟု ထင်မြင်ယူဆသူများရှိပါကြောင်း၊ သို့သော်တက္ကသိုလ်ပညာသင်ကြားသော လူငယ်များ အများစုမှာ အလုပ်အကိုင်ရရှိမှု နည်းပါးသည့်အခြေအနေသို့ရောက်ရှိလျက်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ဖူးသည်။ အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစားပညာရေးအဖြစ် နိုင်ငံသူ နိုင်ငံသား အားလုံးက နားလည်လက်ခံလာစေရန်၊ အသက်မွေးဝမ်းကျောင်းပညာကို မြတ်နိုးတန်ဖိုးထားဂုဏ်ယူလာကြစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေး အောင်မြင်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ကြဉ်းပေးနိုင်စေရန် ရည်ရွယ်ပြောကြားခဲ့ခြင်းဖြစ်သည်ဟုလည်း အမှတ်ရမိသည်။

မိမိတို့နိုင်ငံသည် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့် လူဦးရေအချိုးအစားကောင်းမွန်သောနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သို့ရာတွင် အဆိုပါလူဦးရေ၏ စွမ်းဆောင်ရည်ရှိမှုနှင့်ပတ်သက်၍မူ လိုအပ်ချက်များရှိနေကြောင်း မကြာမကြာ ကြားသိရသည်။ အရေအတွက်ကို အရည်အချင်းသို့ပြောင်းလဲမြှင့်တင်ရန်လိုအပ်နေခြင်းပင် ဖြစ်သည်။ စွမ်းဆောင်ရည်ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာအားကောင်းလာစေရန်အတွက် လူတစ်ဦးချင်းစီကို အရည်အသွေး၊ အရည်အချင်းမြှင့်တင်ရာတွင် သဘာဝအခြင်းအရာ (ဗီဇ)အရရော သင်ကြားလေ့ကျင့်မှုအခြင်းအရာ (ပတ်ဝန်းကျင်)အရပါ ပေါင်းစပ်ပေးဖို့ လိုအပ်သည်ဟု သုတေသီတို့ကဆိုထားသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရာတွင် (၁)လူတို့အားကုန်ထုတ်အစွမ်းသတ္တိရှိသော အလုပ်အကိုင်များတွင် နေရာချထားခြင်းဖြင့်လုပ်သားအင်အားကို ပိုမိုထိရောက်စွာ အသုံးပြုရန်၊ (၂) ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်မှုများကို တိုးချဲ့ပြုလုပ်ခြင်းဖြင့် လုပ်အား၏ အရည်အသွေးများ တိုးတက်မြင့်မားအောင်ဆောင်ရွက်ရန်၊ (၃) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်မှု၊ လူမှုအင်အားစု အသီးသီးတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ ရယူရန်ဟူသည့် လုပ်ငန်းကြီးသုံးရပ်မှာ အရေးပါသောလုပ်ငန်းကြီးများဖြစ်သည်။ ဤသည်မှာ ကျွမ်းကျင်အောင်လေ့ကျင့်ပေးပြီး ထိရောက်စွာအသုံးချရန်ပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် လျှောက်လှမ်းကြိုးပမ်းနေရဆဲဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ **(Vocational Training)** ကို တန်ဖိုးထားရမည်မှာ လွန်စွာသဘာဝကျသော၊ မှန်ကန်သော အခြေအနေတစ်ရပ်ပင် ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာဖြင့် မိမိတို့၏ ဘဝကို ရှင်သန်ရပ်တည်နိုင်စွမ်းရှိရုံမျှမက လုပ်ငန်းကြီးများထူထောင်ကာ ကြီးပွားချမ်းသာနေကြသူများ၊ လူ့အဖွဲ့အစည်း၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်နိုင်သူများ သာဓကပြစရာများစွာရှိနေသည်ကို ကြည့်ခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်းပညာဟူသည် ဒုတိယတန်းစားပညာမဟုတ်ကြောင်း သိရှိနိုင်မည် ဖြစ်သည်။

မိမိဝါသနာနှင့်ကိုက်ညီသည့် အသက်မွေးမှုပညာတစ်ခုခုကို ပြီးပြည့်စုံစွာလေ့လာသင်ယူပြီး မိမိကိုယ်တိုင်ဘဝရှင်သန်ကြီးပွားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

**စာအုပ်စာပေ လူမိုက်ဆွေ**
**ပညာရှွေအိုး လူမခိုး**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/ ၂၀၁၇)ကြိမ်မြောက်အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၅/ ၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၅/ ၂၀၁၇) အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ငါးခုနှင့် အတည်ပြုမိန့် လေးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ်နေ့သင်တန်းများကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၁၅ ရက်မှစပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန website http://www.myanmar-education.edu.mm/ တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်နှင့် အထက်သင်တန်းများ အားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖောင်းလင်းရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်

**စလင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးအပ်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က အဆိုပါ ကျောင်းဝင်း၌ ကျင်းပခဲ့သည်။ အထိမ်းအမှတ်ဖဲကြိုးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



ဖောင်းလင်းကျေးရွာအလယ်တန်းကျောင်းဆောင်သစ်မှာ ခွင့်ပြုငွေကျပ် ၃၅၁ သိန်းဖြင့် ကွန်ကရစ်ခင်းသွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်းနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ၊ မိဘများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၀-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၄၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၀/၇၆၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၉၅/၈၀၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၈၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ . ၅ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၃ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ . ၃၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇) ပါး စုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်းနှင့် သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။



သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အစည်းအဝေးဖွင့်သြဝါဒကထာကို မြွက်ကြားတော်မူစဉ်။ သတင်းစဉ်

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေ



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

အတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**မချမ်းသာဘဲ ဆင်းရဲမည်ဖြစ်**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူရာတွင် သံဃာကွဲပြားနေလျှင် ငြင်းခုံမှုဝိဝါဒ၊ ဆန့်ကျင်မှုဝိဂ္ဂဟ၊ ကိုယ်နှုတ်ထိပါးခိုက်ရန်ပွားမှု ကလဟစသည်တို့ဖြစ်ကြ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့ ဒုက္ခကြီးစွာ ရောက်ကြရမည်သာ ဖြစ်ပါကြောင်း၊ အကြင်မြို့ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၌ အချင်းချင်း စိတ်ဝမ်းကွဲပြားကြလျှင် ထိုမြို့ ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာ ဖြစ်ပါကြောင်း။

သံဃာ့ညီညွတ်နေလျှင် ငြင်းခုံမှုဝိဝါဒ၊ ဆန့်ကျင်မှုဝိဂ္ဂဟ၊ ကိုယ်နှုတ်ထိပါးခိုက်ရန်ပွားမှု ကလဟစသည်တို့ မဖြစ်ကြရသဖြင့် လူ နတ် ဗြဟ္မာသတ္တဝါတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရမည်သာ ဖြစ်ပါကြောင်း၊ အကြင်မြို့ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၏ အချင်းချင်း စိတ်ဝမ်းမကွဲ တစ်သားတည်းညီညွတ်နေလျှင် ထိုမြို့ ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေမည်သာ ဖြစ်ပါကြောင်း။

သံဃာညီညွတ်ရုံသာ ညီညွတ်၍ သမ္မပ္ပဓာန်လေးပါးအကျင့်တရားကို အားမထုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည် မဟုတ်ပါကြောင်း၊ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများ ကြိုးကုတ်အားထုတ်မှသာ ချမ်းသာသုခကို ရနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန်လေးပါး၊ အကျင့်တရားကို ပွားများ ကြိုးကုတ်အားထုတ်ခြင်းကို "တပေါသုခ" ဟု ခေါ်ဆိုရပါကြောင်း။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များနှင့် ထက်အောက်ညှိနှိုင်းပွဲ၊ သံဃနာယက ဝိနည်းဓိုရ်သင်တန်းများကဲ့သို့သော လုပ်ငန်းနှင့် သက်ဆိုင်သော ကိစ္စရပ်များဆောင်ရွက်၍ မပြတ်ထိတွေ့ခဲ့ကြပါကြောင်း၊ အကျိုးရလဒ်မှာ အောက်အဖွဲ့အစည်းများ၏ လုပ်ငန်းအခက်အခဲများ သိရှိနိုင်ခြင်း၊ အထက်အဖွဲ့အစည်း၏ မူဝါဒနှင့်လုပ်ငန်းစဉ်ကို ချပြဆွေးနွေးနိုင်ခြင်း၊ ပုဂ္ဂိုလ်ချင်းရင်းနှီး ကျွမ်းဝင်မှုပိုမိုရရှိခြင်း စသည်တို့ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ်မှ ယခုသတ္တမအကြိမ် သက်တမ်းပြည့်ရန် နီးကပ်နေသည့်ကာလအထိ သံဃနာယက၊ သံဃာ့ဝန်ဆောင်နှင့် ဝိနည်းဓိုရ်သင်တန်း နှစ်ကြိမ်ပြုလုပ်ခဲ့သည်မှအပ ထက်အောက်ညှိနှိုင်းပွဲများ မပြုလုပ်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်ရာ ပုဂ္ဂိုလ်ချင်းထိတွေ့၍ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာကို ဖော်ကျူးနိုင်ရန်နှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများ၊ လုပ်ထုံးများ၊ ဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်၊ အတွေ့အကြုံများ၊ အမြင်များ ဖလှယ်နိုင်ရေး၊ သံဃသာမဂ္ဂီသုခရရှိရေး၊ နိုင်ငံတော်သံဃမဟာနာယကတစ်ဖွဲ့တည်းသာမက အောက်အောက်အဖွဲ့များနှင့်လည်း ညီညီညွတ်ညွတ်တိုင်တိုင်ပင်ပင် ဆောင်ရွက်နိုင်ရေး၊ အထက်အောက် ညှိနှိုင်းပွဲများပြုလုပ်နိုင်ရေး ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျှောက်ထားအပ်ပါကြောင်း။

အများစုကိုးကွယ်သော ဗုဒ္ဓဘာသာအဆုံးအမများ ချွတ်ယွင်းမှု၊ လိုအပ်မှုများ ပေါ်ပေါက်မည်ဆိုပါက မြန်မာနိုင်ငံတော်သည်လည်း တည်ငြိမ်မှု၊ အေးချမ်းမှု၊ ဖွံ့ဖြိုးမှုများမရှိနိုင်ဟု ယူဆပါကြောင်း၊ ရဟန်းသံဃာတော်များ စုစည်းညီညွတ်လျက် သမ္မပ္ပဓာန်လုံ့လ အားထုတ်မှုဖြင့် ဗုဒ္ဓသာသနာတော်အတွက်သာမက မြန်မာနိုင်ငံတော်တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးအတွက် သံဃာတော် အားလုံးကလည်း ဘုရားရှင်၏ လမ်းညွှန်ဒေသနာတော်များနှင့်အညီ ပါဝင်ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု မှတ်ယူထားပါကြောင်း၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်တတ်သော မညီညွတ်မှု၊ မအေးချမ်းမှုများကို ညီညွတ်အေးချမ်းမှုများရရှိလာအောင်၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တစ်ဦးအပေါ် တစ်ဦး စာနာထောက်ထားပြီး အကျိုးလိုလားသော မေတ္တာစေတနာများဖြင့် အချင်းချင်း ကူညီရိုင်းပင်းလျက်အေးချမ်းဖွံ့ဖြိုးတိုးတက်သော လူသားများအဖြစ် ရှင်သန်နေထိုင်ခွင့်ရရှိအောင် ဘုရားတပည့်တော်များက ဓမ္မဝိနယနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု မှတ်ယူပါကြောင်း မြွက်ကြားသည်။

**သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ညီညွတ်ရေးအတွက် လည်းကောင်း၊ အောက်ခြေတွင် ဖြစ်ပျက်နေသော အခြေအနေမှန်များကို သိရှိပြီး လက်တွေ့ကျကျဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ညွှန်ကြားလွှာများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များ၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယကအဖွဲ့များ၊ မြို့နယ်သံဃနာယက အဖွဲ့များနှင့် ရပ်၊ ကျေးသံဃနာယကအဖွဲ့များအနေဖြင့် ခြောက်လ တစ်ကြိမ်၊ သို့မဟုတ် တစ်နှစ်တစ်ကြိမ် သက်ဆိုင်ရာ နေရာဒေသအလိုက် အထက်အောက်ညှိနှိုင်းပွဲများ ကျင်းပပြုလုပ်သင့်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်သိပ်သည်းခိုင်မာပါမှ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသော လုပ်ငန်းများဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အနေဖြင့် ချမှတ်ထားသော မူဝါဒများဖြစ်သော စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏ သဘောထားနှင့် ဆန္ဒကို အများက လေးစားခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်တို့ကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်ကို အထက်အဖွဲ့အစည်းက အလေးဂရုပြု အရေးယူဆောင်ရွက်ခြင်းတို့ကို ဓမ္မဝိနယနှင့်အညီ ပြုလုပ်သွားမည်ဆိုပါက ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ မူလရည်ရွယ်ချက်ဖြစ်သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများအစဉ်သဖြင့် အောင်မြင်ပြီးမြောက်လျက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစရက တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

(သတင်းစဉ်)

**"နိုင်ငံတော်အတွင်း ဖြစ်ပေါ်တတ်သော မညီညွတ်မှု၊ မအေးချမ်းမှုများကို ညီညွတ်အေးချမ်းမှုများရရှိလာအောင်၊ နိုင်ငံသူ၊ နိုင်ငံသား အားလုံး တစ်ဦးအပေါ်တစ်ဦး စာနာထောက်ထားပြီး အကျိုးလိုလားသော မေတ္တာ စေတနာများဖြင့် အချင်းချင်းကူညီရိုင်းပင်းလျက် အေးချမ်းဖွံ့ဖြိုးတိုးတက်သော လူသားများအဖြစ် ရှင်သန်နေထိုင်ခွင့်ရရှိအောင် ဘုရားတပည့်တော်များက ဓမ္မဝိနယနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်သွားရန် တာဝန်ရှိ"**

## ကလေးစာပေပွဲတော်(သထုံ)ကို ကွန်ပျူတာတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**သထုံ  နိုဝင်ဘာ  ၁၀**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သထုံမြို့နယ် စာကြည့်တိုက်များကွန်ရက်တို့ ပူးပေါင်းပြုလုပ်သည့်ကလေးစာပေပွဲတော်၊ ကလေးစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့ နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး စာပေပွဲတော်ကို မွန်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် လူရည်ချွန်မောင်မယ် ကျောင်းသား ကျောင်းသူလေးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများ၊ ပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ၊ ခြင်းလုံးအလုခတ်၊ ပုံပြော ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများ၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနမှ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာပေပွဲတော်သို့ လာရောက်ကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါကလေးစာပေပွဲတော်(သထုံ)ကို နိုဝင်ဘာ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ- ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ **Partnering For New Dynamism For a Comprehensively Connected and Integrated Asia- Pacific** ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲ တက်ရောက်စဉ်။ သတင်းစဉ်

> **“အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်)မှာ လွန်ခဲ့သော ၂၈ နှစ်က ဖြစ်ပေါ်လာပြီး ဒေသတွင်း စီးပွားရေးကဏ္ဍ မြှင့်တင်မှုနှင့်အတူ တက်တက်ကြွကြွ ဖွံ့ဖြိုးလာ၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ကမ္ဘာကြီးပြောင်းလဲလာမှု၊ အာရှ-ပစိဖိတ်ဒေသ၏ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုသည် အေပက်အတွက် အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်လာရ”**

✱ ရှေ့ဖုံးမှ

ဆွေးနွေးပွဲတွင် အေပက်နှင့် အာဆီယံအကြား ပေါင်းစည်းဆက်သွယ်မှု၊ စည်းလုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒါနန်းမြို့ရှိ Sharaton Resort ၌ ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ထရမ် ဒိုင်ကွမ်နှင့် ဇနီး ငုရင်ထိဟီရမ်တို့က အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများနှင့် အေပက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာထိပ်တန်းအရာရှိကြီးများနှင့် အေပက်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သဘောတူခဲ့**

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)မှာ လွန်ခဲ့သော ၂၈ နှစ်က ဖြစ်ပေါ်လာပြီး ဒေသတွင်း စီးပွားရေးကဏ္ဍ မြှင့်တင်မှုနှင့်အတူ တက်တက်ကြွကြွ ဖွံ့ဖြိုးလာကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ကမ္ဘာကြီးပြောင်းလဲလာမှု၊ အာရှ-ပစိဖိတ်ဒေသ၏ အရှိန်အဟုန်ဖြင့်တိုးတက်လာမှုသည် အေပက်အတွက် အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်လာရကြောင်း၊ စီးပွားရေးကဏ္ဍတွင် အခြားသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကတိကဝတ်များကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရန်၊ ပြည်သူများနှင့်စီးပွားရေးအသိုက်အဝန်းများ နီးကပ်စေရန်အတွက် အေပက်က ဆောင်ကြဉ်းပေးရန်၊ (၂၁) ရာစုအတွင်း၌ အာရှ-ပစိဖိတ်ဒေသ၏ ရေရှည်တည်တံ့ခြင်းနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးမှု မဟာဗျူဟာအမြင်ကို နားလည်သဘောပေါက်စေရန် အေပက်က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၏ အိမ်ရှင်နိုင်ငံအဖြစ် ဗီယက်နမ်က သဘောတူခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ရန်ရည်ရွယ်**

ထို့ပြင် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) တည်ထောင်မည့် စိတ်ကူးစိတ်သန်းကို ပထမဆုံးချပြခဲ့သူမှာ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း မစ္စတာ ဘော့ဟောကဲဖြစ်ပြီး ၎င်း၏ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ၁၉၈၉ ခုနှစ်က ပြောကြားခဲ့သည့်မိန့်ခွန်းတွင် ပါဝင်ခဲ့ကြောင်း၊ မိန့်ခွန်းပြောကြားပြီး ၁၀ လအကြာတွင် အာရှ-ပစိဖိတ် ၁၂နိုင်ငံမှာ စီးပွားရေးနှင့် ပတ်သက်၍ ဩစတြေးလျနိုင်ငံ၌ တွေ့ဆုံခဲ့ပြီး အေပက်ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ စတင်တည်ထောင်ခဲ့သည့် နိုင်ငံများမှာ ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အမေရိကန်တို့ ဖြစ်ကြကြောင်း၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)တို့သည် ၁၉၉၁ ခုနှစ်တွင် လည်းကောင်း၊ မက္ကစီကိုနှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့သည် ၁၉၉၃ ခုနှစ် တွင်လည်းကောင်း၊ ချီလီနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ထို့နောက် ပီရူး၊ ရုရှား၊ ဗီယက်နမ်တို့ ဝင်ရောက်လာပြီးချိန်တွင် အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံ ရှိလာကြောင်း၊ ၁၉၈၉ခုနှစ်နှင့် ၁၉၉၂ခုနှစ်အတွင်းတွင် အေပက်အနေဖြင့် အလွတ်သဘောအဆင့်မြင့်အရာရှိကြီးများအဆင့်နှင့် ဝန်ကြီးအဆင့်ဆွေးနွေးပွဲများကိုသာ ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် အမေရိကန်သမ္မတဟောင်း မစ္စတာ ဘီကလင်တန်က လက်တွေ့ဆန်သည့် အေပက်စီးပွားရေးခေါင်းဆောင်များ ပုံမှန်အစည်းအဝေးများကို ကြီးမားသည့် မဟာဗျူဟာအမြင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ဦးတည်ချက်ကို ထောက်ပံ့ရန်ရည်ရွယ်ပြီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ထရမ် ဒိုင်ကွမ်နှင့်ဇနီး ငုရင်ထိဟီရမ်တို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၌ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



## မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင် ပြောင်းလဲဆောင်ရွက်နေမှု၊ တပ်မတော်မှ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်များအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌမှ တရားမျှတမှု မရှိသော ကြေညာချက်ထုတ်ပြန်မှုနှင့် နိုင်ငံတကာမီဒီယာများမှ မမျှတစွာ ရေးသားထုတ်လွှင့်မှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့ တွေ့ဆုံဆွေးနွေးစဉ် သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးနှင့် တွေ့ဆုံ

## ရခိုင်ဒေသ ပြဿနာများ ဖြေရှင်းရေးနှင့် ပတ်သက်ပြီး သဘောထားအမြင်များဖလှယ်

**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ- ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၃နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ဒါနန်း Furama Resort ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံပွဲတွင် ရခိုင်ဒေသ ပြဿနာများ ဖြေရှင်းရေးနှင့် ပတ်သက်ပြီး သဘောထားအမြင်များဖလှယ်ကြပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ရခိုင်ဒေသပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး၊ နိုင်ငံသားစိစစ်ရေး၊ ရခိုင်ဒေသရှိပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကနေဒါနိုင်ငံဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မစ္စ ခရစ်စတီးယားဖရီးလန်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် မစ္စတာ ဘော့ရေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုတို့သည် ၂၀၁၇ ခုနှစ် ဇွန် ၈ ရက်တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့တွင် တွေ့ဆုံခဲ့ကြပြီး မြန်မာ - ကနေဒါနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ယခုထပ်မံ တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုတို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနှင့် အေပက်ခေါင်းဆောင်များ၏ အလွတ်သဘောဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြား

ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၁၀ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါနန်းမြို့၌ ကျင်းပသည့် အာဆီယံနှင့် အေပက်ခေါင်းဆောင်များ၏ အလွတ်သဘောဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြားသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် အောက်ပါ အဓိကအချက်များ ပါဝင်သည်-

အာဆီယံနှင့် အေပက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအကြား ယခုကဲ့သို့ သီးသန့်တွေ့ဆုံခြင်းသည် ဒေသအဖွဲ့အစည်းနှစ်ခုအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာဆောင်ရွက်သွားနိုင်ရေးအတွက် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း။

ထို့အပြင် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ ပူးပေါင်းဆောင်ရွက်မှုအစီအမံများမှတစ်ဆင့် အာဆီယံနှင့် အေပက်အကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အာဆီယံနှင့် အေပက်အဖွဲ့နှစ်ခုအကြား အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် အေပက်၏ ဘိုဂေါ်မျှော်မှန်းချက် ၂၀၂၀ တို့အကြား အပြန်အလှန် သဟဇာတပြုမှုကိုလည်း အလေးထားဆွေးနွေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ယခု သီးသန့်တွေ့ဆုံပွဲ၏ Theme ဖြစ်သည့် Partnering for New Dynamism for a Comprehensively Connected and Integrated Asia-Pacific ကို ကြိုဆိုပါကြောင်း။

မိမိတို့အနေဖြင့် လတ်တလော ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ ပူးပေါင်းအဖြေရှာဆောင်ရွက်သွားရန်နှင့် ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ဆက်သွယ်ရေးဖြစ်ထွန်းစေနိုင်မည့် တွန်းအားသစ်တစ်ရပ်ကို ဖော်ဆောင်သွားရန် လိုအပ်ကြောင်း။

မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ဆက်သွယ်မှုတစ်ရပ်ကို ဖော်ဆောင်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင်းပင်းမှ အဆိုပြုခဲ့သော Belt and Road Initiative ကို ကြိုဆိုပါကြောင်း၊ ယင်းအစီအမံသည် ကမ္ဘာ့နိုင်ငံများအကြား ပေါင်းစပ်ဆက်သွယ်ရာတွင် အဓိက ဘောင်တစ်ရပ်အဖြစ် ဖော်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့အနေဖြင့် ပိုမိုပေါင်းစည်းပြီး တည်ငြိမ်မှုမြင့်မားသည့် စီးပွားရေးကို ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်းကို ထူထောင်လျက်ရှိရာ လတ်တလော ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများကို ကြံ့ကြံ့ခံရပ်တည်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အေပက်အဖွဲ့အစည်းအနေဖြင့် အောင်မြင်မှုရှိသည့် စီးပွားရေးအဖွဲ့အစည်းအဖြစ် ၂၇ နှစ်ကျော် ရပ်တည်လျက်ရှိရာ ရေရှည်တည်တံ့သော၊ အများပါဝင်သော စီးပွားရေးစနစ်တစ်ရပ်အတွက် အတွေ့အကြုံများကို ရယူလိုပါကြောင်း၊ အထူးသဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အေပက်၏ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့မှု၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ပေးမှုတို့ကို လေ့လာသွားလိုပါကြောင်း။

အာဆီယံအသိုက်အဝန်းအနေဖြင့် ပြည်သူလူထုကို အခြေခံသော၊ ပြည်သူလူထုကို ဦးစားပေးသော၊ လူမှုရေးအရ တာဝန်ခံသော အသိုက်အဝန်းကို ဖော်ဆောင်သွားရန်ရှိပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အများပါဝင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်နိုင်ရေးအတွက် ပညာရေး၊ အမျိုးသမီးများနှင့် လူငယ်များအတွက် သင့်တင့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ကျန်းမာသော လူနေမှုဘဝ၊ ကျား/မ သဟဇာတဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့အပြင် မိုက်ခရို အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ စံချိန်စံနှုန်းပြည့်မီရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေး၊ တီထွင်ကြံဆမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့်အမျိုးသမီးများနှင့် လူငယ်စီးပွားရေးလုပ်ငန်းရှင်များကို အားပေးဖော်ဆောင်သွားနိုင်ရေးအတွက် အတွေ့အကြုံများ ဖလှယ်သွားရန် လိုအပ်ကြောင်း။

အာဆီယံနှင့် အေပက်အနေဖြင့် ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ မျှော်မှန်းချက်ကိုလည်း အတူတကွ ပူးပေါင်းအကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

အာရှနှင့် ပစိဖိတ်ဒေသသည် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သည့် အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ လူကုန်ကူးမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် အစရှိသည်တို့နှင့် ရင်ဆိုင်လာနေရကြောင်း၊ ထို့ကြောင့် ယင်းစိန်ခေါ်မှုများကို အတူလက်တွဲအဖြေရှာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်ကြံဆမှု အားပေးရေး၊ စီးပွားရေး အခြေခံကောင်းများ ဖန်တီးပေးရေး၊ အမျိုးသမီးစွမ်းဆောင်ရှင်များ အားပေးရေး၊ သဘာဝသယံဇာတများ ထိန်းသိမ်းရေး၊ တရားမဝင်သယံဇာတများ ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံ တုံ့ပြန်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အာဆီယံနှင့် အေပက်အနေဖြင့် အဓိပ္ပာယ်လေးနက်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အာရှနှင့်ပစိဖိတ်ဒေသကို ပြည်သူလူထုကို ဗဟိုပြုသည့်၊ ပေါင်းစပ်ဆက်သွယ်မှုရှိသည့်၊ ပိုမို ပေါင်းစည်းသည့် ဒေသအဖြစ်သို့ ပြောင်းလဲသွားနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။ ။ **သတင်းစဉ်**

# မြန်မာပြည်သူတို့နှင့် ဗီယက်နမ်ပြည်သူတို့အကြား...

**မောင်းဆက်**

**ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလအတွင်းမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကိုလိုနီနယ်ချဲ့လက်အောက်ခံ နိုင်ငံများအကြား၊ ကွန်မြူနစ်ဝါဒဟာ အလွန်ခေတ်စားပါတယ်။ ဆင်းရဲမွဲတေ ဖိနှိပ်ခံ အလုပ်သမား လူတန်းစားနဲ့ နင်းပြားများရဲ့ ထွက်ရပ်လမ်းအဖြစ် ကွန်မြူနစ်စနစ်ကို လေ့လာလိုက်စားကြပြီး အကောင်အထည်ဖော်ကြဖို့ တိုးတက်တယ်ဆိုတဲ့ လူငယ်များအကြားမှာ အိပ်မက်တွေမက်ခဲ့ကြပါတယ်။ လူတန်းစား ကွဲပြားခြားနားမှုပပျောက်ပြီး ပစ္စည်းမဲ့ လူမွဲတို့အတွက် ထွက်ရပ်လမ်း လောကီချမ်းသာဘုံအဖြစ် စိတ်ကူးမျှော်မှန်းခဲ့ကြပြီး နိုင်ငံအသီးသီးမှာ ကွန်မြူနစ်ကလာပ်စည်းတွေ ဖွဲ့စည်းခဲ့ကြတာပါ။**

မြန်မာနိုင်ငံမှာ အဲဒီခေတ်အခါက ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး ခေါင်းဆောင်များဟာ ကွန်မြူနစ်စနစ်ကို စိတ်ကူးယဉ်ခဲ့ကြတာ အမှန်ပါပဲ။ ဒါဟာ မြန်မာနိုင်ငံက တိုးတက်တဲ့ လူငယ်များသာမဟုတ်ဘဲ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲထဲမှာ အပါအဝင်ဖြစ်နေကြတဲ့ နိုင်ငံတိုင်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ပါပဲ။

မြန်မာ၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား စတဲ့ အာရှနိုင်ငံတွေဟာ အလွန်တိုးတက် အားကောင်းတဲ့ ကွန်မြူနစ်အဖွဲ့အစည်းတွေ ရှိလာခဲ့ပါတယ်။

**ထိပ်တန်းကွန်မြူနစ်နိုင်ငံဖြစ်ခဲ့**

ကမ္ဘာမှာ ဗြိတိသျှနဲ့ ပြင်သစ်တို့ဟာ ကွန်မြူနစ်ကလာပ်စည်းတွေ ဖွဲ့စည်း ဦးဆောင်နိုင်ခဲ့ပေမယ့် တကယ် အကောင်အထည်ဖော်တဲ့နေရာမှာ အဲဒီတုန်းကတော့ ဆိုဗီယက်ယူနီယံက ထိပ်တန်းကွန်မြူနစ်နိုင်ငံဖြစ်ခဲ့တာပေါ့။

အဲဒီနောက်မှာ အတော့်ကို ကြီးကျယ်အင်အားရှိတဲ့ ကွန်မြူနစ်ပါတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ခဲ့တာက အာရှမှာ တရုတ်၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်တို့ ဖြစ်ပါတယ်။ အိန္ဒိယကွန်မြူနစ်ပါတီဟာလည်း ခေါင်းဆောင်ပါတီအဖြစ် ပေါ်ထွန်းခဲ့ပေမယ့် နိုင်ငံတစ်ခုလုံးအနေနဲ့ ခေါင်းဆောင်မှု ပေးနိုင်တဲ့ ပါတီအနေနဲ့ မဖြစ်ခဲ့ပါဘူး။

တကယ်တော့ ကွန်မြူနစ်ဝါဒဟာ အာရှမှာတင် မဟုတ်ပါဘူး။ ဒုတိယကမ္ဘာစစ်အပြီးမှာ ဆိုဗီယက်ရဲ့ ဩဇာနဲ့ အရှေ့ဥရောပနိုင်ငံများဟာ ကွန်မြူနစ်စနစ်ကို ထူထောင်ကြဖို့ ဖြစ်လာပြီး အမေရိကန်ဩဇာကြောင့် အနောက်ဥရောပနိုင်ငံများက အရင်းရှင်စနစ်ကို လိုက်ကြပါတယ်။

စနစ်နှစ်ခု ပြိုင်ဆိုင်ကြရာမှာ စစ်အေးကာလဆိုတဲ့ ခေတ်ကာလကြီး တစ်ခု ဖြစ်ပေါ်ခဲ့တဲ့အထိ ဆိုဗီယက် အမေရိကန် ယှဉ်ပြိုင်မှုက ကြီးကျယ်ခဲ့ပါတယ်။

**ကွန်မြူနစ်ဝါဒအပေါ် တိမ်းညွတ်မှု**

အဲဒီလို ကွန်မြူနစ်စနစ်နဲ့ အပြိုင်အဆိုင် ထူထောင်ကြတဲ့နေရာမှာ ကြာလာတာနဲ့အမျှ နိုင်ငံတွင်းက ပြည်သူလူထုအကြားမှာ ပေါ်ထွန်းလာတဲ့ အဓိကပြဿနာက ဒီမိုကရေစီပြဿနာဖြစ်လာပါတယ်။ အရင်းရှင် ဒီမိုကရေစီနဲ့ ဆိုရှယ်လစ် (ကွန်မြူနစ်)ဒီမိုကရေစီတို့ရဲ့ ကွာခြားမှုက သိသာထင်ရှားလာတော့ ပြည်သူတို့ရဲ့ ကွန်မြူနစ်ဝါဒအပေါ် တိမ်းညွတ်မှုဟာ အားလျော့လာပါတယ်။

ဒါကလည်း ကွန်မြူနစ်ဝါဒရဲ့ အခြေခံဖြစ်တဲ့ အလုပ်သမား လူတန်းစားရဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ထူထောင်ရမယ်ဆိုတဲ့ အချက်က ဒီမိုကရေစီနဲ့ ဗီလာဖြစ်လာပါတယ်။ ဘယ်လိုပဲပါတီတွင်း ဒီမိုကရေစီရှိတယ်ပြောပြော လက်တွေ့မှာ ပစ္စည်းမဲ့အာဏာရှင်ဆိုတာဟာ အာဏာရှိတဲ့ ခေါင်းဆောင်တွေရဲ့ ဗဟိုလွှမ်းမိုးမှု၊ ဗဟိုချုပ်ကိုင်မှုတို့က အခရာ ဖြစ်လာတာပါပဲ။

ဒါကြောင့်ပဲ ဦးဆောင်နိုင်ငံကြီးဖြစ်တဲ့ ဆိုဗီယက်ယူနီယံကစလို့ မအောင်မြင်မှုတွေဖြစ်ပြီး အရှေ့ဥရောပ တစ်လွှားက ဆိုရှယ်လစ် (ကွန်မြူနစ်) နိုင်ငံများမှာ ဒီမိုကရေစီ အပြောင်းအလဲများဖြစ်ပေါ်ခဲ့တာ သမိုင်းတစ်ခုပါပဲ။

အဲဒီထဲမှာ ကွန်မြူနစ်ဝါဒကို ဆက်လက်ထိန်းသိမ်းရင်း ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးဩဇာကိုလည်း နေရာမရွေ့ ဆက်လက်တည်တံ့စွာ အောင်မြင်အောင် ထိန်းသိမ်းထားနိုင်ခဲ့တာကတော့ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။

**ပြန်လည်ထူထောင်**

ဗီယက်နမ်နိုင်ငံဟာ ကွန်မြူနစ်ဝါဒကို အကောင်အထည်ဖော်ရာမှာ ထင်ရှားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံဟာ နှစ်ပေါင်းများစွာ ပြင်သစ်နဲ့ အမေရိကန်နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်ခဲ့ရပြီး စစ်ဘေး စစ်ဒဏ်များကြားကနေ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြရတာ ဖြစ်ပါတယ်။

အမေရိကန်လို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်က ကမ္ဘာပေါ်မှာ ထိပ်တန်းရောက်နေတဲ့ နိုင်ငံကို စိတ်ဓာတ်ပြင်းပြင်းနဲ့ လွတ်လပ်ရေးရတဲ့အထိ အောင်မြင်အောင် တော်လှန်ရတာဟာ အလွန်ခက်ခဲပင်ပန်းတဲ့ ခရီးလမ်းဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်မှာ လူတန်းစားရပ်တည်ချက်နဲ့ မာ့က်စ်ဝါဒကို ဆက်လက်အကောင်အထည်ဖော်ရေးဆိုတဲ့မူကို မပြောင်းလဲဘဲ ဈေးကွက်စီးပွားရေးစနစ်ကို ကွန်မြူနစ်စနစ်နဲ့ အံဝင်အောင် လက်တွေ့ကိစ္စများပေါ်မှာ အာရုံစိုက်အလုပ်လုပ်လိုက်ပါတယ်။ ဗီယက်နမ်ပြည်သူလူထုကလည်း ခေါင်းဆောင်များပေါ်မှာ အပြည့်အဝ ယုံကြည်စွာနဲ့ အလုပ်လုပ်ကြပါတယ်။ စစ်ပွဲကြီးများကို ဆင်နွှဲတိုက်ပွဲဝင်စဉ်ကလိုပဲ အားလုံး အင်အားစိုက် အလုပ်လုပ်ကြပါတယ်။

**ဈေးကွက်ကိုရအောင်ထိုးဖောက်**

နောက်တစ်နည်းဆိုရရင် ဗီယက်နမ်ပြည်သူလူထုဟာ ပါးနပ်ပါတယ်။ အမေရိကန်နယ်ချဲ့၊ ဥရောပအရင်းရှင်များကို နှစ်ပေါင်းများစွာ ဆန့်ကျင်လာခဲ့ပေမယ့် လက်တွေ့အကျိုးစီးပွားပေါ်ကို မျက်ခြည်မပြတ်အောင် သတိထားပါတယ်။ အမေရိကန်နဲ့ ဥရောပတို့ရဲ့ စိတ်ဝင်စား မျက်စိကျမယ့် သူတို့ရဲ့ ဈေးကွက်ကိုရအောင်ထိုးဖောက်ခဲ့ပါတယ်။

နိုင်ငံရေးအယူဝါဒတွေမှာ ပါတီကို နိုင်နိုင်နင်းနင်းကိုင်ထားပြီး စီးပွားရေးမှာ နိုင်ငံတကာနဲ့ သံတမန်ရေးကို ဂရုတစိုက်အသုံးချခဲ့ပါတယ်။ ပြည်သူတွေကလည်း အလုပ်ကို အမှန်တကယ်ကြိုးစား လုပ်ကိုင်သူများ ဖြစ်တယ်ဆိုတာကို ရလဒ်များက သက်သေပြနေပါတယ်။ ဒီကနေ့မှာ ဗီယက်နမ်ဟာ ဆန်ထုတ်လုပ်မှု၊ အခြားစိုက်ပျိုးရေးလုပ်ငန်းများမှာ ထိပ်သီးနိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။

လာဘ်ပေးလာဘ်ယူမှုများကို လုံးဝကင်းရှင်းသည်အထိ မဖြေရှင်းနိုင်သေးဘူးဆိုသော်လည်း အလွန်ချမ်းသာကြွယ်ဝတဲ့ ခေါင်းဆောင်ကြီးတွေ၊ အစိုးရအရာရှိကြီးတွေ မရှိတာက နိုင်ငံဖွံ့ဖြိုးတိုးတက်တာ ဘာဆန်းလဲလို့ ဆိုရမယ်ထင်ပါတယ်။

**တွေ့ဆုံပွဲတက်ရောက်**

အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ဖို့ ဖိလစ်ပိုင်နိုင်ငံကို သွားတဲ့ခရီးမှာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့ သမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်ရဲ့ ဖိတ်ကြားချက်နဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံ ခေါင်းဆောင်များနဲ့ အာရှ- ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲ တက်ရောက်ဖို့ ဗီယက်နမ်နိုင်ငံမှာ ရောက်ရှိနေပါတယ်။

အထက်မှာ ပြောခဲ့သလို ဗီယက်နမ်နိုင်ငံဟာ အတုယူစရာတွေ အများကြီးရှိတဲ့ နိုင်ငံပါ။ စစ်ဘေးစစ်ဒဏ်ခံပြာပုံဘဝကနေ ကိုယ့်ယုံကြည်ချက် နိုင်ငံရေးလမ်းစဉ်ကို ကိုင်ဆွဲရင်း မတူညီတဲ့ နိုင်ငံရေးအယူအဆတွေ (ပွင့်ပွင့်လင်းလင်းပြောရရင် စီးပွားဖက် အတူလုပ်ရမယ့် နိုင်ငံကြီးများက ဖယ်ကြဉ်ချင်ကြတဲ့ နိုင်ငံရေးလမ်းစဉ်) ကြားကနေ သံတမန်ဆက်ဆံရေးကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချရင်း စီးပွားရေးအရ ထိပ်ပိုင်းကို တဖြည်းဖြည်းချင်းတက်လာနေတဲ့ နိုင်ငံပါ။

**နှစ်နိုင်ငံဆက်ဆံရေးထိန်းသိမ်း**

အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီယက်နမ်ခရီးမှာ နှစ်နိုင်ငံကြားက အတုယူစရာတွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူညီစောင့်ရှောက်စရာတွေကို ဖလှယ်ဆွေးနွေးကြရင်း ပိုမိုချစ်ကြည်ကောင်းမွန်တဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဗီယက်နမ်ဟာ နှစ်တိုအတွင်း အောင်မြင်တိုးတက်လာတယ်ဆိုရာမှာ အဓိကအားဖြင့် ခေါင်းဆောင်တို့ရဲ့ ဉာဏ်အမြော်အမြင်နဲ့ ပါးနပ်မှုအပြင် နိုင်ငံကို တစ်စုတစ်စည်းတည်း၊ တစ်သံတည်းဖြစ်အောင် စည်းရုံးနိုင်မှုက ရှေ့တန်းရောက်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဆိုတာဟာလည်း နိုင်ငံနဲ့ မြန်မာပြည်သူတို့ရဲ့ အကျိုးစီးပွားသာမက နိုင်ငံတကာ ပြည်သူများရဲ့ အရေး၊ နိုင်ငံတကာ ငြိမ်းချမ်းရေးတို့ကိုပါ ရှေးရှုပြီး ရေရှည်အကျိုးကို မျှော်ကြည့်တတ်တဲ့ အမြော်အမြင်ကြီးတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ပါတယ်။

ဒါကြောင့် အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီယက်နမ်ခရီးမှာ ဗီယက်နမ်ပြည်သူတို့နဲ့ မြန်မာပြည်သူတို့ကြားက ချစ်ကြည်ဆက်ဆံရေးကို အရှည်တည်တံ့ပြီး တိုးတက်ကောင်းမွန်တဲ့ သဘောတူညီမှုများ တည်ဆောက်ရပ်တည်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရမ်ဒိုင်ကွမ်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် ၂၀ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့် အဆိုများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ကော်မတီ အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၀** - ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးသိန်းတန်၊ ဦးငြိမ်းသစ်နှင့် ဦးနိုင်ထူးအောင်တို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူလူထု စုစုပေါင်း ၂၇၀ တက်ရောက် လေ့လာခဲ့သည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက် လေ့လာသူပေါင်း ၃၂၉၄ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ဆွေးနွေးဆုံးဖြတ် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု




ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင်ပါဝင်သော သုံးငွေစိစစ်လျှော့ချမှုအပါအဝင် တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ သဘောထားရယူ၍ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

### အစိုးရငွေတိုက်စာချုပ်များ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေကို ပြည်တွင်းမှ ငွေချေးယူခြင်းဖြင့် ဖြည့်ဆည်းရာတွင် အစိုးရငွေတိုက် လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းလျက်ရှိပါကြောင်း၊ အစိုးရ ငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များကို လေလံစနစ်ဖြင့် ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ငွေချေးယူခြင်းကို တဖြည်းဖြည်းလျှော့ချနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် မတ်လ စာရင်းပိတ်ချိန်တွင် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း လိုငွေအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဖြည့်ဆည်းပေးခဲ့ရသည့် အခြေအနေအရ မူလအတည်ပြုထားသည့် လျာထားချက် ငွေကျပ် ၁၂၃၆ ဘီလီယံထက် ငွေကျပ် ၅၅၃ ဒသမ ၅၃၄ ဘီလီယံ ကျော်လွန်ခဲ့ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ ချေးယူငွေအား ပြန်လည်ရွှေ့နုတ်ခြင်းမပြုခဲ့ပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ အသားတင် ချေးယူရသည့် ပမာဏသည် ငွေကျပ် ၁၂၁၃ ဒသမ ၃ ဘီလီယံသာ ဖြစ်သဖြင့် မူလ လျာထားသည့် ပမာဏငွေကျပ် ၁၂၃၆ ဘီလီယံထက် ကျော်လွန်မှု မရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ ချေးယူရမှုသည် မူလလျာထားသည်ထက် ကျော်လွန်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ပချေးငွေသည် ငွေကျပ် ၁၂၆၂ ဘီလီယံဖြစ်ပြီး ပြည်တွင်းမှ အမှန်တကယ် အသားတင်ချေးယူငွေသည် ငွေ ကျပ် ၃၅၅၈ ဘီလီယံဖြစ်သဖြင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အများဆုံး ချေးယူနိုင်သည့် ပမာဏ ငွေကျပ် ၅၀၀၀ ဘီလီယံထက် ကျော်လွန်မှုမရှိပါကြောင်းနှင့် လျာထားသည့် အချိုးအစားများသာ ပြောင်းလဲခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ကျသွားရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ရယူထားသည့် ကြွေးဟောင်းတချို့တစ်ဝက်ကို ပြန်လည် ရွှေနုတ်နိုင်ခဲ့သဖြင့် အစိုးရ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုး အထိုက်အလျောက် သက်သာသွားခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းဖြင့် အသားတင်ဖြည့်ဆည်းမှုသည် မူလလျာထား သည့် ပမာဏထက် ကျော်လွန်မှုမရှိခြင်း၊ စုစုပေါင်း ချေးယူသည့်ပမာဏသည် ပြည်တွင်း၊ ပြည်ပမှ အများသုံးချေးယူခွင့်ပမာဏထက် ကျော်လွန်မှုမရှိခြင်းတို့ကို တွေ့ရှိရမည်ဖြစ်ကြောင်း။ ထို့ပြင် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေအနေအပေါ် အပြုသဘောဆောင်သည့် ရလဒ်များရရှိနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းကလည်း လွှတ်တော်သို့ ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ထောက်ခံအကြံပြု

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

**ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် ၁၁ မှ ဦးဇေ့တင်း** က ၂၁ ရာစုတွင် စီးပွားရေးနှင့် ပတ်သက်၍ အကြီးမားဆုံးစိန်ခေါ်မှုမှာ ဆင်းရဲချမ်းသာကွာဟလွန်းခြင်းပင်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ချမ်းသာသောသူများက ပို၍ပင်ချမ်းသာပြီး ဆင်းရဲသောသူများက ပို၍ ဆင်းရဲလေဖြစ်ခဲ့ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးရေးအစီရင်ခံစာအရ ၁၈၇ နိုင်ငံအနက် နံပါတ် ၁၅၀ တွင် ချိတ်ပြီး LDC စာရင်းတွင် ပါဝင်နေဆဲဖြစ်ပါကြောင်း။ လက်ရှိကုလသမဂ္ဂက သတ်မှတ်ထားသည့်ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံပေါင်း ၄၈ နိုင်ငံထဲတွင် မြန်မာနိုင်ငံပါဝင် နေသေးသည်ကို သိရှိရပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့ပြဿနာရှိနေသရွေ့ ရွှေ့ပြောင်းအလုပ်သမားများကိစ္စသည် နောင်လည်းရှိနေဦးမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် အခန်း(၈) ခန်းပါဝင်ကြောင်း။

၂၀၁၅ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ILO ၏ ကိန်းဂဏန်းအရ ကမ္ဘာ့စီးပွားရေး၏ ၄၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးအလုပ်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ် သမားအများစုသည်လည်း စိုက်ပျိုးရေးအလုပ်အကိုင်များကိုသာ အများဆုံး လုပ်ကိုင်ရကြောင်း၊ သမားရိုးကျမဟုတ်သည့် အလုပ်သမားအများစုသည် ပုံမှန်အလုပ်မျိုးများမဟုတ်ဘဲ ဆင်းရဲနွမ်းပါးမှုရှိပါကြောင်း၊ လူမှုရေး၊ လုံခြုံရေး၊ စနစ်တကျမဟုတ်သည့် အလုပ်သမားများ၏ အခွင့်အရေးကို ဥပဒေအရ အသိအမှတ်ပြု ရှာဖွေပေးရမည်ဖြစ်ကြောင်း။

### အထူးအလေးပေးဆောင်ရွက်ရမည်

ILO ၏ ၂၀၀၅ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အမျိုးသား၊ အမျိုးသမီး၊ ကလေးလုပ်သား ၁၂ ဒသမ ၃ သန်းခန့် အဓမ္မစေခိုင်းခြင်းခံနေရသဖြင့် ထောက်ပြ ထားပါကြောင်း၊ အာဆီယံနိုင်ငံများကို လေ့လာကြည့်သည့်အခါ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမား အများဆုံးနေထိုင်ပြီး မလေးရှားနိုင်ငံသည် ဒုတိယအများဆုံးနေထိုင်ကြောင်း အချက်အလက်ကိန်းဂဏန်းများအရ သိရှိရပါကြောင်း၊ ယခုကဲ့သို့ ပွင့်လင်းမြင်သာသော ဒီမိုကရေစီ အစိုးရလက်ထက်တွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ** က မြန်မာနိုင်ငံအစိုးရအနေဖြင့် ရွှေ့ပြောင်းလုပ်သားအရေးကို နိုင်ငံတော်၏ အထူးဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် အသိအမှတ်ပြုပြီး ၎င်းတို့၏ အကာအကွယ်ပေးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများမှာ သွားရောက်လုပ်ကိုင်လျက်ရှိရာ ထိုင်းနိုင်ငံမဲခေါင်ဒေသတွင် အရေအတွက်အများဆုံးဖြစ်ပါကြောင်း၊ IOM နိုင်ငံတကာ လုပ်သားဆိုင်ရာအဖွဲ့အစည်း၏ အစီရင်ခံစာအရ ၁ ဒသမ ၄ သန်းရှိသည်ကို တွေ့ရပါကြောင်း။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနစာရင်းအရ မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းလုပ်သားများ၏ ၇၆ ရာခိုင်နှုန်းသည် မြန်မာလုပ်သားများဖြစ်ရာ ၃၉ ရာခိုင်နှုန်းသာ တရားဝင်လုပ်သားဖြစ်ပြီး ကျန် ၆၁ ရာခိုင်နှုန်းသည် တရားမဝင် လုပ်သားဖြစ်ကြောင်း၊ တရားဝင်ရွှေ့ပြောင်း လုပ်သားများဖြစ်ရေးအတွက် အဆင့်ဆင့်ပြင်ဆင်ပြုလုပ်ရာတွင် တရားဝင်လိုင်စင်ရ အေဂျင်စီ၏ လိမ်လည်ခြင်း၊ လိုင်စင်မရှိသည့် အေဂျင်စီအတုနှင့် တွေ့ဆုံရ၍ ငွေများဆုံးရှုံးနေကြောင်းနှင့် အဆိုးဆုံးသည် လူကုန်ကူးခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရခြင်းပင်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၃ မှ ဒေါ်ရွှေရွှေစိန်လတ်၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် ၁၀ မှ ဦးလားလ်မင်းထန်၊

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဟန်းဆိုင်ဒယ် ဖောင်ဒေးရှင်း (Hanns Seidel Foundation) ၏ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီဖက်ဒရယ်စနစ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်နှင့် Hanns Seidel Foundation တို့အကြား ကူညီပံ့ပိုးဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားအောင်ပွဲနေ့၏ အတိတ်ပုံရိပ်များ

—— ဒေါက်တာ အောင်သန်းဝင်း (အရှေ့တိုင်းပညာ) ——

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်မြင့်မားစွာဖြင့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကို စတင်လှုပ်ရှား ဆောင်ရွက်ခဲ့သည့် (၉၇) နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် သိမ်းပိုက်ရာ မြန်မာပြည်သူတို့အပေါ်၌ နိုင်ငံရေး ဖိနှိပ်မှု၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုများအပြင် နိုင်ငံနှင့်လူမျိုးတို့၏ အဓွန့်ရှည်စွာရပ်တည်လာသော အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုးစေသော၊ အသိပညာဆိုင်ရာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများကို သင်ကြားတတ်မြောက်စေသော အမျိုးသားပညာရေးတစ်ခုလုံးကို ဖျောက်ဖျက်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်တိုင်အောင် မြန်မာနိုင်ငံပညာရေးအတွက် တက္ကသိုလ်ဟူ၍ မရှိသေးဘဲ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ဟူ၍သာရှိပြီး ကိုလ်ကတ္တားတက္ကသိုလ်က ကျင်းပသော စာမေးပွဲကိုသာ ဖြေဆိုကြရသည်။ ထို့အပြင် အင်္ဂလိပ်အစိုးရက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို ပြဋ္ဌာန်းခဲ့သည်။

ထိုဥပဒေကြမ်းအရ တက္ကသိုလ်ပညာရေးကို မြန်မာတိုင်းရင်းသားများ သင်ယူနိုင်ခွင့် နည်းပါးခဲ့သည်။ မြန်မာနိုင်ငံသား ပညာတတ်များ မွေးထုတ်ပေးမည့်အစား လူနည်းစုတို့သာ တက္ကသိုလ်ဝင်ခွင့်ရစေ၍ အင်္ဂလိပ်အစိုးရ ကျွန်ပညာရေးစနစ်ကိုသာ အလေးထားခဲ့သည်။ ထို့အပြင် ယုဒသန်ကောလိပ်နှင့် ရန်ကုန်ကောလိပ်တို့ကို ပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်ကို ထူထောင်လိုက်ကြောင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်။

ထို့ကြောင့် ကျောင်းသားတို့က မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်) တွင် တက္ကသိုလ်ဥပဒေကို လုံးဝ ကန့်ကွက်ကြောင်း ကြွေးကြော်ခဲ့ရာမှ မြန်မာနိုင်ငံသမိုင်း အလှည့်အပြောင်းဖြစ်သော တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုသပိတ်ကြီးကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းများက ထောက်ခံခဲ့ကြသည်။

အဆိုပါကျောင်းသပိတ်ကို အကြောင်းပြု၍ အမျိုးသားကောလိပ်နှင့် အမျိုးသားတက္ကသိုလ်ဟူ၍ ပေါ်ပေါက်ခဲ့သည်။ အမျိုးသားကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုတို့ ဂုဏ်သိက္ခာပြန်လည်တက်လာခဲ့သည်။ အမျိုးသားရေး စိတ်ဓာတ်ခွန်အားများ နိုးကြားရှင်သန်လာကာ မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓာတ်ခွန်အား ဖြစ်ပေါ်လာမှုသည် အမျိုးသားနေ့၏ အသက်ဖြစ်ခဲ့သည်။

ထိုစဉ်က ကိုလိုနီကျွန်ဘဝတွင် ဗြိတိသျှတို့၏ အရှိန်အဝါကြီးနေဆဲဖြစ်သောကြောင့် **အမျိုးသားနေ့**ဟူသော နေ့ထူးနေ့မြတ်ရက်သတ်မှတ်ရာတွင် အမျိုးသားနေ့၏ အဓိပ္ပာယ်ပေါ်လွင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သော အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက်ဟု မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် မမေ့သင့်၊ မမေ့အပ်သော နေ့တစ်နေ့ဖြစ်သည်။ တစ်မျိုးသားလုံး နယ်ချဲ့လက်အောက်မှ ရုန်းထွက်နိုင်ရေး လှုံ့ဆော်ပေးနိုင်ခဲ့သည့် နေ့လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးအနေဖြင့် ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်၊ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် ရန်ကုန်ကောလိပ်နှင့် ဂျက်ဆင်ကောလိပ်ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ရာမှ တစ်နိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန် ပေါက်ဖွားလာခဲ့သည်။ ထိုအမျိုးသားရေး စိတ်ဓာတ်ဖြင့်ပင် သူ့ကျွန်ဘဝမှ ရုန်းထွက်နိုင်ခဲ့သည်။

အမျိုးသားရေးစိတ်ဓာတ်ဟူသည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို ကြီးပွားတိုးတက်စေလိုသော၊ ကာကွယ်စောင့်ရှောက်လိုသော၊ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြင့်တင်လိုသော စိတ်ဓာတ်ပင်ဖြစ်သည်။ နိုင်ငံသားအားလုံး၏ နှလုံးသည်းပွတ်တွင် ထိုအမျိုးသားရေးစိတ်ဓာတ်များ အစဉ် ကိန်းအောင်းနေစေရန် နှစ်စဉ်နှစ်တိုင်း နိုင်ငံတစ်ဝန်း အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလာခဲ့သည်မှာ ယခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျင်းပမည့် အမျိုးသားနေ့သည် (၉၇)နှစ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

ယနေ့အချိန်အခါသည် မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားကို အမြင့်ဆုံးမြှင့်တင်ရမည့် အချိန်ဖြစ်သည်။ အစိုးရ၊ လွှတ်တော်၊ ပြည်သူ့တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ စည်းလုံးညီညွတ်မှုနှင့်အတူ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအား ပြည့်ဝရန် လိုအပ်သည်။

ကိုလိုနီခေတ်က အမျိုးသားရေးစိတ်ဓာတ်ကို အပြင်းထန်ဆုံး မွေးမြူပြီး လွတ်လပ်ရေး ရယူနိုင်သကဲ့သို့ မျက်မှောက်ကာလတွင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားစေလိုသော အမျိုးသားရေးစိတ်ဓာတ်ကိုအပြင်းထန်ဆုံး မွေးမြူကာ အမြန်ဆုံး တိုးတက်အောင် ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ မျက်နှာပွင့်လန်းလာသည့် ယနေ့အချိန်အခါတွင် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာ အမျိုးသားရေးစိတ်ဓာတ်များ အရှိန်အဟုန်ပြင်းစွာ မွေးမြူပြီး နိုင်ငံတိုးတက်ရေး အားထုတ်ကြရမည်ဖြစ်သည်။

ကိုလိုနီအစိုးရ၏ ပညာရေးစနစ်မှာ ကျွန်ပညာရေးစနစ်သာဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီး လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်များကို ကိုလိုနီပညာရေးစနစ်က လိုအပ်သလိုပုံသွင်းပြီး မွေးထုတ်ပေးသည်။ စာရေး၊ စာချီနှင့် အောက်တန်းအရာရှိလောက်သာ ဖြစ်လာနိုင်သော ကိုလိုနီပညာရေးကိုပင် တိုင်းရင်းသားတို့အား ဖောဖောသီသီပေးသည်မဟုတ်။ ပညာတတ်အလုပ်လက်မဲ့မများရလေအောင် အထက်တန်းပညာကို အကန့်အသတ်ဖြင့် သင်ကြားစေလေသည်။ တိုင်းရင်းသားတို့ အမြင်ပွင့်လင်းလာမည်ကိုလည်း တတ်နိုင်သည့်နည်းဖြင့် တားဆီးပိတ်ပင်ထားလေသည်။

မျိုးချစ်ကျောင်းသားတို့ ရည်မှန်းသော အမျိုးသားပညာရေး၏ ရည်ရွယ်ချက်ကား မြန်မာဘာသာကို သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆိုရန်နှင့် ယင်းသို့ပြန်ဆိုခြင်းကို အားပေးရန်၊ တိုင်းပြည်တိုးတက်ကြီးပွားရာ ကြီးပွားကြောင်း ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုသော ပညာရပ်များကို သင်ကြားရန် မြန်မာစာနှင့်တကွ မြန်မာ့ယဉ်ကျေးမှု အစုစုတို့ကို ပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ်များ တဖွားဖွား နိုးကြား တက်ကြွလာစေရန်တို့ ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် သပိတ်မှောက်ကောလိပ်ကျောင်းသားအများစုမှာ အမျိုးသားကျောင်းဆရာများ ဖြစ်လာကြသည်။ သူတို့၏ ကိုယ်ကျိုးစွန့်မှုနှင့် အမျိုးကိုချစ်သော စိတ်ဓာတ်သည် အံ့သြဖွယ်ပင် ဖြစ်သည်။ ထိုအချိန်က ၁၀ တန်းအောင်လျှင် မြို့အုပ်ဖြစ်နိုင်၍ လခက ကျပ် ၂၀၀ ရသည့်ခေတ်၊ စာမေးပွဲအောင်သည်နှင့် အလုပ်တန်း၍ရသည့်အခါဖြစ်သည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရသူဖြစ်ပါက သမီးရှင်များကပင် ရွှေငွေတင်၍ တောင်းရသည့်အခါဖြစ်သည်။ ထိုသို့သော အခွင့်အရေးများကို စွန့်လွှတ်ပြီး အမျိုးသားကျောင်းဆရာအဖြစ် ဝင်ရောက်ထမ်းရွက်ကြခြင်းမှာ ကြီးမားသော နိုင်ငံချစ်စိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကို မျှော်ကိုး၍ သူတို့၏ လက်ငင်းအကျိုးစီးပွားကို စွန့်ခြင်းသာ ဖြစ်သည်။ အမျိုးသားကျောင်းဆရာများသည် ဆရာဘဝမှထွက်၍ အစိုးရအမှုထမ်း၊ အရာထမ်းဝင်လုပ်လျှင် သို့မဟုတ် အရောင်းအဝယ်လုပ်လျှင် အမျိုးသားကျောင်းဆရာဝင်ငွေထက် များစွာ သာလွန်အောင် ရနိုင်သော်လည်း အမျိုးသားအရေးကို ရှေးရှု၍ ကိုယ်ကျိုးစွန့်ကာ တစ်သက်လုံး အမျိုးသားကျောင်းဆရာဘဝဖြင့် အရိုးထုတ်ခဲ့ကြလေသည်။

> “ကိုလိုနီခေတ်က အမျိုးသားရေးစိတ်ဓာတ်ကို အပြင်းထန်ဆုံး မွေးမြူပြီး လွတ်လပ်ရေးရယူနိုင်သကဲ့သို့ မျက်မှောက်ကာလတွင် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးက နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားစေလိုသော အမျိုးသားရေး စိတ်ဓာတ်ကို အပြင်းထန်ဆုံး မွေးမြူကာ အမြန်ဆုံး တိုးတက်အောင် ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်”

၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီကောလိပ်ကျောင်း သပိတ်ကြီးသည် အိပ်မောကျနေသော မြန်မာအမျိုးသားများအား သူ့ကျွန်ဘဝတွင် နေရသည်ထက် **သေသော်မှတည့် ဩော်ကောင်း၏** ဟူသော အမျိုးသားရေးစိတ်ဓာတ် အမျိုးသားရေးအားမာန်များ ပြန်လည်နိုးကြားတက်ကြွစေရန် လှုံ့ဆော်ပေးခဲ့ရာ ယင်းသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်၍ အမှတ်တရ ဂုဏ်ပြုအပ်သည်မှာ ထင်ရှားလှပေသည်။

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှစ၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သော အထိမ်းအမှတ်အဖြစ်ဖြင့် နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး မြို့တိုင်း ရွာတိုင်း၌ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် တက်ကြွစွာ ဆင်ယင်ကျင်းပခဲ့ကြပေသည်။

ထိုနေ့ ထိုရက်သို့ ဆိုက်ရောက်တိုင်း ကျောင်းသားနှင့် ပြည်သူတို့သည် စည်းလုံးညီညွတ်စွာ လက်တွဲလျက် စီတန်းလှည့်လည်ခြင်း၊ ဆန္ဒပြခြင်း၊ ကျွန်စိတ် ကျွန်မွေးများကို ပယ်၍ သခင်စိတ် သခင်သွေးများ ပေါ်ပေါက်အောင် ဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ အမိနိုင်ငံ လွတ်မြောက်ရေးအတွက် သစ္စာဓိဋ္ဌာန်ပြုခြင်း စသည်တို့ကို ဆောင်ရွက်ကြလေသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားနေ့ကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (ခရစ်နှစ် ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပခဲ့သည်။ ထိုနေ့တွင် ရန်ကုန်မြို့ကန်တော်မင်္ဂလာပန်းခြံနှင့် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အနီး မြေကွက်လပ်တို့၌ အမျိုးသားနေ့ ကျင်းပရေးကော်မတီဝင်များဖြစ်ကြသော ဦးမောင်မောင်ကြီး (နောင်တွင် ဆာမောင်ကြီးအဖြစ် ထင်ရှားခဲ့သူ) က အမျိုးသားပညာရေးအကြောင်းကို ဟောကြားခဲ့၏။ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွသော လူငယ်တစ်ဦးကလည်း British Soldier Minus Gun equal to Zero ဟူသော ခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားခဲ့သောကြောင့် ဗြိတိသျှအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသားနေ့ ကျင်းပချိန်တွင် ဗြိတိသျှအစိုးရသည် ယင်းနေ့ကို တရားဝင် အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခြင်း မပြုခဲ့သောကြောင့် အမျိုးသားခေါင်းဆောင်ကြီးများဖြစ်သော ဦးဖိုးကျား (အမျိုးသားပညာဝန်)၊ ဦးစိုးဝင်း၊ ဦးထွန်းညို စသည့် ပုဂ္ဂိုလ်ကြီးများက ကျောင်းပိတ်ရက်မဟုတ်သော်လည်း မြန်မာနိုင်ငံလုံးရှိ အမျိုးသားကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများအား တက်ကြွနိုးကြားစွာ ပါဝင်ဆင်နွှဲရန် ကြိုးပမ်း လှုံ့ဆော် စည်းရုံးဆောင်ရွက်ခဲ့သောကြောင့် အခက်အခဲအမျိုးမျိုးကြားမှပင် ပထမဦးဆုံးသော မြန်မာနိုင်ငံ၏ အမျိုးသားအောင်ပွဲနေ့ကြီးကို နေရာဒေသအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အမျိုးသားနေ့ကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (ခရစ်နှစ် ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်) နေ့မှစတင်၍ နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ ကျရောက်သည့် အခါတိုင်း၌ အမျိုးသားကျောင်းများက ဦးဆောင်ကျင်းပခဲ့ကြသည်။ အမျိုးသားကျောင်းများက နှစ်စဉ် ဦးဆောင်ကျင်းပခဲ့သော်လည်း နယ်ချဲ့အစိုးရက ဦးဆောင်ဖွင့်လှစ်နေသော အစိုးရကျောင်းများတွင်မူ ပြုလုပ်ကျင်းပခြင်း မပြုခဲ့ပေ။ အမျိုးသားရေးကိုလည်း ဗြိတိသျှနယ်ချဲ့အစိုးရက တရားဝင် အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခြင်း မပြုခဲ့ပေ။ ခရစ်နှစ် ၁၉၃၄ ခုနှစ် (မြန်မာနှစ် ၁၂၉၆ ခုနှစ်) တွင် ဗြိတိသျှအစိုးရ၏ ဒိုင်အာခီအုပ်ချုပ်ရေး အစိုးရအဖွဲ့၌ ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီးဖြစ်လာချိန်တွင် အမျိုးသားနေ့ဖြစ်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့အား ကျောင်းများအားလုံးကို ပိတ်ပေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် မြန်မာနှစ် ၁၂၉၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (ခရစ်နှစ် ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)၊ သောကြာနေ့တွင် ပြုလုပ်ကျင်းပခဲ့သော အမျိုးသားနေ့တွင် အမျိုးသားကျောင်းများက ဦးဆောင်၍ ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ၁၉၃၇ ခုနှစ် (မြန်မာနှစ် ၁၂၉၉ ခုနှစ်) တွင် ဒေါက်တာဘမော်သည် ၉၁ ဌာန အုပ်ချုပ်ရေး၏ နန်းရင်းဝန် (ဝန်ကြီးချုပ်) ဖြစ်လာချိန်၌ မြန်မာနှစ် ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျရောက်သော အမျိုးသားနေ့ကို မြန်မာနိုင်ငံ၏ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် အမျိုးသားနေ့ကို မြန်မာတစ်မျိုးသားလုံး ပါဝင်စုပေါင်း ကျင်းပဆင်နွှဲခဲ့ကြသည်။

ခရစ်နှစ် ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက် (မြန်မာနှစ် ၁၂၉၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) သောကြာနေ့တွင် ကျရောက်သော (၁၁) ကြိမ်မြောက် အမျိုးသားနေ့၏ စီတန်းလှည့်လည်ပွဲကို ရေနံချောင်းမြို့ ရေနံမြေအလုပ်သမားများပါ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ညနေ ၄ နာရီခွဲအချိန်တွင် စတင်ကျင်းပခဲ့သည်။ ရှေ့ဆုံးတွင် မင်္ဂလာစည်တော်အဖွဲ့၊ နောက်မှ ဇန္နုလဝတ်စုံဝတ်ဆင်ထားသော မြန်မာမြင်းစီးစစ်ဗိုလ်၊ ယင်း၏နောက်မှ မြန်မာဘုရင်မင်းမြတ်နှင့် သိုင်းကိုင်၊ ကျိုင်းကိုင်များ၊ မှူးကြီးမတ်ရာအမှုထမ်းများ၊ ယင်းနောက်တွင် ရေနံချောင်း၏ အမျိုးသားအထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက အမိမြန်မာပြည်ဝတ်စုံဆင်မြန်း၍ မြန်မာ့ဒေါင်းအလံကြီးကို ကိုင်ဆောင်လိုက်ပါပုံ၊ ယင်းအမိမြန်မာပြည်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဇန္နုလဝတ်စုံဖြင့် ရဲမက်နှစ်ဦးစီ ခြံရံလိုက်ပါပုံ၊ ယင်းနောက်မှ ကျောင်းသူကျောင်းသားများ၊ မြို့သူမြို့သားများက ကြွေးကြော်သံများ၊ သံချပ်များ၊ သံပြိုင်သီဆို လိုက်ပါခဲ့ကြသည်။ နောက်ဆုံးတွင် ရေနံမြေအလုပ်သမားများက မီးတုတ်များကိုင်ဆောင်လျက် ချီတက်လိုက်ပါ၍ အောင်မြင်စွာ ဆင်နွှဲခဲ့ကြသည်။

(၁၁) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နေ့လယ်ပိုင်း၌ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းခန်းမ၌ မြန်မာတိုင်းရင်းဖြစ်ကိုသာ ဝတ်ဆင်သင့်သည် ဟူသော ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ၏ စကားရည်လုပွဲ အခမ်းအနားကို ဂုဏ်ပြုကျင်းပခဲ့သည်။

*စာမျက်နှာ ၉ သို့*

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ★ တိုင်းရင်းသားအားလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- ★ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

❖ *ကျောဖုံးမှ*

ဦးတည်ချက် ၅ ရပ် ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊ စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက် ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ ချမှတ်ထားပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် ၁၂ ချက် ချမှတ်ထားကာ ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီကို အထောက်အကူပြုရန်အတွက် ဆပ်ကော်မတီ ၉ ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော် ကျင်းပသွားရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြီး နိုင်ငံရေးအနှစ်သာရပြည့်စုံစွာဖြင့် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအလိုက် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်း အစီအစဉ်နှင့် ညနေပိုင်း အစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်းခွဲခြား ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များနှင့် ပြည်တွင်းပြည်ပက အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သဖြင့် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ယခုနှစ်တွင် ချို့ယွင်းချက် အားနည်းချက်များ မရှိစေရန်နှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန် ကော်မတီအားလုံးက စေ့စေ့စပ်စပ်ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဆပ်ကော်မတီ ၉ ခု ဖြစ်သည့် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ နိုင်ငံတော် သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်း အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆပ်ကော်မတီများ အလိုက် အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဥက္ကာမင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဒေါ်အိအိပြုံး၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာ ခွန်ဝင်း သောင်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်နှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က အပြုသဘောဆောင်ပြီး ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ မြှင့်တင်နိုင်ရန်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအတွင်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများနှင့်အညီ သဘောတူညီချက်ပါ သတ်မှတ်ဖော်ပြထားသည့် ကတိကဝတ်များကို ကျင့်ဝတ်အရ လေးစားလိုက်နာနိုင်ရန်အတွက် ရေးဆွဲထားသည့် သဘောတူညီချက်ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးနိုင်ပါက ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက် ထွက်ပေါ်လာမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စံသတ်မှတ်ချက်တစ်ခု ထွက်ပေါ်လာမည် ဖြစ်ပါကြောင်း။

ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့်လည်း အာဆီယံဒေသတွင်း ရွှေ့ပြောင်းသွားလာသည့်အခါ အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် Hanns Seidel Foundation ဌာနေကိုယ်စားလှယ် Mr. AchimMunz နှင့် အဖွဲ့အား လက်ခံ တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ဌာနေကိုယ်စားလှယ် Mr. AchimMunz နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လွှတ်တော်ရေးရာစာစောင်များကို ပေးအပ်လိုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ နိုဝင်ဘာ ၉ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၅-၉-၂၀၁၇)ရက်မှ (၂၀-၁၀-၂၀၁၇)ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း ခြောက်ဦး၊ အထွေထွေ ၁၀ ဦး ပေါင်း ၁၈ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူလေးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၆၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၃၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၈၆ ဦးအား အသိအမှတ်ပြု လက်မှတ်များကို စိစစ်ခွင့်ပြုပေးခဲ့သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**သထုံမြို့ ကွန်ပျူတာ တက္ကသိုလ်တွင် နိုဝင်ဘာ ၁၀ ရက်က ကျင်းပသော ကလေးစာပေပွဲတော်၌ မူခင်း အသိပညာပေးယာဉ်ဖြင့် ကျောင်းသားကျောင်းသူများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းက မူခင်း အသိပညာပေး ဟောပြောစဉ်။**

နန္ဒကျော်စွာ



*စာမျက်နှာ ၈ မှ*

မြန်မာတိုင်းရင်းဖြစ်ကိုသာ ဝတ်ဆင်သင့်သည် ဟူသော အဆိုကို ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်းက တင်သွင်းပြောဆိုခဲ့သည်။ ယင်းအဆိုကို ချေပပြောဆိုသော ကျောင်းသားက အဆိုရှင်ဘက်မှ လူတစ်စုက တိုင်းရင်းဖြစ်အဝတ်အထည်များကို ဝတ်ဆင်သင့်သည်ဟူ၍ ပြောဆိုခြင်းသည် အသံကောင်းဟစ်နေမှု သက်သက်ဖြစ်ပါတယ်။ အဆို တင်သွင်းသွားသော ကျောင်းသားကိုအောင်ဆန်း ကိုယ်တိုင် သူဝတ်ဆင်ထားသော ရုပ်အင်္ကျီအောက်မှာ နိုင်ငံခြားဖြစ်စွပ်ကျယ်ကို ဝတ်ဆင်ထားပါတယ် ဟူ၍ ချေပပြောဆိုခဲ့သည်။ ထိုအခါ အဆိုရှင်ကျောင်းသား ကိုအောင်ဆန်းက မည်သို့မျှ ပြန်လည် ပြောဆိုခြင်းမပြုဘဲ မိမိထိုင်နေသော ကုလားထိုင်ထက်၌ ခြေစုံရပ်လျက် သူဝတ်ဆင်ထားသော ဖျင်ရုပ်အင်္ကျီကို ဦးခေါင်းမှ ဆွဲချွတ်လိုက်သည်။ ထို့နောက် သူ၏ နံရိုးပြိုင်းပြိုင်း ကိုယ်ခန္ဓာအား ရှုတည်တည်ဖြင့် လှည့်ပြသလိုက်သည့်အခါ တက်ရောက်နားထောင်နေသော ကျောင်းသား ကျောင်းသူများနှင့် လူထုပရိသတ်ကြီးက ပွဲကျသွားသည်။ လက်ခုပ်သြဘာတီး အားပေးခဲ့ကြသည်။ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အထက်တန်းကျောင်းသားဘဝကတည်းကပင် ဤကဲ့သို့ ရိုးသားဖြောင့်မတ်သောသူ ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားနေ့သည် လွန်ခဲ့သော ၉၆ နှစ်က မြန်မာတစ်မျိုးသားလုံး၏ ညီညွတ်စုစည်းသော အမျိုးသားရေး စွမ်းပကားဖြင့် ကိုလိုနီနယ်ချဲ့တို့၏ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို ဆန့်ကျင်ဖယ်ရှားပစ်နိုင်ခဲ့သော အောင်ပွဲနေ့ဖြစ်သည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျင်းပမည့် **(၉၇)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့** ကို နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး ဟူသည့် ဦးတည်ချက်များဖြင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအားမာန်အပြည့်အဝ စိုက်ထုတ်၍ ကျင်းပသွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## အမျိုးသားနေ့ဂုဏ်ပြု မူကြိုအရွယ် ရင်သွေးငယ်များ ကဗျာရွတ်ပြိုင်

**ပုဇွန်တောင် နိုဝင်ဘာ ၁၀**

(၉၇)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူကြိုအရွယ် ရင်သွေးငယ်လေးများ၏ ကဗျာရွတ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးရဲနောင်ချစ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါ်ခင်လပြည့်ဝင်းက အမျိုးသားနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရင်သွေးငယ်လေးများအား ဟောပြောဆွေးနွေးကာ မူကြိုကလေးငယ်လေးများက ဂုဏ်ပြုကဗျာများကို ရွတ်ဆိုယှဉ်ပြိုင်ကြသည်။

ယင်းနောက် မူကြိုအရွယ် ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ရင်သွေးငယ်လေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်ကြောင်း မိုး/ဇလ ဦးစီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူငွေလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဦးဆောင်၍ "မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း"မှ လှူဒါန်းငွေကျပ် ၅၅ သိန်းနှင့် "ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)"မှ လှူဒါန်းငွေကျပ် ၅၅ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၁၁၀ အား ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မောင်မောင်မြင့်က လက်ခံရယူသည်။**(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် စန်းဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်နေသည့်ကိစ္စများ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ Minister Counsellor, Mr. Johan Hallenborg က ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ရှိ အရေး ကိစ္စများကို စနစ်တကျကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသော သက်ဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်နေသည့် ကိစ္စများ၊ လူသားချင်း စာနာထောက်ထားသော အကူအညီများ ကူညီရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေသော UEHRD ၏ လုပ်ငန်းများ၊ လူငယ်မူဝါဒ ရေးဆွဲအတည်ပြုပြီး အဆိုပါမူဝါဒအား စတင်အကောင်အထည်ဖော်သည့် အနေဖြင့် စေတနာ့ဝန်ထမ်းလူငယ်များ၏ အကူအညီဖြင့် ရခိုင်ပြည်နယ်တွင် ပဋိပက္ခဒဏ်ခံရသူများအား လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့များ ဖြန့်ဝေမှုစတင်နေသည့်လုပ်ငန်းများ၊ နိုင်ငံတွင်း ပြန်လည် ဝင်ရောက်လိုသူများအား လက်ခံရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ သဘောတူညီမှုများ ချမှတ်နိုင်ရေး ဆွေးနွေးနေသည့်ကိစ္စများ၊ ပြန်လည် နေရာချထားရေးအတွက် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရ ပိုမိုကောင်းမွန်သော လူနေမှုဘဝတည်ဆောက်မည့်ကိစ္စများ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းများ ပေါင်းစည်း၍ အဆိုပါဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကူညီနေသည့် ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# UEHRD ပြည်ထောင်စုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် JICA Myanmar Office မှ Senior Representative , Mr. Jun YAMAZAKI နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် JICAနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ တိုးတက်မှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် ဦးစားပေးအစီအစဉ်နှင့် လုပ်ငန်းဒေသ သတ်မှတ်မည့်ကိစ္စများ ဆွေးနွေးမေးမြန်းရာ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ယင်းသို့ဆောင်ရွက်ရာတွင် လက်ငင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ရေတိုရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည့်ကိစ္စများသတ်မှတ်၍ ဆောင်ရွက်နေမှုများ၊ UEHRD ပြည်ထောင်စုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်မည့်ကိစ္စများ၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေမှုများနှင့် JICA အနေဖြင့် ပါဝင်ကူညီနိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# နော်ဝေ အဖွဲ့အစည်းများ၏ ယုံကြည်မှုတည်ဆောက်ရေး အခြေအနေများ ဆွေးနွေး

**စစ်တွေ နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ဒုတိယဝန်ကြီး H.E Mr. Martin Bille Herman နှင့် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေသော အခြေအနေများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နော်ဝေအဖွဲ့အစည်းများ၏ ယုံကြည်မှုတည်ဆောက်ရေး အခြေအနေများ၊ ဒိန်းမတ်နိုင်ငံမှ လူသားချင်းစာနာ ကူညီမှုလုပ်ငန်းများတိုးမြှင့်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေတို ရေရှည် လုပ်ဆောင်နိုင်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နော်ဝေအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ နေထိုင်သွားရေး၊ ရေရှည်တည်တံ့ပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတစ်ခုသို့ ရောက်ရှိရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များပေးအပ်ရန် စေတနာ့ဝန်ထမ်း လူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ၊ ဖွံ့ဖြိုးရေး စီမံကိန်း( UEHRD) ၏လုပ်ငန်းစဉ်များအနက်မှ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ် ဆောင်ရွက်နိုင်ရေး အတွက် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့ မွန်းလွဲ ၁ နာရီက ကစ္ဆပ မော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ရောက်ရှိလာရာ လူမှုဝန်ထမ်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ထွန်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ **(ယာပုံ)**

စေတနာ့ဝန်ထမ်း လူငယ်များသည် နိုဝင်ဘာ ၁၁ ရက်တွင် စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောဒေသသို့ အမြန်ရေယာဉ်ဖြင့် ဆက်လက် ထွက်ခွာသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် ပါဝင်သူ ၁၉ ဦးကို ဖမ်းဆီး အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းမှစတင်၍ ဟာဘီကျေးရွာအုပ်စု၊ ဟာဘီအနောက်ရွာ၊ ဟာဘီအလယ်ရွာနှင့် ဟာဘီအရှေ့ရွာတို့အတွင်း ရှောင်တခင် စစ်ဆေးစဉ် မသင်္ကာသူ ၃၈ ဦးကို တွေ့ရှိသဖြင့် ခေါ်ယူမေးမြန်းစစ်ဆေးရာမှ ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် ပါဝင်ခဲ့သူ မိုဟာမက်ဂျာဝိစ်ပါ ၁၉ ဦးကို ဖော်ထုတ်နိုင်ခဲ့ပြီး ပြင်ဖြူနယ်မြေစခန်း၌ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ကျန် ၁၉ ဦးအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးချိန်မှစ၍ နိုဝင်ဘာ ၁၀ ရက်အထိ မသင်္ကာသဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူ ၉၈ ဦး ရှိခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ခြင်းမရှိ၍ အမှုမှ အပြီးလွှတ်ပေးခဲ့သူ နှစ်ဦး ၊ ရောဂါဖြင့် သေဆုံးသူ နှစ်ဦး၊ တရားရုံးတွင် အမှုရင်ဆိုင်ဆဲ ၆၇ ဦး ၊ ရဲစစ်ဆေးဆဲ ၂၇ ဦး ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဩဂုတ်လ ၂၅ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ အစိုးရဝန်ထမ်း နှစ်ဦး၊ ရခိုင်တိုင်းရင်းသား ငါးဦး၊ မြိုတိုင်းရင်းသား ခုနစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသား ခုနစ်ဦး ၊ ဟိန္ဒူဘာသာဝင် ၅၂ ဦး သေဆုံးခဲ့ရပြီး တပ်မတော်သား နှစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးတို့ အသက်စွန့်လွှတ်ခဲ့ရသည်။ ထို့ပြင် အပြစ်မဲ့ပြည်သူ ရခိုင်တိုင်းရင်းသား နှစ်ဦး၊ မြိုတိုင်းရင်းသား ငါးဦး၊ ဒိုင်းနက်တိုင်းရင်းသား ငါးဦး၊ ဟိန္ဒူဘာသာဝင် နှစ်ဦး ၊ တပ်မတော်သား ငါးဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အပြစ်မဲ့ပြည်သူ ရခိုင်တိုင်းရင်းသား နှစ်ဦး၊ မြိုတိုင်းရင်းသား သုံးဦး၊ ဟိန္ဒူဘာသာဝင် ၁၇၆ ဦးနှင့် တပ်မတော်သားတစ်ဦးတို့ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်၍ အရေးယူဆောင်ရွက်ထားရှိမှု**

| စဉ် | အကြောင်းအရာ | ၂၅-၈-၂၀၁၇ ရက်နေ့ မှ ၁၀-၁၁-၂၀၁၇ အထိ |
|---|---|---|
| ၁ | ဖမ်းဆီး တရားခံပေါင်း | ၉၈ |
| ၂ | ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ခြင်းမရှိ၍ အမှုမှ အပြီးလွှတ် | ၂ |
| ၃ | ရောဂါဖြင့် သေဆုံးမှု | ၂ |
| ၄ | ပြစ်ဒဏ်ကျခံ | - |
| ၅ | တရားရုံးတွင် အမှုရင်ဆိုင်ဆဲ | ၆၇ |
| ၆ | ရဲစစ်ဆေးဆဲ | ၂၇ |
| ၇ | အာမခံပေး | - |

**ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သသမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီး/ပျောက်ဆုံးမှုများ အခြေအနေ**

၁၀-၁၁-၂၀၁၇

| စဉ် | | | အုပ်စု | သေဆုံး | ဒဏ်ရာရ | ဖမ်းဆီး/ ပျောက်ဆုံး |
|---|---|---|---|---|---|---|
| ၁။ | | | ပထမကြိမ်စဉ် (၁၀-၉-၂၀၁၆ မှ ၂၄-၈-၂၀၁၇ ) | ၇၉ | ၁၂ | ၃၇ |
| | (က) | | အစိုးရဝန်ထမ်း | - | - | - |
| | (ခ) | | အုပ်ချုပ်ရေးဝန်ထမ်း | ၁၉ | - | ၃ |
| | (ဂ) | | တိုင်းရင်းသား | ၁၀ | - | ၁၀ |
| | | (၁) | ရခိုင် | ၃ | - | ၈ |
| | | (၂) | မြို | ၇ | - | ၂ |
| | | (၃) | ဒိုင်းနက် | - | - | - |
| | | (၄) | ဖောနှင့်အခြား | - | - | - |
| | (ဃ) | | အပြစ်မဲ့ပြည်သူ | ၃၃ | - | ၂၆ |
| | | (၁) | ဟိန္ဒူ | - | - | - |
| | | (၂) | မွတ်စလင် ရွာသား | ၃၃ | - | ၂၆ |
| | (င) | | လုံခြုံရေးတပ်ဖွဲ့ဝင်များ | ၁၇ | ၁၂ | |
| | | (၁) | တပ်မတော် | ၇ | ၅ | - |
| | | (၂) | ရဲတပ်ဖွဲ့ | ၁၀ | ၇ | - |
| ၂။ | | | ဒုတိယကြိမ်စဉ် (၂၅-၈-၂၀၁၇ မှ ယနေ့ထိ) | ၈၆ | ၂၉ | ၁၉၀ |
| | (က) | | အစိုးရဝန်ထမ်း | ၂ | - | - |
| | (ခ) | | အုပ်ချုပ်ရေးဝန်ထမ်း | - | - | - |
| | (ဂ) | | တိုင်းရင်းသား | ၁၉ | ၁၂ | ၅ |
| | | (၁) | ရခိုင် | ၅ | ၂ | ၂ |
| | | (၂) | မြို | ၇ | ၅ | ၃ |
| | | (၃) | ဒိုင်းနက် | ၇ | ၅ | - |
| | | (၄) | ဖော နှင့် အခြား | - | - | - |
| | (ဃ) | | အပြစ်မဲ့ပြည်သူ | ၅၂ | ၂ | ၁၀၆ |
| | | (၁) | ဟိန္ဒူ | ၅၂ | ၂ | ၁၀၆ |
| | | (၂) | မွတ်စလင် ရွာသား | - | - | - |
| | (င) | | လုံခြုံရေးတပ်ဖွဲ့ဝင်များ | ၁၃ | ၁၅ | ၁ |
| | | (၁) | တပ်မတော် | ၂ | ၅ | ၁ |
| | | (၂) | ရဲတပ်ဖွဲ့ | ၁၁ | ၁၀ | - |
| | | | စုစုပေါင်း | ၁၆၅ | ၄၁ | ၂၃၉ |

# အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူ တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်မှု သင်တန်းကို ၁၅ ရက်ခန့် တက်ရောက်ခဲ့ပြီး ကျေးရွာရှိ အခြားသူများကိုလည်း သင်တန်းတက်ရောက်နိုင်ရန် စည်းရုံးလှုံ့ဆော်ခဲ့သူ တစ်ဦးကို နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူမှာ ဘူးသီးတောင်မြို့နယ် သိမ်တောင်ပြင်ကျေးရွာမှ နူရ်အာမတ်(ခ) နူရ်ရာမောက် (၃၅ နှစ်)ဖြစ်ပြီး ၎င်းနှင့်အတူ တစ်ရွာတည်းနေ အဒူလာ(၃၀ နှစ်)ပါ ကိုးဦးသည်လည်း အကြမ်းဖက်သင်တန်းအတူ တက်ရောက်ခဲ့ကြောင်း သိရသဖြင့် နူရ်အာမတ် (ခ)နူရ်ရာမောက်ကို ညောင်ချောင်းနယ်မြေစခန်း၌ အမှုဖွင့် စစ်ဆေးအရေးယူခဲ့ပြီး ကျန် အဒူလာပါ ကိုးဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူ မွတ်စလင် ၁၄၁ ဦးကို ၎င်းတို့နေရပ်သို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မောင်တောဒေသ ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီး နေရပ်စွန့်ခွာကာ အခြားကျေးရွာများသို့ သွားရောက်နေထိုင်ကြသည့် မွတ်စလင်ရွာသားများသည် ၎င်းတို့၏ နေရပ်ကျေးရွာများသို့ ပြန်လည်နေထိုင်လိုကြောင်း တာဝန်ရှိသူများကို သတင်းပို့လာသဖြင့် နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်အတွင်း အောက်တိုဘာ ၂၄ ရက်တွင် ကျွန်းပေါက်ကျေးရွာနှင့် ဂုပ္ပိကျေးရွာတို့မှ မွတ်စလင် အိမ်ထောင်စု ၂၁ စု ၊ လူဦးရေ ၁၁၉ ဦးတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ငါးရံ့ချောင်းကျေးရွာအုပ်စုမှ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၈ ဦး၊ သဃ်နက်အုပ်စု ဆူးတောင်ကျေးရွာမှ အိမ်ထောင်စု တစ်စု၊ လူဦးရေ သုံးဦး၊ မီးချောင်းဈေးအုပ်စု၊ ဘိုကြီးချောင်းကျေးရွာမှ အိမ်ထောင်စု တစ်စု၊ လူဦးရေ တစ်ဦးတို့ကို လည်းကောင်း ပြန်လည် ပို့ဆောင်ပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း မွတ်စလင် အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၁၄၁ ဦးတို့ကို မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည်ပို့ဆောင် နေရာချထားပေးခဲ့ပြီး စားနပ်ရိက္ခာအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ဓားခုတ်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဘူးသီးတောင်မြို့နယ် ဘုရားပြင်သိန်းတန် ကျေးရွာအုပ်စု ပြင်လှမင်္ဂလာကျေးရွာနေ လယ်ယာလုပ်ကိုင်သည့် အန်ဆာအူလာ(၂၀နှစ်)နှင့် ရှော်ဘီအာလောင် (၂၃နှစ်)ပါ လေးဦးသည် ကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ စားကျက်အတွင်း ကျွဲ၊ နွားများ ချည်နှောင်ပြီး ညအိပ်စောင့်နေစဉ် နိုဝင်ဘာ ၆ ရက် ညသန်းခေါင်ကျော်တွင် ၎င်းတို့ အိပ်နေသည့် တဲအနီး လူသံများကြားသဖြင့် ဘယ်သူလဲဟု မေးမြန်းခဲ့ရာမှ ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တဲအနီးသို့ ရောက်ရှိလာသည့် ပြင်လှရွာသစ်ကျေးရွာနေ ဇီရာမာန် (၃၅နှစ်)ပါ သုံးဦးက ဓားကိုယ်စီဖြင့် ခုတ်ခဲ့သဖြင့် အန်ဆာအူလာနှင့် ရှော်ဘီအာလောင်တို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ပြီး ဓားဖြင့်ခုတ်သွားသူ ဇီရာမာန်ပါ သုံးဦးကို ညောင်ချောင်း နယ်မြေစခန်း၌ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် ပါရှိသော မောင်တော မြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးသတင်း ကော်လံ ၆ ပါ National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၇၇ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း အစား သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၇ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

※ ကျော်ဖုံးမှ

“ဘူးသီးတောင်၊ မောင်တောဒေသမှာ စပါးတွေက ရင့်မှည့်နေပြီ၊ ရင့်မှည့်စပါးတွေကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကျွန်တော်တို့ ဌာနမှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့ စက်တွေနဲ့ တတ်နိုင်သမျှ ဆောင်ရွက်ပေးတာပါ၊ ရိတ်သိမ်းပြီးသား စပါးတွေကို ကွင်းအလိုက် ပိုင်ဆိုင်မှုကေပေါ်မှာ မူတည်ပြီး ထွက်လာတဲ့ စပါးတွေကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို စာရင်းနဲ့ စနစ်တကျ အပ်နှံနေပါတယ်” ဟု စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က နိုဝင်ဘာ ၅ ရက်တွင် ပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာများအား အသုံးပြု၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ရိတ်သိမ်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စက်မှုလယ်ယာဝန်ထမ်းများဖြင့် အားဖြည့်ဆောင်ရွက်လျက်ရှိပြီး မောင်တောမြို့နယ်တွင် ကြိမ်ချောင်း၊ ခြံပြင်၊ လေးမိုင်၊ မောရဝတီ၊ အင်းဒင်၊ ခမောင်းဆိပ်၊ တောင်ပြိုတို့တွင် ရှေ့တန်းစခန်း ခုနစ်ခုဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

“မောင်တောမြို့နယ်မှာရှိတဲ့ ဒီလုပ်သားရှားပါးမှုကြောင့် ရိတ်သိမ်းချိန်လွန် စပါးတွေကို လေလွင့်ပျက်စီးဆုံးရှုံးမှု မရှိရအောင် ကျွန်တော်တို့ နေပြည်တော်ကနေပြီးတော့ ဝန်ထမ်း အင်အား ၄၂ ဦးနဲ့ ဆောင်ရွက်နေပါတယ်” ဟု မောရဝတီ ရှေ့တန်းစခန်းတာဝန်ခံက ပြောသည်။

ရင့်မှည့်စပါးခင်းများ၏ တောင်သူအမည်၊ ဦးပိုင်အမှတ်နှင့် ထွက်ရှိလာသည့် စပါးတင်းအရေအတွက်ကို စနစ်တကျ စာရင်းပြုစုကာ သိုလှောင် သိမ်းဆည်းပေးထားကြောင်း၊ ရိတ်သိမ်းစပါး အစိုဓာတ် ၁၃ ရာခိုင်နှုန်းရောက်ရှိရန် ရိတ်သိမ်းပြီး စပါးများကို နေလှန်း အိတ်သွတ်ပြီးမှသာ သတ်မှတ်သိုလှောင်ရုံများတွင် သိုလှောင် စုဆောင်းပေးသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးဌာနမှူး ဦးတင်မောင်ကြည်၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

မောင်တောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက် ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးထားရှိကာ လာမည့်စိုက်ပျိုးရာသီတွင် တောင်သူများအဆင်ပြေစေရန် ကူညီ ထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက်လည်း စိုက်ပျိုးရေး ဦးစီးဌာနက ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နိုဝင်ဘာလနဲ့ ဒီဇင်ဘာလ နှစ်လလုံး စက်ကြီးတွေနဲ့ ရိတ်သိမ်းပေးသွားပါမယ်၊ လိုအပ်ရင် ဇန်နဝါရီအထိ ရိတ်သိမ်းပေးဖို့ ကြိုတင်စီစဉ် ဆောင်ရွက်နေပါတယ်၊ ဒီစက်ကြီးတွေက မြေအနေအထား၊ အကွက်အနေအထား အကျဉ်းအကျယ်ပေါ်မူတည်ပြီး တစ်ရက်ကို ငါးဧကနေ ၁၀ ဧကအတွင်း ပြီးစီးနိုင်ပါတယ်”ဟု စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ် ဦးစီးဌာနမှူးက ရှင်းပြသည်။

မောင်တောဒေသသည် ဆန်စပါးအများအပြား စိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်သည့်အတွက် တောင်သူများ စပါးရိတ်သိမ်းရာတွင် အဆင်ပြေစေရန် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

“ကျွန်တော်တို့ ဌာနအနေနဲ့ နှစ်စဉ်နှစ်တိုင်း သင်တန်းပေးလျက်ရှိပါတယ်၊ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းတွေကို ဖွင့်လှစ်ပေးပါတယ်၊ ဒီသင်တန်းကနေ တောင်သူတွေအနေနဲ့ သူတို့ပိုင်တဲ့ လက်တွန်းထွန်စက်လို၊ ရေစုပ်စက်လို အင်ဂျင်တွေ ပြင်တတ်အောင် အထိ သင်ကြားပေးပါတယ်”ဟု ဦးတင်မောင်ကြည်က ပြောသည်။

ထို့အပြင် တောင်သူများ၏ သားသမီးများကို ဦးစားပေးလက်ခံသင်ကြားပေးလျက်ရှိသည့် မိတ္ထီလာ စက်မှုလယ်ယာဇဟို သင်တန်းကျောင်းတွင် စက်ကြီးများ မောင်းနှင်ခြင်းလေးလသင်တန်းသို့ ဒေသခံတောင်သူများ၏ သားသမီးများ တက်ရောက်သည်များလည်းရှိကြောင်း သိရသည်။

**ဟန်နီဝင်း**

“ဘူးသီးတောင်၊ မောင်တောဒေသမှာ စပါးတွေက ရင့်မှည့်နေပြီ၊ ရင့်မှည့်စပါးတွေကို လေလွင့်ဆုံးရှုံးမှု မရှိအောင် ကျွန်တော်တို့ ဌာနမှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သမျှ ဆောင်ရွက်ပေးတာပါ၊ ရိတ်သိမ်းပြီးသား စပါးတွေကို ကွင်းအလိုက် ပိုင်ဆိုင်မှုကေပေါ်မှာ မူတည်ပြီး ထွက်လာတဲ့ စပါးတွေကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို စာရင်းနဲ့ စနစ်တကျ အပ်နှံနေပါတယ်”




မောင်တောဒေသတောင်ပိုင်း ကျောင်းတောင်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

# တောဆင်ရိုင်း တစ်ကောင်အား ဖမ်းဆီးခေါ်ဆောင်လာစဉ် အမောဆို့ သေဆုံး

**သံတွဲ နိုဝင်ဘာ ၁၀**



သံတွဲမြို့နယ် လေ့ကြီးချိုင်ကျေးရွာရှိ တောင်သို့ နိုဝင်ဘာ ၉ ရက် နံနက်က တောဆင်ရိုင်း အမတစ်ကောင်နှင့် သားပေါက် အထီးတစ်ကောင် ရောက်ရှိနေကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့များက ဖမ်းဆီး ခေါ်ဆောင်လာစဉ် ဆင်အမတစ်ကောင်မှာ အမောဖောက်၍ သေဆုံးခဲ့သည်။

နိုဝင်ဘာ ၉ ရက် နံနက်က အဆိုပါ လေ့ကြီးချိုင်ကျေးရွာသို့ ဆင်ဆရာဝန် ဒေါက်တာစံလင်း၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ငြိမ်းချမ်းကျော်နှင့် ဆင်ဦးစီး ဦးနေအောင်ပါ ခြောက်ဦးအဖွဲ့တို့ပူးပေါင်း သွားရောက်ကာ ဆင်အမကြီးအား မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းပြီး ထူးခတ်ကြိုးချည်၍ သစ်ထုတ်လုပ်ရေးဆင်လေးကောင်ဖြင့် တောင်ပေါ်မှ ခေါ်ဆောင်လာစဉ် ဝက်ထီးတောင်ကျေးရွာအုပ်စု ထီးထူးရွာအနောက်ဘက် ပင်လယ်ကမ်းစပ်အရောက် ယင်းနေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်က ဆင်အမကြီးမှာ အမောဆို့ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဆင်မကြီးမှာ အသက် ၅၅ နှစ်ခန့်ရှိပြီး အလျား ၁၂ ပေ၊ အမြင့် ခုနစ်ပေ ၊ လုံးပတ် ၁၂ ပေနှင့် နှာမောင်းအရှည် ငါးပေခွဲရှိပြီး ဆင်သားပေါက်အထီးမှာ နှာမောင်းအရှည် သုံးပေခွဲ၊ အစွယ် ခြောက်လက်မခန့်၊ အလျား လေးပေခွဲ၊ အမြင့် လေးပေ ရှစ်လက်မ၊ လုံးပတ် ခြောက်ပေရှိကာ အသက် လေးနှစ်ခန့်ရှိကြောင်း သိရသည်။

အဆိုပါဆင်သားပေါက်အထီးအား တောင်ကုတ် ဆင်စခန်းတွင် ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်း သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၈ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၁၀ ရက်က ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းဇော်မင်း ဦးဆောင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်သည်။

ဟောပြောပွဲသို့ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုလွင်၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အမျိုးသမီးတစ်ဦး ဓားခုတ်ခံရ၍ သေဆုံး

**စလင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဦးရစ်ကျေးရွာ၌ နိုဝင်ဘာ ၉ ရက် ည ၇ နာရီခန့်က ဓားခုတ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးရစ်ကျေးရွာနေ မအေးမို့(၃၃နှစ်)သည် ၎င်း၏ နေအိမ်ရှေ့ရှိ လယ်ရေသွယ်မြောင်းပေါက်အား ဓာတ်မီးနှင့် ထိုးကြည့်နေစဉ် ထွန်းထွန်းဦး (၃၅နှစ်)က မအေးမို့အား ဓားဖြင့်လိုက်ခုတ်ရာ မအေးမို့မှာ ဒဏ်ရာများရရှိပြီး အဆိုပါနေရာ၌ပင် သေဆုံးသွားခဲ့သဖြင့် ထွန်းထွန်းဦးအား စလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်သည့် သက်သေခံဓာတ်ပုံခြောက်ပုံ တင်သွင်းသည့်ကိစ္စ အငြင်းပွားမှုအား ကြားဖြတ်အမိန့်ချမှတ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်းနှင့် ပါဝင် ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး လိုပြသက်သေသုံးဦး စစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်ကုန် မြောက်ပိုင်းခရိုင် တရားသူကြီး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဦးရဲလွင်က "ဒီကနေ့ အထူးခုံရုံးကနေ အမှုက လိုပြသက်သေ သုံးဦး စစ်ဆေးပါတယ်၊ မြောက်ဥက္ကလာပဆေးရုံ မှုခင်းဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၊ အင်းစိန် မှုခင်းရဲတပ်ဖွဲ့ နည်းပညာမှုခင်းဌာနက ရဲအုပ် ဗိုလ်ဗိုလ်လှမြင့်နဲ့ မြောက်ဥက္ကလာပဆေးရုံ မှုခင်းဆရာဝန်ကြီး ပါမောက္ခဒေါက်တာ စိုးမင်းနိုင်တို့ကို စစ်ဆေးပါတယ်၊ အဲဒီထဲက ရဲအုပ် ဗိုလ်ဗိုလ်လှမြင့်ကိုစစ်ဆေးတဲ့အခါ ဇေယျာဖြိုး၊ အောင်ဝင်းခိုင်၊ လင်းဇော်ထွန်းတို့ သုံးဦးပါဝင်တဲ့ ဓာတ်ပုံခြောက်ပုံ သက်သေအဖြစ် တင်သွင်းရာကနေ အငြင်းပွားတာလေးရှိပါတယ်၊ တရားခံဘက်အကျိုးဆောင်တွေက ဖေ့စ်ဘုတ်က ကူးယူပုံတွေဖြစ်လို့ ကန့်ကွက်တဲ့အတွက် အဲဒီဓာတ်ပုံတွေဟာ ဆက်စပ်မှု ရှိ၊ မရှိ စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စဖြစ်လို့ တရားရုံးက လက်ခံခဲ့တဲ့အကြောင်း ကြားဖြတ်အမိန့် ချမှတ်လိုက်ပါတယ်၊ နောက်အပတ်ရုံးချိန်းကိုတော့ နိုဝင်ဘာ ၁၇ ရက်ကို ချိန်းဆိုလိုက်ပါတယ်" ဟု ပြောကြားသည်။

တရားခံဘက်မှ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က "သက်သေခံ တင်သွင်းတဲ့ဓာတ်ပုံက အွန်လိုင်းပေါ်ကနေ တက်လာတဲ့ ဂိုရှယ်လေးအကောင့်ကနေ စခရင်ရှော့ရိုက်ပြီး ကူးယူတဲ့ပုံပါ၊ အခင်းဖြစ်တဲ့နေ့ မင်္ဂလာဒုံ လေယာဉ်ကွင်းလည်း မဟုတ်၊ အလှူလုပ်တဲ့ပုံတွေ၊ အမျိုးသမီးပုံတွေလည်း ပါတယ်၊ အခြားသူတွေလည်းပါတယ်၊ ကိုလင်းဇော်ထွန်းဟာ တစ်နည်းတစ်ဖုံ ပြောင်းသွားနိုင်တယ်၊ အပြစ်မရှိသူကို အပြစ်ရှိကြောင်းဖြစ်နေမှာ၊ စွပ်စွဲသူရဲ့ အခွင့်အရေးရှိတယ်ဆိုတာ မှန်ပါတယ်၊ တရားခံဘက်ကကြည့်ရင် နစ်နာနိုင်ပါတယ်၊ နောက် အပြန်အလှန်မေးလာခဲ့ရင် အဖြေမှန်တော့ ထွက်လာပါလိမ့်မယ်" ဟု ပြောသည်။

တရားလို အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ငွေးက "ဓာတ်ပုံခြောက်ပုံ သက်သေခံတင်တယ်၊ ဇေယျာဖြိုးရယ်၊ အောင်ဝင်းခိုင်ရယ်၊ လင်းဇော်ထွန်းရယ် တွဲနေကြောင်းပြတဲ့ သဘောလို့ ယူဆပါတယ်၊ ကြည်လင်း၊ အောင်ဝင်းဇော်၊ အောင်ဝင်းထွန်းတို့နဲ့မဆိုင်ဘူး၊ ကိုလင်းဇော်ထွန်းက လိုပြသက်သေ စစ်မယ့်ထဲမှာပါတယ်၊ အမှုအပေါ် အထောက်အကူပြု မပြုကတော့ တရားရေးအပိုင်းနဲ့သာ သက်ဆိုင်မှာပါ" ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# တရားမဝင် ကန့်သတ် ကုန်ပစ္စည်းဘေထုပ်များ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာနိုဝင်ဘာ ၉ ရက်က ရန်ကုန်သို့သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးစဉ် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဘေထုပ် (1x40kg) 12 Pkgs,(1x45kg) 33 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၉၉၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ သိမ်းဆည်းရမိ

**မြဝတီ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နိုဝင်ဘာ ၉ ရက်က မူးယစ်ဆေးဝါး ကွင်းဆက်တရားခံများကို ဖမ်းဆီးစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက် ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ ဒုရဲအုပ် ဝင်းငြိမ်းနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ၅ ရပ်ကွက် ချစ်ကြည်ရေးလမ်းဟောင်း နှစ်ရှည်စိုက်ခင်းလမ်းမပေါ်တွင် ခွန်တီးနှင့် ၎င်း၏ ဇနီးဖြစ်သူ မနန်းရွှေရည်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ (အလေးချိန် ၂၃၄၀ ဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၇၈၀) နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ စစ်ဆေးရာ ဂျိုးဇက် (ခ)ဦးဂျိုးထံမှ ရောင်းချရန်ယူလာသော ပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ ခွန်တီး၊ မနန်းရွှေရည်တို့အား မြဝတီ မြို့မရဲစခန်းက အမှုဖွင့်ထားသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မြဝတီမြို့ ၅ ရပ်ကွက် ရေပူစမ်းကျေးရွာနေ ဂျိုးဇက် (ခ)ဦးဂျိုး၏နေအိမ်ကို ယင်းနေ့ ည ၁၁ နာရီခန့်က ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိပြီး မူးယစ်ဆေးဝါး ရောင်းရငွေဟု ယူဆရသည့် ငွေကျပ် ၅၀၀၀၀၊ ဖုန်းတစ်လုံး၊ CROWN အမျိုးအစားယာဉ်တစ်စီးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (အလေးချိန် ၂၇၀၀ ဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၉၀၀ ခန့်)တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လုံခြုံရေးဆောင်ရွက်စဉ် လိုင်စင်မဲ့ယာဉ်များနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**ဘားအံ နိုဝင်ဘာ ၁၀**

၆၂ နှစ်မြောက် ကရင်ပြည်နယ်နေ့ကို နိုဝင်ဘာ ၇ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ပွဲတော်ကျင်းပစဉ် လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်းစစ်ဆေးမှုများဆောင်ရွက်စဉ် လိုင်စင်မဲ့ယာဉ်နှင့် လူကိုအန္တရာယ်ပြုစေနိုင်သော ပစ္စည်းများ၊ ဖြုတ်စ်တပ်ထားသည့် လက်ပစ်ဗုံးတစ်လုံးနှင့် မိုင်းဟုသံသယရှိသည့် ပစ္စည်းတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် ဓားထိုးမှုဖြစ်၍ ထွက်ပြေးလာသူ တစ်ဦးကိုပါ ဖမ်းဆီးရမိခဲ့သည်။

ဒုရဲအုပ်အောင်မင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့များသည် နိုဝင်ဘာ ၇ ရက် ည ၉ နာရီခွဲခန့်က နှောင်လုံတောင်ကြားဘက်မှ ဘားအံဘက်သို့ စောအဲသာ (၁၈နှစ်) နန်းရွှေမိတ်ကျေးရွာ ကော့ကရိတ်မြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ဖြုတ်စ်ပါလက်ပစ်ဗုံးတစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက် စစ်ဆေးနေစဉ် နှောင်လုံတောင်ကြားဘက်မှ ဘားအံဘက်သို့ ကိုကိုအောင် (၃၃နှစ်) ကျိုက်ကော်ကျေးရွာ သထုံမြို့နယ်နေသူ မောင်းနှင်လာသော ပရိုဘောက် 9G/----လိုင်စင်မဲ့ယာဉ်ကိုလည်းကောင်း၊ ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီးသော ပူးပေါင်းအဖွဲ့တို့က လိုင်စင်မဲ့ယာဉ်ခြောက်စီးကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဆောင်ပုဒ်

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့။**

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၃-၁၁-၂၀၁၇)

# ရှမ်းပြည်နယ် ကာယဗလမောင် လက်ရွေးစင် လူရွေးချယ်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၀**

၂၀၁၇ ခုနှစ် (၄၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် အတွက် နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကာယဗလမောင်လက်ရွေးစင် လူရွေးချယ်ပွဲ ကျင်းပကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် ကာယဗလမောင် လက်ရွေးစင် လူရွေးချယ်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း) မှ ပြိုင်ပွဲဝင် ကာယဗလမောင် ၁၃ဦး ပါဝင်ယှဉ်ပြိုင်ကာ ကီလိုတန်းမှာ ကီလို ၆၀၊ ၆၅ ကီလို၊ ကီလို ၇၀၊ ၇၅ ကီလိုအထက် ကီလိုတန်းတစ်တန်းတွင် တစ်ဦးစီရွေးချယ်ပြီး တောင်ကြီးမြို့ ကာယဗလမောင် လက်ရွေးစင်ဟောင်း ငါးဦးက ဒိုင်အဖြစ် ဆောင်ရွက်ကာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာ့လက်ရွေးစင်အသင်း အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ် ၅ အဖြစ် အိန္ဒိယအသင်းနှင့် အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ရှိ မာဂါအိုမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယအသင်းနှင့်ပွဲအတွက် ပြင်ဆင်မှုပြုလုပ်နိုင်ရန် ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး လေးရက် ပြင်ဆင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ အောင်မြင်ရန် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိပြီး ယင်းပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယအသင်းနှင့်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကြိုတင်လေ့ကျင့်ခဲ့ပြီး နိုဝင်ဘာ ၉ ရက်က ကမ္ဘောဒီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုခြေစစ်ပွဲအတွက် ကစားသမား ၂၃ ဦး ရွေးချယ်ထားပြီး အမာခံကစားသမား အစုံအလင်ပါဝင်ခဲ့ကာ ကမ္ဘောဒီးယားအသင်းနှင့်ခြေစမ်းပွဲမှ လိုအပ်ချက်များ၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ပါက အိန္ဒိယနှင့်ပွဲတွင် ရလဒ်ကောင်းဖွယ်ရှိနေသည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲကို လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထား၍ သုံးပွဲသာ ကစားရသေးပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရထားသည်။ မြန်မာအသင်းသည် မကာအိုအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်အနိုင်ရထားပြီး ကာဂျစ္စတန်နှင့် အိမ်ကွင်းပွဲတွင် နှစ်ဂိုးစီသရေကျကာ အိန္ဒိယအသင်းနှင့် အိမ်ကွင်းပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာအသင်းနှင့်ယှဉ်ပြိုင်ရမည့် အိန္ဒိယအသင်းသည် လေးပွဲစလုံးအနိုင်ရကာ ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းမှစ၍ အိန္ဒိယနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ **ရဲရင့်ရှိုင်း**

THE ASEAN SECRETARIAT
INVITES ASEAN NATIONALS
TO APPLY FOR
THE FOLLOWING VACANCIES

1. Senior Officer Intellectual Property Rights
2. Senior Officer Programme Cooperation & Project Management
3. Senior Officer Human Resources (Operations)

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဇော်လှိုင်ထွန်း ၅/မရန(နိုင်)၂၅၀၂၈၆သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးသန့်ဇင်(ခ)ဦးကိုကြီး**
**ဒေါ်ခင်မြင့်ဝင်း(ခ)ဒေါ်တိုးတိုး**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3039, NIDI (12) WHEEL TRUCK (NDT-01), TRUCK(T/S)(8x4) (R) ယာဉ်လက်ဝယ်ရှိ သူဦးတင်ကိုကို ၈/ မမန(နိုင်)၁၆၇၃၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## လူကုန်ကူးမှု ဆန့်ကျင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဆိုင်ရာဘာနူ (KMW-၁၄၀၇၆၀)၏ Passport (No-မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၉၀၄၁၇၉**

KBZ BANK
STRENGTH OF MYANMAR

နိုင်ငံတော်၏စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်
ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ

ကမ္ဘောဇဘဏ်လီမိတက်၏

**ဘဏ်ခွဲ (၅၀၀) ပြည့်**

"ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ" ကို

၁၀-၁၁-၂၀၁၇ (သောကြာနေ့)တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဘဏ်လုပ်ငန်းနည်းပညာဆိုင်ရာ ကမ္ဘာ့ထိပ်ဆုံး ဦးဆောင်ကုမ္ပဏီများဖြစ်သည့် NCR ၏ ATM စက်၊ Verifone ၏ POS Terminal, iNAC ၊ Entrust Datacard ၏ Card Perso Solution ၊ MK Smart ၏ ATM ကတ်များအား ရွေးချယ်အသုံးပြုခဲ့သည့်အတွက် TrustLink ကုမ္ပဏီမှ ကမ္ဘောဇဘဏ်သို့ ဝန်ဆောင်မှုပေးနိုင်ခွင့်ရရှိခဲ့သည့်အပေါ် အထူးကျေးဇူးတင်ရှိပါသည်။

TRUSTLINK
System Integrator

NCR Verifone Entrust Datacard MK smart

# ပေါင်းစည်းဆက်သွယ်စီးပွားကြီးသွယ်ရန် အေပက်အဖွဲ့ဝင်နိုင်ငံများကို ဒူတာတေးတိုက်တွန်း




**ဒါနန်း နိုဝင်ဘာ ၁၀**

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီးပွားရေးခေါင်းဆောင်များ အစည်းအဝေး၌ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက အေပက်အဖွဲ့ဝင်နိုင်ငံများကို ပေါင်းစည်းဆက်သွယ် စီးပွားကြီးသွယ်ရန် တိုက်တွန်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အာရှ-ပစိဖိတ်ဒေသ၏ လွတ်လပ်သော ကုန်သွယ်မှုဧရိယာသည် ပြည့်စုံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များ ပေါ်ပေါက်ရေး ဖန်တီးပေးသည်ကို ယုံကြည်ကြောင်း ဒူတာတေးက ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပသော အေပက် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသော ဖိလစ်ပိုင်နိုင်ငံသည် လွန်ခဲ့သော ၂၀၁၅ ခုနှစ်က အေပက်အစည်းအဝေးကို လက်ခံကျင်းပခဲ့သည်။

လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် (၂၁) ရာစုအေပက်စီးပွားရေးသည် ပိုမိုနက်ရှိုင်း အားကောင်းလာမည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆင်ဟွာ

# အေပက်၌ ထရန့်နှင့်ပူတင် သီးခြား ဆွေးနွေးဖွယ်မရှိဟု အိမ်ဖြူတော်ပြောကြား



**ဒါနန်း နိုဝင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (APEC) ထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ၎င်း၏ ရုရှားမိတ်ဆွေ သမ္မတဗလာဒီမာပူတင်နှင့် သီးခြားဆွေးနွေးပွဲ ပြုလုပ်သွားဖွယ်မရှိကြောင်း သောကြာနေ့တွင် အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပသည့် အေပက်ထိပ်သီးဆွေးနွေးပွဲသို့ ထရန့်နှင့်ပူတင်တို့နှစ်ဦးလုံး တက်ရောက်ကြမည်ဖြစ်သည်။ ယခုအခါခေါင်းဆောင်နှစ်ဦးလုံးတို့သည် တူညီသည့်နေရာတစ်ခုတွင် ရှိနေကြတော့မည် ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးကပြောကြားခဲ့ကြောင်း သိရသည်။

ရိုက်တာ

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ဘတ်စကားတစ်စီး ချောက်ထဲသို့ ထိုးကျ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၀**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အတော့ခ်ဒေသတွင် ယမန်နေ့ညက ခရီးသည်အပြည့်တင်ဆောင်လာသည့် ဘတ်စကားတစ်စီး ချောက်ထဲသို့ထိုးကျခဲ့သဖြင့် ခရီးသည် ၂၂ ဦး သေဆုံးခဲ့ပြီး ၅၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ဘတ်စကားသည် ခရီးသည် ၈၂ဦးတင်ဆောင်လာခြင်းဖြစ်ပြီး လမ်းကွေ့ရာ၌ အရှိန်ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ချောက်ထဲသို့ ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် ခရီးသည် ၁၈ ဦး သေဆုံးခဲ့ပြီး လေးဦးမှာ ဆေးရုံသို့ ပို့ဆောင် နေစဉ်အတွင်း လမ်း၌သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားမှု၏ အဓိကအကြောင်းရင်းမှာ ယာဉ်မောင်းသူက အရှိန်လွန်ကဲစွာမောင်းနှင်ခြင်းကြောင့်ဖြစ်ပြီး ယာဉ်မောင်းအတွေ့အကြုံ နည်းပါးခြင်းကြောင့်လည်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်က ဆက်လက်ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရခရီးသည်များကို ကယ်ဆယ်ရေး အဖွဲ့ဝင်များက အနီးပတ်ဝန်းကျင်ရှိ ပြည်နယ်ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အချို့လူနာများ၏ ရရှိသောဒဏ်ရာများမှာ အလွန်ပြင်းထန်သောကြောင့် သေဆုံးသူ စာရင်းမြင့်တက်လာနိုင်ကြောင်း ဆေးရုံမှ သက်ဆိုင်ရာတာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နှင့်ဩစတြေးလျ ရေတပ်တို့ ၂၂ ရက်ကြာ ရေကြောင်းပူးတွဲစစ်ရေး လေ့ကျင့်မှုများ ပြုလုပ်မည်

**မနီလာ နိုဝင်ဘာ ၁၀**

ဖိလစ်ပိုင်နှင့်ဩစတြေးလျရေတပ်တို့ ၂၂ ရက်ကြာ ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုအနောက်ဘက်ကမ်းလွန်ပင်လယ်ပြင်၌ စတင်ပြုလုပ်ခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားခဲ့သည်။

ယခုကဲ့သို့ ရေကြောင်းဆိုင်ရာ ပူးတွဲလေ့ကျင့်မှုတွင် တွေ့ဆုံညှိနှိုင်း၊ အစီအစဉ်ရေးဆွဲ၊ ပူးပေါင်းတိုင်ပင်မှုများ ပါဝင်မည်ဖြစ်သကဲ့သို့ အကြမ်းဖက် တန်ပြန်တိုက်ခိုက်ရေးနှင့် ပင်လယ်ဓားပြတိုက်ဖျက်ရေး လှုပ်ရှားမှုများကို အဓိက အထောက်အကူပြုသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ရေတပ်ဗိုလ်ချုပ် ရီနေးမီဒီနာက ပြောသည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်ဘက်မှ ရေယာဉ်လေးစင်းအသုံးပြုမည်ဖြစ်ပြီး ဩစတြေးလျဘက်မှ နှစ်စင်းအသုံးပြုသွားမည်ဖြစ်ကာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဆိုမာလီယာ လေကြောင်း တိုက်ခိုက်မှုအတွင်း အယ်လ်ရှာဘတ် စစ်သွေးကြွ အချို့ကို သုတ်သင်

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စုနှင့် ဆိုမာလီတပ်မတော် အင်အားစုများ၏ လေကြောင်း တိုက်ခိုက်မှုများကြောင့် ကြာသပတေးနေ့ ညနေခင်းတွင် အယ်လ်ရှာဘတ် အကြမ်းဖက်အဖွဲ့ဝင်အချို့ သေဆုံးခဲ့ကြောင်း သိရသည်။

တပ်မတော်အင်အားစုများ၏ ပထမဆုံး တိုက်ခိုက်မှုများမှာ မိုဂါဒစ်ရှူးမြို့တော်အနောက်ဘက် ၁၆၀ ကီလိုမီတာအကွာ ဆိုမာလီယာပင်လယ်ကွေ့ ဒေသအတွင်း၌ ဖြစ်ပွားခဲ့သည်။ ဆိုမာလီယာ ဖက်ဒရယ်အစိုးရအဖွဲ့နှင့်ပူးပေါင်း ပါဝင်သည့်အနေဖြင့် အမေရိကန်တပ်မတော် အင်အားစုများသည် ကြာသပတေးနေ့ညနေ ၃နာရီတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများအား လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခဲ့သည်။

ဆင်ဟွာ

# အိုင်အက်စ် အစွန်းရောက်အဖွဲ့ဝင်ဟု သံသယရှိသူ အယောက် ၁၀၀ ကို တူရကီ၌ ဖမ်းဆီးထိန်းသိမ်း

**အစ္စတန်ဘူလ် နိုဝင်ဘာ ၁၀**

တူရကီရဲတပ်ဖွဲ့သည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိနေသည်ဟု သံသယရှိသူများအား ဖမ်းဆီးရန် သောကြာနေ့က ပြုလုပ်ခဲ့သည့်စစ်ဆင်ရေးသုံးခုအတွင်း အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ အယောက်တစ်ရာကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အစ္စတန်ဘူလ်ကို ဗဟိုပြုလျက် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့သည် ပြည်ပနိုင်ငံသား ၈၂ ဦးကို ဖမ်းဆီးခဲ့သည်။ အဒါနာတောင်ပိုင်းပြည်နယ်၌ ပြည်ပနိုင်ငံသား ၁၁ ယောက်ထက်မနည်း ဖမ်းဆီးရမိခဲ့ပြီး Izmir တောင်ပိုင်း ပြည်နယ်၌ တူရကီနိုင်ငံသား ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

လက်နက်များနှင့် စာရွက်စာတမ်း အထောက်အထားများကိုလည်း သိမ်းဆည်းခဲ့ကြောင်း အနာဒိုလူသတင်းက ဖော်ပြထားသည်။

တူရကီမြို့တော် အန်ကာရာနှင့်ဘာဆာ အနောက်မြောက်ပိုင်း ပြည်နယ်တို့တွင် အိုင်အက်စ်အဖွဲ့နှင့် ဆက်ဆံမှုရှိသူများဟု သံသယရှိသည့် လူအယောက် ၁၉၀ ကျော်ကို ရဲတပ်ဖွဲ့ကဖမ်းဆီးမှုများ ပြုလုပ်ပြီးနောက်တွင် ယခုစစ်ဆင်ရေးကို ထပ်မံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရိုက်တာ



## နိုင်ငံတကာ သတင်းတိုထွာ

### ချစ်ကြည်ရင်းနှီးသော ဆွေးနွေးမှုမှတစ်ဆင့် ပင်လယ်ရေကြောင်းကိစ္စ အဖြေရှာရန် တရုတ်သမ္မတပြော

**ဟနွိုင်း နိုဝင်ဘာ ၁၀**

ပင်လယ်ရေကြောင်းကိစ္စတွင် ရင်းနှီးချစ်ကြည်သော ဆွေးနွေးညှိနှိုင်းမှုမှ တစ်ဆင့် တရုတ်-ဗီယက်နမ် နှစ်နိုင်ငံလုံး အကျိုးရှိမည့် အဖြေအား ရှာဖွေရန် လိုအပ်ကြောင်း နိုဝင်ဘာ ၉ ရက်ထုတ် ဗီယက်နမ်ခရီးစဉ်ဆိုင်ရာ သတင်းဆောင်းပါး၌ တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားလိုက်သည်။

တရုတ်-ဗီယက်နမ် နှစ်နိုင်ငံလုံး အနေဖြင့် တောင်တရုတ်ပင်လယ်နိုင်ငံများနှင့်ပတ်သက်သော သတ်မှတ်ချက်များအား တက်ကြွစွာဆွေးနွေးညှိနှိုင်းရေးနှင့် တောင်တရုတ်ပင်လယ်အတွင်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုအား ပူးတွဲထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ထို့အပြင် တောင်တရုတ်ပင်လယ်နိုင်ငံများ အပြုအမူဆိုင်ရာ ကြေညာစာတမ်းအား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ထပ်လောင်းပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် (၂၅) ကြိမ်မြောက် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်မည် ဖြစ်သည်။

**ဆင်ဟွာ**

### အမေရိကန်၏ ရန်မူသည့် မူဝါဒများကို အဆုံးသတ်ရန် မြောက်ကိုရီးယား တောင်းဆို

**ပြုံယမ်း နိုဝင်ဘာ ၁၀**

အမေရိကန်တပ်မတော်သည် ကိုရီးယားကျွန်းဆွယ်တစ်ဝိုက်တွင် စုပုံလာနေပြီး အန္တရာယ်ကြီးမားသည့် အခြေအနေတစ်ရပ်ကို တွန်းပို့လာနေသည့်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် အပြည့်အဝတာဝန်ရှိကြောင်း မြောက်ကိုရီးယားက ကြေညာခဲ့သည်။

ကြာသပတေးနေ့တွင် ကိုရီးယားအလုပ်သမားပါတီမှထုတ်ဝေသည့် ရိုဒေါင်ဆင်မန် သတင်းစာခေါင်းကြီးပိုင်းတွင် အမေရိကန်ပြည်ထောင်စုကို ပြင်းပြင်းထန်ထန် ဝေဖန်ထားသည်။

မြောက်ကိုရီးယားက အမေရိကန်သည် တောင်ကိုရီးယားနှင့်အနီးတစ်ဝိုက်တွင် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများနှင့် အခြားမဟာဗျူဟာကျသည့် စစ်လက်နက်များကို လာရောက်ဖြန့်ကြက်ကာ အန္တရာယ်ကြီးမားသည့် အခြေအနေကို ဖန်တီးလျက်ရှိကြောင်း စွပ်စွဲထားသည်။

အကယ်၍ အမေရိကန်က ၎င်း၏ ရန်လိုသောမူဝါဒနှင့် မြောက်ကိုရီးယားနိုင်ငံအပေါ် နျူကလီးယားခြိမ်းခြောက်မှု အဆုံးမသတ်ပါက မြောက်ကိုရီးယားအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်အရ နျူကလီးယားအင်အားစုများဖြင့် ရင်ဆိုင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# လူဖြူ အမျိုးသားတွေ အုံ့မခန်းပါဝင်နေတဲ့ သေနတ်ပစ်ခတ်မှုများ

**ကလျာမိုးမြင့်**



အမေရိကန်ပြည်ထောင်စုမှာ လူအစုလိုက် အပြုံလိုက် သေနတ်နဲ့ပစ်သတ်ခံရမှုတွေ ဖြစ်ပွားနေမှုနဲ့အတူ ပြီးခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ စာရင်းကောက်ယူခဲ့တဲ့ လူအများအပြား သတ်ဖြတ်ခံရမှုတွေကို ကြည့်ရင် လူဖြူအမျိုးသားတွေထဲမှာ ကြီးမားတဲ့ အခက်အခဲတွေ ရှိနေသလားဆိုတဲ့ မေးခွန်းတွေ ပေါ်ထွက်လာပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာပဲ တက္ကဆက်ပြည်နယ်က ဘုရားရှိခိုးကျောင်းတစ်ခုမှာ သေနတ်ပစ်ခတ်မှုကြောင့် သေနတ်သမားအပါအဝင် လူ ၂၇ ဦး သေဆုံးသွားခဲ့ရပါတယ်။

သေနတ်ပစ်ခတ်မှုနဲ့ပတ်သက်ပြီး အသေးစိတ်သိရဖို့ အခုထိစုံစမ်းစစ်ဆေးနေဆဲပါ။ အာဏာပိုင်တွေရဲ့အဆိုအရ သေနတ်သမားက ဘုရားကျောင်းထဲကို ဝင်ရောက်လာပြီး လူ ၂၀ ကျော်ကို တရစပ် ပစ်သတ်သွားခဲ့တာပါ။ သေနတ်နဲ့ပစ်ခတ်ခဲ့တဲ့ ဒီဗင်ပက်ထရစ်ကယ်လီဟာ အမေရိကန်ပြည်ထောင်စုရဲ့ သမိုင်းကြောင်းမှာ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုကို အများဆုံး လုပ်ဆောင်ခဲ့တဲ့ လူဖြူတစ်ယောက်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုက လူဖြူအမျိုးသားတွေမှာ ပြဿနာတစ်ခုတော့ရှိနေပြီလို့ Brookings Institution ရဲ့ အကြီးတန်းခေါင်းဆောင် ဒါရယ်လ်ဝက်စ်က ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။ အလုပ်သမား လူတန်းစား လူဖြူအမျိုးသားတွေဟာ လက်နက်လူသူဝိုင်းရံခံထားရသလို ခံစားနေရပြီး စီးပွားရေးပိုင်းမှာလည်း စွမ်းဆောင်နိုင်မှုမရှိတော့ဘူးလို့ ဝက်စ်က ပြောပါတယ်။

အများစုဟာ စည်ကားသက်ဝင်မှုမရှိတဲ့ နေရာတွေမှာနေကြပြီး ဒီလိုနေထိုင်ရခြင်းက ဒေါသနဲ့ ခါးသီးတဲ့ ခံစားချက်တွေကို ပေါက်ဖွားလာစေခဲ့တယ်။ ဝင်ငွေရှာဖွေတာကို ကောင်းကောင်းမလုပ်နိုင်တော့တဲ့အခါ သူတို့ရင်ထဲမှာဖြစ်လာတဲ့ အမျက်ဒေါသနဲ့ ခံစားချက်တွေကို အခြားသူတွေအပေါ်မှာ ပုံချပစ်ဖို့ ဦးတည်လာကြပါတယ်။

အခြားသော မွေးသေစာရင်းဆိုင်ရာလေ့လာမှုတွေအရ တချို့သော ပြစ်မှုဗေဒ ကျွမ်းကျင်သူတွေကတော့ ဒါကိုစီးပွားရေးအရ ယှဉ်ပြိုင်မှုတွေကနေဖြစ်ရတဲ့ ခံစားမှုလို့ မှတ်ယူလိုက်ပြီး ဒီအဝန်းအဝိုင်းထဲမှာ ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်လာရသူတွေဟာ တဖြည်းဖြည်းနဲ့ ဘေးရောက်လာကြတာ ဖြစ်တယ်လို့ ကောက်ချက်ဆွဲခဲ့ကြပါတယ်။

ဝါရှင်တန်ပို့စ် သတင်းစာအင်တာဗျူးတစ်ခုမှာ နာမည်ကျော်ပြစ်မှုဗေဒကျွမ်းကျင်ပညာရှင်နဲ့ အရှေ့မြောက်ပိုင်းတက္ကသိုလ် ပါမောက္ခ ဂျိမ်းစ် အလန်ဖောက်စ်တို့က ဘယ်လိုသုံးသပ်ခဲ့သလဲဆိုတော့ အမေရိကန် လူဖြူအမျိုးသားတွေဟာ သူတို့ရဲ့အလုပ်အကိုင်တွေကို လူမည်း သို့မဟုတ် မက္ကဆီကန်တွေနဲ့ ဂျူးတွေက လက်ဦးမှုရယူသွားကြတယ်ဆိုပြီး မကြာခဏစောဒက တက်ကြတယ်။

လုပ်အားခ ကောင်းကောင်းပေးတဲ့ အလုပ်တစ်ခုဟာ သူတို့အတွက်တော့ နိုင်ငံသားတိုင်းက ပိုင်ဆိုင်သင့်တဲ့ အခွင့်အရေးတစ်ခုပဲ။ ဒီအရာကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့အခါမှာ အဲဒီ ဆုံးရှုံးမှုက စိတ်ပိုင်းဆိုင်ရာကို ထိခိုက်သွားစေခဲ့တယ်လို့ သုံးသပ်ပြောကြားခဲ့ပါတယ်။ ဒါတွေဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေမှာ အမေရိကန်က အလုပ်အကိုင်အခွင့်အလမ်းတွေဟာ လိုအပ်သည်ထက်ကျော်လွန်ပြီး ပင်လယ်ရပ်ခြားဆီကူးသန်းရောက်ရှိသွားတာတွေကို တွေ့မြင်ခဲ့ရပါတယ်။

အဲဒီအတွက် အလုပ်သမားလူတန်းစား လူဖြူအမျိုးသားများစွာဟာ အလုပ်လက်မဲ့ဖြစ်သွားရုံသာမကဘဲ အနာဂတ်အတွက်လည်း မျှော်လင့်ချက်တွေ မှေးမှိန်သွားခဲ့ရပါတယ်။ တချို့ကတော့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ အလွန်အမင်း ဆေးစွဲကုန်ကြပြီး တချို့ကတော့ ကမ်းမမြင် လမ်းမမြင်ဘဝကို ရောက်ရှိခဲ့ရတယ်။

Mother Jones မဂ္ဂဇင်းမှာ ဖော်ပြထားချက်အရ ၁၉၈၂ ခုကစပြီး အမေရိကန် ပြည်ထောင်စုမှာ လူအစုလိုက် အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုပေါင်း ၇၀ လောက်ရှိခဲ့ပြီး သေနတ်သမားတွေထဲက ၄၄ ယောက်ဟာ လူဖြူအမျိုးသားတွေ ဖြစ်နေပါတယ်။ သေနတ်ကိုင်ဆောင်မှုတွေကို ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုအတွင်းမှာ အချေအတင်ငြင်းခုံမှုတွေ ဆက်လက်ဖြစ်ပွားနေပေမယ့်လည်း ဒီအကြောင်းအရာဟာ ခဏအတွင်းမှာ ဖြေရှင်းသွားလို့ရနိုင်မယ့် အနေအထားမျိုး မရှိနိုင်ဘူးလို့ ကျွမ်းကျင်သူတွေက ပြောကြားခဲ့ပါတယ်။

သမ္မတရုံးနဲ့ ကွန်ဂရက်လွှတ်တော်ဆိုင်ရာ လေ့လာမှုဗဟိုဌာနက မူဝါဒဆိုင်ရာညွှန်ကြားသူ ဒုတိယအကြီးတန်းဥက္ကဋ္ဌ ဒန်မဟာဖီက ဒီပြဿနာအတွက် အဖြေတစ်ခုခုဆိုတာ မိုးကုပ်စက်ဝိုင်းမှာ ရှိနိုင်မယ်မထင်ဘူးလို့ ဆိုပါတယ်။ ကျွန်ုပ်ရဲ့ ကျွမ်းကျင်မှု အတွေ့အကြုံတွေအရ သုံးသပ်ရရင် သေနတ်ပိုင်ဆိုင်မှုနဲ့ သေနတ်ထိန်းချုပ်မှုဟာ ရီပတ်ဘလစ်ကန်တွေနဲ့ ဒီမိုကရက်တစ်တွေအတွက် နိုင်ငံရေးအရ အများကလက်ခံခွင့်ပြုထားတဲ့ ကဏ္ဍတစ်ခုဖြစ်လာခဲ့ပြီး ဒီအတွက် အဖြေဆိုတာလည်း ရှားပါးနေဦးမှာပဲလို့ မဟာဖီက ဖွင့်ဟပါတယ်။

ဘယ်လိုပဲဖြစ်စေ နှစ်ဖက်ပြေပြေလည်လည်ဖြစ်အောင် ဖြေရှင်းဖို့ ကြိုးစားတာထက် ဒီအကြောင်းအရာအပေါ်မှာ နှစ်ဖက်စလုံးရဲ့ အဓိက ပါဝင်မှုကို ထောင်ချောက်ဆင်ဖမ်းတာက ငွေကြေးအရရော၊ ရွေးကောက်ပွဲဆိုင်ရာအရပါ ပိုပြီးအကျိုးများစေတယ်လို့ မဟာဖီက ဝေဖန်သုံးသပ်ခဲ့ပါတယ်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့တဲ့ အခုရက်ပိုင်းအတွင်းမှာ သေနတ်ဥပဒေ အကျုံးဝင်ခဲ့ပြီးဖြစ်တာတောင် ဒီမိုကရက်တစ် အဖွဲ့သားတွေကတော့ သေနတ်ကိုင်ဆောင်ခွင့်ဥပဒေမှာ လိုအပ်ချက်ရှိနေသေးတယ်ဆိုတဲ့ အချက်ကိုမကြာခဏ ကိုးကားပြောဆိုလျက်ရှိနေပါတယ်။

သေနတ်သမားဟာ အမေရိကန် လေတပ်ကနေ ဂုဏ်သိက္ခာကင်းမဲ့စွာ ထုတ်ပယ်ခံလိုက်ရပြီးချိန်ကစလို့ လက်ရှိသေနတ်ဥပဒေအောက်မှာ သေနတ်ကိုင်ဆောင်ဖို့ အရည်အချင်းပြည့်မီခြင်းမရှိတော့ပါဘူး။ ခုလိုမှတ်တမ်းမျိုးရှိတဲ့သူကို သေနတ်ဝယ်ယူဖို့ ဥပဒေကခွင့်ပြုမထားဘူး။ ဒါပေမယ့် မှတ်တမ်းထဲမှာ သေနတ်သမားရဲ့နောက်ခံသမိုင်းကြောင်းကို စစ်ဆေးထားတာကို မဖော်ပြထားဘူး။ ဒါကြောင့် သူဟာ ဒါကိုမမှုဘဲ သေနတ်ဝယ်ယူနိုင်ခဲ့တယ်လို့ အမေရိကန် သတင်းမီဒီယာက ဖော်ပြထားပါတယ်။

တစ်ချိန်တည်းမှာပဲ ရီပတ်ဘလစ်ကန်တွေဟာ သေနတ်ကိုင်ဆောင်မှုနဲ့ပတ်သက်ပြီ ရိုးရိုးရှင်းရှင်း ဆောင်ရွက်နေတာတွေကို ပြောင်းလဲပစ်ဖို့လည်း စိတ်ပါလက်ပါမရှိလှဘူး။ အကယ်၍သာ အကောင်အထည်ဖော်ခဲ့ရင် လူ့အသက်တွေကို ကယ်ဆယ်ကောင်း ကယ်ဆယ်နိုင်လိမ့်မယ်။

ယခုရက်ပိုင်းအတွင်းမှာ ဖြစ်သွားခဲ့တဲ့ အစုလိုက်အပြုံလိုက် သေနတ်ပစ်ခံရမှုဟာ အမေရိကန်သမိုင်းမှာ လူအသေအပျောက်အများဆုံးဖြစ်တဲ့ အောက်တိုဘာ ၁ ရက် လက်စ်ဗီးဂက်စ် သေနတ်ပစ်ခတ်မှုအပြီးမှာ ဆက်လက်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

လက်စ်ဗီးဂက်စ် သေနတ်ပစ်ခတ်မှုကို ဝါရင့်လောင်းကစားသမားတစ်ဦးက လုပ်ဆောင်ခဲ့ပြီး အဲဒီလူဟာ အမျက်ဒေါသကြီးပြီး ဖျက်လိုဖျက်ဆီးလုပ်လိုတဲ့ လူဖြူအမျိုးသားတစ်ဦးဖြစ်တယ်လို့ မှတ်တမ်းထဲမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီပစ်ခတ်မှုမှာ လူ ၅၈ ဦး သေဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့တယ်။

သေနတ်သမားဟာ အထပ်ပေါင်း ၃၂ ထပ်ရှိတဲ့ ဟိုတယ်ခန်းကနေ ကန်းထရီးဂီတပွဲတော်မှာစုဝေးနေတဲ့ လူအုပ်ထဲကို စိတ်လွတ်လက်လွတ် သေနတ်ပစ်ခတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ သေနတ်ကိုင်ဆောင်ခွင့်ကို အာမခံထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အမေရိကရဲ့ အချက်အချာနေရာ ဒေသတွေမှာရှိတဲ့ ကျေးလက်အဖွဲ့အစည်းတွေ များစွာကို ခြောက်လှန့်နေသလို တွေ့မြင်နေရပါတယ်။

လက်နက်ကိုင်ဆောင်မှုကို ထောက်ခံသူတွေကတော့ အခြေခံအကျဆုံးဖြစ်တဲ့ သေနတ်ထိန်းချုပ်ရေးဥပဒေကိုတောင် ကန့်ကွက်ဆန့်ကျင်နေကြပြီး ဒီဥပဒေဟာ နောက်ဆုံးမှာ ၎င်းတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်တွေကို ထိပါးချိုးဖောက်လာနိုင်တဲ့ မယုံကြည်ရတဲ့ အရာတစ်ခုဖြစ်တယ်လို့ ရှုမြင်နေကြပါတယ်။

သေနတ်ပစ်ခတ်မှုတွေကို ဖြေရှင်းဖို့ လွယ်ကူတဲ့နည်းလမ်းတော့ မရှိဘူး။ ဒါပေမယ့် နောက်ခံသမိုင်းကြောင်းကို တင်းတင်းကျပ်ကျပ် စစ်ဆေးမှုကတော့ အကြမ်းဖက်မှုသမိုင်းကြောင်းရှိသူ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်သူတွေလက်ထဲကို အော်တိုမက်တစ်ရိုင်ဖယ်နဲ့ စစ်ရေးအရသုံးတဲ့ လက်နက်တွေ မရောက်ရှိအောင် ကူညီပေးနိုင်လိမ့်မယ်လို့ ကျွမ်းကျင်သူတွေက အကြံပြုခဲ့ပါတယ်။ **ဆင်ဟွာ**

> " **Mother Jones** မဂ္ဂဇင်းမှာ ဖော်ပြထားချက်အရ ၁၉၈၂ ခုက စပြီး အမေရိကန် ပြည်ထောင်စုမှာ လူ အစုလိုက် အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုပေါင်း ၇၀ လောက် ရှိခဲ့ပြီး သေနတ်သမားတွေထဲက ၄၄ ယောက်ဟာ လူဖြူ အမျိုးသားတွေ ဖြစ်နေပါတယ် "

# မြန်မာနိုင်ငံ အလယ်ပိုင်း၏ အိုအေစစ် ပုပ္ပား



တန်ဆောင်မုန်းလပြည့်နေ့က မြန်မာနိုင်ငံသတင်းစာဆရာအသင်း မကွေးတိုင်းဒေသကြီးအဖွဲ့တို့နှင့်အတူ လပြည့်နေ့အမှတ်တရအဖြစ် ပုပ္ပားနှင့်ပုဂံဈေးဦးသို့ ဘုရားဖူးခရီးစဉ်အနေဖြင့် သွားရောက်ခဲ့ရသည်။ မကွေးမြို့မှ မနက် ၈ နာရီက စတင်၍ ထွက်ခဲ့ပြီး ပုပ္ပားသို့ ၁၂ နာရီခန့်တွင် ရောက်ခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရောက်ရှိနေသဖြင့် အထူးစည်ကားလှသည်။

ပုပ္ပားတောင်သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ်အတွင်း ကျောက်ပန်းတောင်းမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိပြီး ပဲခူးရိုးမ၏ မြောက်ဘက်ခြမ်းတွင် သီးခြားတည်ရှိနေသော တောင်တန်းကြီးဖြစ်သည်။

ပုပ္ပားနှင့်ပတ်သက်၍ အဆိုနှစ်ခုရှိသည်။ ပထမအဆိုမှာ ပုပ္ပားသည် ပုဗ္ဗ (အရှေ့အရပ်)ဟူသော စကားမှ ဆင်းသက်လာပြီး ယင်းအရှေ့အရပ်မှာ ခရစ်နှစ် ၁၀၇ ခုနှစ်က သမုဒ္ဒရာဇ်မင်းသည် ယုန်လွတ်ကျွန်း၌ ရွာပေါင်း ၁၉ ရွာဖြင့် ပုဂံကို တည်ထောင်သော ခေတ်ဦးပုဂံဖြစ်သည်ဟု အောင်မင်းခေါင်ကျောင်းတိုက်မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။ နောက်တစ်ခုမှာ ရှေးစာဟောင်းစာပေတို့တွင် ‘ပုပ္ဖ ပဿဝေတိ ဇနေတီတိ’ ဟု ပါရှိပြီး ပုပ္ပားဟုဆိုသောအဓိပ္ပာယ်မှာ ပန်းတို့ကို ဖြစ်စေတတ်သောကြောင့် ပုပ္ပားဟူ၍ဖြစ်ကြောင်း ရှေးပညာရှိတို့အဆိုအရ သိရသည်။ ယနေ့ခေတ်တွင်လည်း ပုပ္ပားဒေသသည် အပူပိုင်းဒေသဖြစ်နေပါလျက် စိမ်းလန်းစိုပြည်ကာ ရာသီအလိုက်ပန်းတို့ဖြင့် ဝေဝေဆာဆာရှိနေသည်ကို တွေ့ရှိနိုင်သောကြောင့် ပုပ္ဖဟူသောစကားမှာ လက်ခံနိုင်ဖွယ်စကားဖြစ်ကြောင်း အဆိုပါ ဆရာတော်က ဆက်လက်မိန့်သည်။

**“ပုပ္ပားတောင်ဆိုတာ အဲဒီတောင်ကိုပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပုပ္ပားသားတွေအခေါ် တောင်မကြီး မီးငြိမ်းတောင်ပေါ့ဗျာ။ အဲဒီတောင်ကမှ ပုပ္ပားတောင်ပါ။ အများပြည်သူ တက်ရောက်ဖူးမြော်တဲ့ အခုတွေ့ရတဲ့တောင်ကို တောင်ကလပ်လို့ ခေါ်ပါတယ်။ ပုပ္ပားတောင်မကြီးရဲ့ အမြင့်ပေက ၄၉၈၁ ပေရှိပြီး အခုဖော်ပြတဲ့ တောင်ကလပ်ရဲ့ အမြင့်ပေက ၂၄၁၈ ပေရှိပါတယ်”**

ပုပ္ပားမြို့၊ ပုပ္ပားတောင်မကြီး၊ ပုပ္ပားတောင်ကလပ်ဟု ဒေသခံများက ခေါ်ဝေါ်ကြပြီး ယခုနှစ်တွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မိုးရွာသွန်းမှုများခဲ့သဖြင့် ပုပ္ပားတောင်မကြီးဘက်ရှိ ဘိုးတော်အောင်မင်းခေါင်ကျောင်း မုခ်ဦးအနောက်ဘက်ကားလမ်းမှာ သုံးပေခန့် နိမ့်ဆင်းခဲ့သည်။ လမ်းနိမ့်ဆင်းခဲ့မှုကြောင့် ကားလမ်းကို ယာယီပိတ်ထားသော်လည်း လပြည့်နေ့က ဘုရားဖူးကားများ သွားလာ၍ရနေသည်ဟု သိခဲ့ရသည်။

“ပုပ္ပားတောင်ဆိုတာ အဲဒီတောင်ကို ပြောတာမဟုတ်ပါဘူး၊ ကျွန်တော်တို့ ပုပ္ပားသားတွေအခေါ် တောင်မကြီး မီးငြိမ်းတောင်ပေါ့ဗျာ၊ အဲဒီတောင်ကမှ ပုပ္ပားတောင်ပါ၊ အများပြည်သူ တက်ရောက်ဖူးမြော်တဲ့ အခုတွေ့ရတဲ့တောင်ကို တောင်ကလပ်လို့ ခေါ်ပါတယ်၊ ပုပ္ပားတောင်မကြီးရဲ့အမြင့်ပေက ၄၉၈၁ ပေရှိပြီး အခုဖော်ပြတဲ့ တောင်ကလပ်ရဲ့အမြင့်ပေက ၂၄၁၈ ပေရှိပါတယ်၊ တောင်ချင်းမလွဲအောင် ပြောပြတာပါ”ဟု ပုပ္ပားမြို့မှ ဒေသခံကိုအောင်ကိုကိုက ပြောသည်။

“ကျွန်တော်တို့ငယ်ငယ်က စာသင်ခဲ့ရတာကလည်း ပုပ္ပားတောင်ဆိုတာ တောင်မကြီးပါ၊ အမြင့်ပေ ၄၉၈၀ ရှိတယ်လို့ သင်ခဲ့ရတယ်၊ အခုပုံက တောင်ကလပ်ပါ၊ ကျွန်တော်ငယ်ငယ်က တောင်မကြီးပေါ် တက်ဖူးခဲ့ပါတယ်၊ စကားဝါပင်ကြီးတွေ အများကြီးရှိပြီး အဲဒီတုန်းက တောင်မကြီးထိပ်မှာ ဘုရားစေတီတစ်ဆူပဲ ရှိပါတယ်၊ ၁၉၈၄ ခုနှစ် ဝန်းကျင်လောက်က တက်ဖူးခဲ့ပါတယ်။ ဦးနတည်ခဲ့တဲ့ဘုရား ရှိပါတယ်၊ အလယ်တောင်ပေါ်မှာပါ၊ ပုပ္ပားကနေ တောင်တက်လမ်းရှိပါတယ်၊ ဒီဇင်ဘာတောင်တက်ပွဲဆို ကျောင်းသူကျောင်းသားတွေ တက်ကြပါတယ်၊ အမြင့်ဆုံး မီးတောင်ပုံစံက တောင်မကြီး၊ ကလပ်ပုံစံ အခုပုံထဲကဟာက တောင်ကလပ်၊ တောင်မကြီးပေါ်မှာ အသံလွှင့်စက်ရုံရှိတယ်”ဟု အသက် ၅၀ ကျော် ဒေသခံတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အိုအေစစ်ဖြစ်သည့် တောင်တော်ရွှေပုပ္ပားတွင် ဘုရားအာရုံပြုရင်း ပုပ္ပားနယ်မြေ ရှုခင်းများကိုလည်း ကြည့်ရှုခံစားနိုင်ကြသည်။ တန်ဆောင်းမုန်းလပြည့်နေ့က မန္တလေးမှ ပုပ္ပားသို့ လာရောက်သည့် ဘုရားဖူးတစ်ဦးက “အပူပိုင်းဒေသမှာ ပါတဲ့ ပုပ္ပားဒေသဟာ အခြားပတ်ဝန်းကျင် အပူပိုင်းဒေသများနဲ့မတူတဲ့ ရာသီဥတု နယ်မြေအနေအထားနဲ့ သဘာဝအလှတရားတွေ ရှိနေပါတယ်”ဟု ပြောသည်။

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၅၀၀ တွင်ရှိသော ပုပ္ပားတောင်ကလပ်ထိပ်သို့ရောက်ဖို့ တောင်ခြေကနေ လှေကားထစ်ပေါင်း ၇၇၇ ထစ်ကို တက်ရောက်ရသည်ဟု သိရသည်။ “တောင်တက်လမ်းမှာ အမှတ်တရပစ္စည်းတွေ သစ်သားနဲ့ လုပ်ထားတဲ့ပစ္စည်းတွေ ရောင်းချနေတဲ့ ဈေးဆိုင်တွေမှာ ကြည့်လိုက်တက်လိုက်နဲ့ တောင်ထိပ်ကို ရောက်ခဲ့တော့တယ်၊ ဒါပေမယ့် အတက်လမ်း လှေကားထစ် တစ်လျှောက်မှာ ညှော်သည်တွေတက်လာတဲ့အသံကြားမှ တံမြက်စည်း လှဲချင်ယောင်ဆောင်ပြီး ပိုက်ဆံတောင်း စီးပွားရှာနေတဲ့သူတွေကိုတော့ စိတ်ပျက်မိတယ်”ဟု ဘုရားဖူးတစ်ဦးက ပြောသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ပုပ္ပားဒေသတွင် အချိန်ကြာမြင့်စွာ မိုးသည်းထန်ခဲ့ပြီးနောက် အောင်မင်းခေါင်ကျောင်းတိုက်ရှေ့တစ်ဝိုက်ရှိ တောင်ကလပ်သို့သွားရာ ကတ္တရာလမ်း၏ အလျားပေ ၁၅၀ ခန့်ရှိ လမ်းပိုင်းမှာ တစ်ပေခန့်အထိ မြေကျွံနိမ့်ကျသွားခဲ့ပြီး ထိုလမ်းပိုင်း ဘေးဝဲယာရှိ ဈေးဆိုင်အဆောက်အအုံနှစ်လုံး၊ လူနေအိမ်သုံးလုံးနှင့် အဆောက်အအုံအချို့ မြေကျွံမှုတွင် ပါဝင်ကာ ဓမ္မာရုံတစ်လုံး ပျက်စီးပြီး အောင်မင်းခေါင် ကျောင်းဝင်းအတွင်းရှိ ရတနာသိဒ္ဓိကျောင်းဆောင်နှင့် ပုပ္ပားတောင်ကလပ်ဘက်သို့ အတက်အဆင်း လှေကားထစ်များ ပျက်စီးခဲ့သည်ဟု ဒေသခံများထံမှ သိခဲ့ရသည်။

**ဇွဲထက်ရှင်**

## သီရိမင်္ဂလာ ရွှေချမ်းသာဘုရား မီးထွန်းပွဲတော် ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၁၀**

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်တိုင်းတွင် ကျင်းပမြဲဖြစ်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ယခုနှစ်တွင်လည်း ဘုရားရှေ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ဒုဥက္ကဋ္ဌ ဦးစင်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တန်ဆောင်တိုင် မီးထွန်းပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မီးရှူးမီးပန်းများနှင့် မီးပုံးငယ်များ လွှတ်တင်ကြသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးအတွင်း၌ ရတနာဒီပံဆီမီးတိုင်ထွန်းညှိပူဇော်ကာ လိုဏ်ဂူတော်အတွင်းလှည့်လည်ဘုရားဖူးခဲ့ကြသည်။

အဆိုပါ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပပြီး ညမီးကြီး မီးပုံးပျံ ၁၀ လုံး လွှတ်တင်ယှဉ်ပြိုင်ခြင်းနှင့် ညစဉ်မီးပဒေသာလှည့်လည် ပူဇော်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ပဲတီစိမ်း စနစ်တကျ စိုက်ပျိုးနိုင်စေရန် ပညာပေး ဆွေးနွေး

**သုံးခွ နိုဝင်ဘာ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းမှ တောင်သူများ ပဲတီစိမ်း GAP နှင့် GHP နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်စေရန်အတွက် အသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းကို သုံးခွမြို့ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့် သင်တန်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးရွှေဖြူက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်က ပဲစိုက်တောင်သူများ သိရှိလိုက်နာသင့်သည့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် Bright Light ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ဝင်းက ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဲတီစိမ်းဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် ဒေါက်တာစန်းစန်းဝင်းနှင့် ပညာရှင်လေးဦးတို့က ပဲစိုက်တောင်သူများအား GAP နှင့် GHP နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အသေးစိတ် ရှင်းလင်းဆွေးနွေး ပို့ချခဲ့ကြပြီး ယင်းသင်တန်းသို့ ပဲစိုက်တောင်သူ ၅၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ဖာပွန် နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ဝေဆန်ကျေးရွာရှိ ဆင်းသုခ မျိုးစေ့ထုတ်ဧရိယာ ၅ ဧက၌ စံကွက်ရိတ်သိမ်းခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်ဆွေက မျိုးစေ့ထုတ်စိုက်ခင်းများတွင် တောင်သူများ ပူးပေါင်းပါဝင်လာစေရန်နှင့် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်စိုက်ခင်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ သရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုပါ ဆင်းသုခမျိုးစေ့ထုတ်ဧရိယာအတွင်း စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၇၅ ဒသမ ၇၁ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**မောင်မွှေး**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် အသင်းများကို လူတွေ့စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကိုကိုးကျွန်းအပါအဝင် မြို့နယ်ပေါင်း ၄၅ မြို့နယ် ရှိသည့်အနက် ၄၃ မြို့နယ်မှ အသင်း ၄၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ပါဝင်မည့်အသင်းများမှ ကစားသမားများအား တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်း မိုးလုံလေလုံ အားကစားရုံ၌ နိုဝင်ဘာ ၇ ရက်က လူတွေ့စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။




ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက “ပြိုင်ပွဲကျင်းပရေးကော်မတီ ရှိတယ်၊ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နဲ့ နောက်ပိုင်း မွေးဖွားပြီး (၁၂/)မှတ်ပုံတင် ကိုင်ဆောင်ထားသူ၊ လဝက ပုံစံ(၆၆/၆) စာရင်းသွင်းပြီးသားကို သတ်မှတ်ကစားခွင့် စည်းကမ်းသတ်မှတ်ထားတယ်၊ ခုကော်မတီဝင်တွေက တိုက်ဆိုင် စစ်ဆေးနေပါတယ်၊ ဓာတ်ပုံမှတ်တမ်းလည်း ယူထားတယ်၊ အငြင်းမပွားရအောင်ပါ၊ မြို့နယ်အချို့မှာ လေးငါးဦး ဖြုတ်ထားရတယ်၊ ၁၅ ဦးကျန်ရင် ကျန်သလောက်နဲ့ ကန်ရမှာပါ၊ မနှစ်ကဆို ဆိပ်ကြီးခနောင်တိုက ရန်ဖြစ်တယ်၊ ဒိုင်ကိုထိုးတာဖြစ်လို့ ဒီနှစ်တော့ စည်းကမ်းထိန်းသိမ်းရေးက ကစားခွင့်မပြုဘူး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ကျင်းပမယ့် တိုင်းနှင့်ပြည်နယ် အသက် ၂၂ အောက်ပဲ ဘောလုံးပြိုင်ပွဲအတွက် တိုင်းလက်ရွေးစင်ရွေးထားမယ်၊ ကလေးတွေ ကျန်းမာကြံ့ခိုင်ဖို့၊ ကာယ၊ ဉာဏ၊ ဗလ၊ စာရိတ္တဖွံ့ဖြိုးဖို့လည်း ရည်ရွယ်ပါတယ်”ဟု ပြောသည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအတွက် ၄၃ မြို့နယ်ကို ဇုန်လေးဇုန်ခွဲထားပြီး အုပ်စုပွဲစဉ်များကို ဇုန်အလိုက် ကျင်းပသွားမည်ဖြစ်ရာ အရှေ့ပိုင်းဇုန်က တောင်ဥက္ကလာပနှင့် ဒဂုံမြောက် အားကစားကွင်း၊ အနောက်ပိုင်းဇုန်က လှိုင်နှင့် ကြည့်မြင်တိုင်၊ မြောက်ပိုင်းဇုန်တွင် လှိုင်သာယာနှင့် လှည်းကူး၊ တောင်ပိုင်းဇုန်က သန်လျင်နှင့် တွံတေး အားကစားကွင်းများတွင် ကစားကြရမည်ဖြစ်သည်။ ဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ ၁၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တရားမဝင် ငါးဖမ်းနည်းများဖြင့် မဖမ်းဆီးရန် ဆိုင်းဘုတ်စိုက်ပြီး အသိပေးတားမြစ်

**သုံးခွ နိုဝင်ဘာ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်း၌ ငါးသယံဇာတ ထိန်းသိမ်းရန်နှင့် တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးစေရေးအတွက် အသိပေးတားမြစ်ချက် ဆိုင်းဘုတ်ကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက သုံးခွမြို့စိုက်ပျိုးရေးကွေ့အနီး၌ နိုဝင်ဘာ ၈ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။

ဆိုင်းဘုတ်ကို ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများက စိုက်ထူခဲ့ခြင်းဖြစ်ပြီး ယင်း အသိပေးတားမြစ်ချက် ဆိုင်းဘုတ်တွင် တားမြစ်ထားသော ငါးဖမ်းနည်းများဖြစ်သည့် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းတို့ကို မည်သူမှ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၆၂ အရ ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ဒဏ်ငွေကျပ် သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ကြည်စိုးလွင်(သုံးခွ)**

## မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပေး

**ချောင်းဆုံ နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားပြီး စာပေကို ချစ်မြတ်နိုးစေရန်အတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာသင်ကျောင်းများသို့ မိုဘိုင်းစာကြည့်တိုက် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်၍ စာအုပ်များ ငှားရမ်းပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်က တကူပတီကျေးရွာ မူလတန်းကျောင်းသို့ ကွင်းဆင်းသွားရောက်၍ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများအဖြစ် ကျောင်းသား ကျောင်းသူများအား စာပေနှင့်ပတ်သက်သည့် အကြောင်းအရာများ ဟောပြောခြင်း၊ စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကို ဟောပြောခြင်းများ ဆောင်ရွက်ကြပြီး စာအုပ်များ ငှားရမ်းပေးကာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး နံရံကပ်စာစောင်များကိုလည်း ပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဂျပန်နိုင်ငံမှ လှူဒါန်းငွေဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၁၀**

ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၌ ဆောက်လုပ်ခဲ့သည့် ချယ်ရီကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ နိုဝင်ဘာ ၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ဂျပန်နိုင်ငံသံရုံးမှ တတိယအတွင်းဝန် Mrs.Susuki Ayano၊ ပခုက္ကူမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းကြည်က ပညာရေးဆိုင်ရာများ ရှင်းလင်းတင်ပြပြီး အလှူရှင်များကိုယ်စား ဂျပန်သံရုံး တတိယအတွင်းဝန်က ကျောင်းဆောင်လှူဒါန်းခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ချယ်ရီဆောင်ကျောင်းဆောင်သစ်ကို ၂၀၁၅ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း ၁၂၀၀ ခန့်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ရှိပြီး အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကာ ရေလွှတ်သည့်အမြင့်တွင် ဆောက်လုပ်ထားကြောင်း၊ ထောက်ရှာပင်ကျေးရွာသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ ၂၀၁၅ ခုနှစ်က ကျေးရွာလုံးကျွတ် ယခုနေရာသို့ ပြောင်းရွှေ့ခဲ့ရသည့် ကျေးရွာဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

## မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန် သောင်ပြင်ပြုပြင်ရေးလုပ်ငန်းများ စတင်

**မင်းဘူး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ရက်နေ့မှစ၍ ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင် ပွဲတော်ကျင်းပနိုင်ရေးအတွက် သောင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ထံမှ သိရှိရသည်။

"ပွဲတော်ကျင်းပတဲ့သောင်ပြင်ကိုစတင်ပြင်ဆင်နေတာဖြစ်ပါတယ်၊ မန်းချောင်းက ရခိုင်ရိုးမကို ချောင်းဖျားခံတဲ့ ငဖဲမန်းချောင်းနဲ့ ပန်းတိမ်းမန်းချောင်းဆိုတဲ့ တောင်ကျချောင်းကြီးနှစ်ခုနဲ့ အခြားချောင်းငယ်များ ပေါင်းဆုံစီးဆင်းတာဖြစ်တဲ့အတွက် သဘာဝချောင်းကို စျေးဆိုင်၊ တည်းခိုခန်း၊ ဂေါပကရုံး၊ ဆေးပေးခန်း၊ မီးသတ်၊ ကားကွင်းစတဲ့ နှစ်စဉ်ကျင်းပမြဲ အကွက်ကျပုံစံဖြစ်အောင် စက်ယန္တရားအပြည့်အစုံနဲ့ နေ့ရောညပါ နှစ်လခန့်ကြာအောင် ပြုပြင်ယူရပါတယ်"ဟု မန်းရွှေစက်တော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"လိုအပ်တဲ့ စက်ယန္တရားကြီးများ၊ စက်မောင်းနဲ့ အင်ဂျင်နီယာများကို ဆည်မြောင်းဦးစီးဌာနက နှစ်စဉ် ကုသိုလ်ယူ ပြုပြင်ပေးလျက်ရှိပါတယ်၊ စက်မောင်းဆီများကို ဂေါပကအဖွဲ့က နေ့စဉ်တိုင်းတာ စစ်ဆေးကာ ကုန်ကျမှုနည်းပါးစွာနဲ့ လုပ်ငန်းများ အချိန်မီ အောင်မြင်ပြီးမြောက်အောင် သောင်ပြင်ပြုပြင်ရေးကော်မတီဖွဲ့စည်းပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်"ဟု ၎င်းက ဆက်ပြောပြသည်။

သောင်ပြင် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးမောင်မောင်ဝင်းက "အထူးသဖြင့် မန်းချောင်းအထက်ပိုင်းက မန်းချောင်းရေလှောင်တမံ အိုင်းမရေလွှဲဆည်မှ နွေသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေချိန်ဟာ မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပချိန်နဲ့ ကိုက်ညီနေပါတယ်၊ ဘုရားဖူးပြည်သူများ ရေချိုးနိုင်ရန် အဆင်ပြေတဲ့ရေပမာဏကို နွေသီးနှံစိုက်ပျိုးမှုအရ ချိန်ဆရေပေးဝေနိုင်ရေးအတွက် မန်းချောင်းကိုဗဟိုပြုပြီး ဝဲယာသောင်ပြင်နှစ်ဖက်ကို အထူးအလေးထား ပြုပြင်ရပါတယ်၊ ယခုနှစ် မိုးတွင်းကာလမှာ မန်းချောင်းရေ များပြားခဲ့မှုအရ ပိုမိုပြုပြင်လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် မြေတူးစက်နှစ်စီး၊ မြေတွန်းစက်နှစ်စီး၊ ပြင်ပငှားရမ်းမြေသယ်ယာဉ် ဖောကားငါးစီးတို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်၊ ခရီးသွားပြည်သူများ အောက်စက်တော်ရာသို့ အန္တရာယ် ကင်းပြီး လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်ရေးအတွက် မန်းချောင်းဖြတ် ယာယီဝါးတံတားရဲ့ ချဉ်းကပ်လမ်းကိုလည်း မြေဖို့လျက်ရှိပါတယ်"ဟု ပြောသည်။



မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနိုင်ရေးအတွက် သောင်ပြင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသလို မန်းရွှေစက်တော်အဝင် သုံးမိုင်လမ်းရှိ လှေတင်တံတားကြီး တည်ဆောက်နေမှုကိုလည်း ပွဲတော်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

## မြန်မာစာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာန ပူးပေါင်း၍ မြန်မာစာ စွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**ကျောက်ဆည် နိုဝင်ဘာ ၁၀**

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာစာ၊ မြန်မာစကား အနက်အဓိပ္ပာယ် အသုံးအနှုန်းများကို စနစ်တကျ သုံးစွဲတတ်စေရန်အတွက် မြန်မာစာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်၌ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာက မြန်မာစာရေးသားရာတွင် မြန်မာဗျည်း၊ သရ၊ အက္ခရာ၊ အသံထွက်၊ အနက်အဓိပ္ပာယ်တို့ကို ထုံးမီစံမှျ မှန်ကန်တိကျစွာ ရေးသားတတ်ရန်၊ မြန်မာစကားပြောဆိုရာတွင်ဖြစ်စေ မြန်မာစာရေးသားရာတွင်ဖြစ်စေ မိမိဆိုလိုရင်းကို မှန်ကန်တိကျစွာ ပြောဆိုရေးသားတတ်စေရန်၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရိုးရာပုံပြင်များ၊ တေးကဗျာများ၊ စကားထာများနှင့် စကားပုံများ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ လေ့လာတတ်စေရန်နှင့် မြန်မာဘာသာစကားစနစ်၏ အခြေခံများကို နားလည်စေရန်၊ မြန်မာစာပေကို ထိန်းသိမ်းအပ်သော အမျိုးသားလက္ခဏာတစ်ရပ်အဖြစ် စောင့်ရှောက်ရန်၊ မြန်မာစာပေ၏ အနက်အဓိပ္ပာယ် သဒ္ဒါအသုံးအနှုန်းကို ကျောင်းသားလူငယ်များ မှန်ကန်စွာ သိရှိနားလည်လာစေရန် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား အတုယူ၍ မြန်မာစာပေကို မြတ်နိုးလေ့လာလိုက်စားလိုသူများ ပိုမိုပေါ်ထွန်းလာစေရန်အတွက်လည်း ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မူလတန်းအဆင့်၊အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ဟု အဆင့်များအလိုက် ကျောင်းသား ကျောင်းသူများအား ပြိုင်ပွဲကျင်းပပေးခဲ့ပြီး အခြေခံမူလတန်းအဆင့်တွင် မြန်မာစာ မြန်မာစကား၊ မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် မြန်မာစာ မြန်မာစကား၊ မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား၊ မြန်မာသဒ္ဒါ၊ မြန်မာစာပေစကားဝိုင်းစသည့် ခေါင်းစဉ်များပါဝင်ကာ ပြိုင်ပွဲသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင် ညှိနှိုင်းဆွေးနွေး

**မကွေး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မကွေးမြို့၌ ကလေးစာပေပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လုပ်ငန်းများကော်မတီအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရန် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင်တို့က ကလေးစာပေပွဲတော်ကျင်းပခြင်း၏ ရည်ရွယ်ချက်နှင့် ကလေးစာပေပွဲတော်တွင် ပါဝင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ နေပြည်တော် ကလေးစာပေပွဲတော် ကျင်းပခဲ့သည့် ဗီဒီယိုနှင့် မကွေးမြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်၌ အသုံးပြုမည့်အသုံးအဆောင်ပစ္စည်းများကို ပြသခဲ့သည်။

ထို့နောက် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သန်းက ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းရန်နှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများကလည်း ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရှင်းလင်းဆွေးနွေး

**ဖားဆောင်း နိုဝင်ဘာ ၁၀**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်အတွင်းမှ ကလေးငယ်များ ဂျပန်ဦးနှောက်ရောင်ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံပေးမည့်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲတွင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအိဖြူသွယ်က ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်းဆောင်ရွက်မည့်အခြေအနေနှင့် မြို့နယ်အတွင်း ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အတွင်း ကာကွယ်ဆေးထိုးပေးရန်အတွက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်ကိုက်ခြင်းမှ ကူးစက်တတ်သောရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားပါက ပျောက်ကင်းအောင်ကုသနိုင်သည့် ထိရောက်သောဆေးဝါး မရှိသေးကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဝိုင်းစုခိုင်သိန်း တစ်ကိုယ်တော်ဖျော်ဖြေမည်



**ရန်ကုန် နိုဝင်ဘာ ၁၀**

ဝိုင်းစုခိုင်သိန်း တစ်ကိုယ်တော်ဖျော်ဖြေပွဲကြီးကို ဒီဇင်ဘာ ၂၄ ရက်တွင် ကျရောက်မည့် သူ၏ မွေးနေ့တွင် ပြုလုပ်ရန်စီစဉ်နေပြီး သီချင်းများအတွက် ပြင်ဆင်နေပြီဖြစ်သည်။

ပရိသတ်များ၏ တောင်းဆိုမှုအရ ရန်ကုန်မြို့အပြင် မန္တလေးမြို့တွင်လည်း လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် Dream lover band နှင့်အတူ one lady show ကို ပြုလုပ်သွားမည်ဟု သိရသည်။ "ပထမတော့ ရန်ကုန်တစ်ပွဲပဲလုပ်ဖို့ စဉ်းစားထားတာပါ၊ ဒါပေမယ့် ပရိသတ်တွေက မန္တလေးမှာလည်း လုပ်စေချင်တယ်လေ၊ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းလောက်က ထွက်ရှိခဲ့တဲ့ "ဂါ" တေးစီးရီး DVD ကိုလည်း တစ်ကိုယ်တော်ဖျော်ဖြေပွဲ မတိုင်မီမှာ ဖြန့်ချိမှာပါ၊ အခွေအတွက်လည်း ပြင်ဆင်နေသလို တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် ပြင်ဆင်မှုတွေ လုပ်နေရတာမို့ အလုပ်တွေလည်း ရှုပ်နေပါတယ်။ တစ်ကိုယ်တော် ဖျော်ဖြေပွဲက ဒီဇင်ဘာ ၂၄ ဝိုင်းစုမွေးနေ့မှာ လုပ်ဖို့တော့ Confirm ဖြစ်တယ်။ ပရိသတ်တွေကို မေးကြည့်တော့လည်း မွေးနေ့မှာ ပိုပြီး လုပ်စေချင်တယ်။ လက်ဆောင်တွေလည်း ပေးချင်တယ်။ မွေးနေ့မှာ လာချင်တယ်ဆိုလို့ အဲဒီနေ့လုပ်ဖို့ စဉ်းစားထားတယ်။ ရှေ့နှစ်နှစ်တုန်းကလည်း အဲဒီနေ့ကိုလုပ်ချင်တာ။ ပွဲတွေတိုက်နေမှာ စိုးတာနဲ့ကြောက်ပြီး မလုပ်ဖြစ်တာ"ဟု ပြောသည်။

သူ့အနေနှင့် ၂၀၁၅ ခုနှစ်ကလည်း တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ပြီး သီချင်းအသစ်တွေ စုစည်းနေတာကြောင့်၊ နှစ်နှစ်လောက်ကြာမှ ပြန်လည်လုပ်ဖြစ်ခဲ့သည့်ဖျော်ဖြေပွဲဖြစ်ပြီး တေးသီချင်းသစ်အပုဒ် ၃၀ ကို ဖျော်ဖြေသွားမည်ဟု သိရသည်။

**ကိုလင်း**



# စီးရီးရောင်းရငွေများကို လှူဒါန်းသွားမည့် ထျန်ခေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

"ချစ်လွန်းလို့" တေးသီချင်းဖြင့် ပရိသတ်အားပေးမှု အခိုင်အမာရရှိခဲ့သော တေးသံရှင် ထျန်ခေး၏ ဒုတိယမြောက် တစ်ကိုယ်တော် "ဒုတိယအနမ်း ဒုတိယအလွမ်း" တေးအယ်လ်ဘမ်တွင် ကိုယ်ပိုင်သံစဉ်သစ်များပါဝင်ပြီး ၂၈ နှစ်ပြည့်မွေးနေ့အမှတ်တရအဖြစ် နိုဝင်ဘာ ၈ ရက်က bo bo music မှ ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ဒီသီချင်းခွေလေးကို ကျွန်တော်ရဲ့ ၂၈ နှစ်ပြည့် မွေးနေ့အမှတ်တရအနေနဲ့ ဒီနေ့မှာ ထွက်ဖြစ်တာပါ၊ ကျွန်တော် သီချင်းခွေကို ပရိသတ်တွေဆီ အထူးအစီအစဉ်အနေနဲ့ တစ်ခွေကို ငွေကျပ် ၃၀၀၀ နဲ့ ငွေကျပ် ၁၅၀၀၀ဆိုပြီး ရောင်းချမှာပါ။တစ်သောင်းခွဲ ရောင်းချတဲ့သီချင်းခွေမှာ ပရိသတ်အတွက် Show ပွဲ လက်မှတ်ပါထည့်ပေးမှာ ဖြစ်ပါတယ်။ ဒီလက်မှတ်ရောင်းရငွေ ထဲက ၅၀ ရာခိုင်နှုန်းကို မိဘမဲ့ကလေးကျောင်းကို လှူဒါန်းသွားမှာပါ"ဟု တေးသံရှင် ထျန်ခေးက ပြောသည်။

အဆိုပါသီချင်းခွေတွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးရေးဆရာ Judson Paul၊ ရဲကျော်သူ၊ Brang Mai EZ၊ နေလင်းအောင်၊ ဖိုးသူ၊ စိုင်းလောင်ခေးနှင့် ထျန်ခေးတို့က ရေးသားထားသည်။ သီချင်းခွေကို တစ်နှစ်ကျော် ကြိုတင်ပြင်ဆင်ခဲ့ပြီး အချစ်၊ အလွမ်း၊ အဆွေးရသများ ပါဝင်ကြောင်း သိရသည်။ Pop , R&B ဂီတအမျိုးအစားများပါဝင်ကြောင်း သိရသည်။

**ကိုလင်း**

# Oppo Myanmar ၏ BrandAmbassador အဖြစ် သရုပ်ဆောင် ရွှေမှုံရတီအား ခန့်အပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာပြည်၏ ဖုန်းလောကတွင် နာမည်တစ်ခုရရှိထားသည့် Oppo က နာမည်ကြီး အနုပညာရှင်များဖြင့် မကြာမီ မိတ်ဆက်ပွဲများပြုလုပ်ပြီး အသစ်ထပ်မံထွက်ရှိလာမည့် နောက်ဆုံးပေါ် ဒီဇိုင်းသစ်များဖြင့် မိတ်ဆက်မည်ဟု သိရသည်။

အဆိုပါ အခမ်းအနားများတွင် Selfie ဘုရင် စမတ်ဖုန်းအသစ်ကို မိတ်ဆက်ပြသပေးခြင်း၊ OPPO Myanmar ၏ Brand Ambassador အသစ်ဖြစ်သူ နာမည်ကျော်အနုပညာရှင် ရွှေမှုံရတီ၊ အခြား Brand Ambassador များနှင့် နာမည်ကျော်အနုပညာရှင်များ တက်ရောက်ချီးမြှင့်ခြင်း အပါအဝင် ဖျော်ဖြေရေး အစီအစဉ်များစွာဖြင့် ကျင်းပသွားမည် ဖြစ်သည်။

**ကိုလင်း**

# အိန္ဒိယရုပ်ရှင်ကားကို အခြေပြုရိုက်ကူးထားသည့် တာတေကြီးဇာတ်ကား ယခုလလယ်ရုံတင်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အိန္ဒိယရုပ်ရှင်ကားကို အခြေပြုမှီငြမ်းထားသည့် "တာတေကြီး" ရုပ်ရှင်ဇာတ်ကားကြီးကို လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးထားပြီး အကယ်ဒမီနေတိုးနှင့် ရွှေသမီးတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြကာ သရုပ်ဆောင် ဇော်ဦး၊ ညီဂျော်၊ ကိုကိုဦး၊ အောင်မိုး၊ ဦးဝင်းမြိုင်၊ သိင်္ဂီထွန်း၊ ဒေါ်နွဲ့နွဲ့စန်း၊ ချောချော၊ စင်သီယာ၊ အိစိကွေး၊ ဇာဇာဘုန်းမြတ်နှင့် သရုပ်ဆောင်များစွာတို့ကလည်း အားဖြည့်ပါဝင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ဘွဲ့ရပြီးခါစ လူငယ်တစ်ယောက်ဖြစ်သည့် ရဲခေါင် (နေတိုး) သည် အပေါင်းအသင်းမက်သူတစ်ယောက်ဖြစ်ပြီး သူငယ်ချင်းတွေကြားမှာလည်း ပြဿနာတစ်ခုခုဖြစ်ပြီဆိုရင် ရှေ့ကဦးဆောင်ကာ ဖြေရှင်းတတ်သူတစ်ယောက်ဖြစ်သည်။ သို့သော် သူ၏ အားနည်းချက်က သရဲကြောက်တတ်သည့်စိတ်၊ ထိုအားနည်းချက်ကြောင့်ပင် သူငယ်ချင်းတွေနှင့် မိသားစုတွေက သရဲဆိုတာ တကယ်မရှိကြောင်းပြောသော်လည်း ရဲခေါင်က လက်မခံနိုင်ဖြစ်ခဲ့ပြီး ကြောက်ရွံ့စိတ်ကသာ ကြီးစိုးနေသည်။ ထို့ကြောင့် ရယ်စရာ၊ စနောက်ချင်စရာဖြစ်နေခဲ့သည်။

သူမည်မျှအထိ သရဲကြောက်သနည်းဆိုပါက တူ၊ တူမလေးတွေက သရဲခြောက်တမ်းကစားမယ်ဆိုလာလျှင်ပင် နေစရာမရှိဖြစ်နေ သူ၊ အိမ်သာသွားရင်တောင်မှ မိခင်ကို မရမက ခေါ်တတ်သူတစ်ယောက်ပင်။ တစ်နေ့ ရဲခေါင်တို့ သူငယ်ချင်းတစ်စု ပိုက်ကျော်ခြင်းကစားနေကျနေရာကို ကွန်ဒိုဆောက်ဖို့ အသိမ်းခံလိုက်ရသည်မို့ ကစားရန်နေရာရှာရင်းက တခြားရပ်ကွက်မှာရှိသည့် လူမနေသောခြံအကျယ်ကြီးထဲတွင် သွားရောက်ကစားခဲ့ကြသည်။ ယင်းခြံကြီးထဲကို ရပ်ကွက်ထဲမှ မည်သူတစ်ဦးတစ်ယောင်ပင် မဝင်ရဲကြပေ၊ သရဲခြောက်သည်ဟု နာမည်ကြီးနေသောခြံဖြစ်နေသည်။ ချောက်ချားစရာကောင်းလှသည့် ခြံထဲသို့ ရဲခေါင်တို့ သူငယ်ချင်းတစ်သိုက် ပိုက်ကျော်ခြင်း ကစားဖို့အတွက် တိုင်များဆောက်ရန် သံငုတ်များတူးနေရင်း ထူးဆန်းသော ဖြစ်ရပ်




အနေဖြင့် ညည်းတွားသံများကြားရပြီး ကောင်းကင်ကြီးမှာလည်း မှောင်မည်းသွားကာ တိမ်မိုးသားတို့က ရဲခေါင်တို့ သူငယ်ချင်းများရှိသည့်အပေါ်တည့်တည့်မှာ မှောင်နေပါတော့သည်။ သရဲဆိုရင် ကြောက်တတ်သော ရဲခေါင်တစ်ယောက် သုတ်ခြေတင်ပြေးရန်ပြင်ပြီး သံငုတ်သုံးချောင်းကို ပြန်နုတ်ယူကာ ခြေဖဝါးနှင့်တင်ပါး တစ်သားတည်းဖြစ်အောင် ပြေးတော့သည်။

ရဲခေါင်တို့ အိမ်မှာလည်း မရီးဖြစ်သူ၏ ညီမအရင်းဖြစ်သည့် နန္ဒာဆိုသည့် မိန်းကလေးလည်းရောက်ရှိနေပြီး ရဲခေါင်၏လွယ်အိတ်ထဲမှ ထွက်လာသော ညှီစို့စို့ အနံ့တွေက တစ်အိမ်လုံးကို ပျံ့သွားပြီး ရဲခေါင်လည်း လွယ်အိတ်ကို ဆေးကြောသန့်စင်ဖို့ ဘေစင်ကို ယူသွားချိန် လွယ်အိတ်ထဲမှ သွေးများထွက်လာပြီး ရဲခေါင်၏ လက်တွေကို ပေကျံကုန်တော့သည်။ ထိုဖြစ်ရပ်ဖြစ်ပြီးနောက်ပိုင်း သူတို့အိမ်တွင် ညဥ့်နက်သန်းခေါင်ယံအချိန်ဆိုလျှင် အောက်ထပ်ဧည့်ခန်းမှ ကလေးကစားစရာတွေကို ဆော့သည့် အသံတွေ၊ တံခါးဖွင့်သံတွေ စသဖြင့် အသံပေါင်းစုံကြားနေရတာကို ရဲခေါင်တို့ မိသားစု သတိထားမိခဲ့ကြသည်။ ရဲခေါင်မသိဘူးထင်၍ မပြောဘဲနေခဲ့ကြရာမှ အခြေအနေတွေ ပိုဆိုးလာပြီး ရဲခေါင်ကိုယ်တိုင်ကလည်း အပြောင်းအလဲတွေဖြစ်လာတာကြောင့် မိသားစုတွေကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဒုက္ခတွေရောက်၊ ခေါင်းတွေမီးတောက်ခဲ့ရပြီး ..... ရဲခေါင်ကို မကောင်းဆိုးဝါးဝင်ပူးနေကြောင်း သတိထားမိလာကြသည်။ ထိုမကောင်းဆိုးဝါးကြီးကို "တာတေကြီး"ဟု အများခေါ်ကြသည်။ သရဲ ဖြစ်နေသည်။ ထိုသရဲကလည်း တစ်ကောင်တည်းမဟုတ် သုံးကောင်ဖြစ်နေသည်။ ရဲခေါင်အနေနှင့် ယင်းသရဲသုံးကောင်နှင့် မည်ကဲ့သို့ ရှေ့ဆက်သွားမည်ဆိုတာကို နိုဝင်ဘာလလယ်တွင် မြန်မာတစ်ပြည်လုံး ရုံတင်ပြသသွားမည့် တာတေကြီးရုပ်ရှင်ဇာတ်ကားကြီးတွင် ဆက်လက်ကြည့်ရှုခံစားနိုင်ပြီး နေတိုး၏ ပီပြင်စွာသရုပ်ဆောင်မှုတွေကိုလည်း ကြည့်ရှုနိုင်ရန် ပဏာမတင်ဆက်လိုက်ရပါသည်။

**ကိုလင်း**


ပလမ်မာ


စပေစီ

## ALL Money in the World ဇာတ်ကား ပြန်လည်ရိုက်ကူးမည်

အမေရိကန်သရုပ်ဆောင် ကီဗင်စပေစီဟာ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတွေပြုလုပ်ခဲ့တဲ့စွပ်စွဲမှုတွေကြောင့် လက်ရှိ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရာကနေ ရပ်နားထားရတာဖြစ်ပါတယ်။ အခုလည်း သူပါဝင်သရုပ်ဆောင်နေတဲ့ All Money in the World ဆိုတဲ့ဇာတ်ကားမှာ သူ့ပါဝင်တဲ့အခန်းတွေကို ဖြတ်တောက်ပစ်ကာ အသစ်ပြန်လည်ရိုက်ကူးမှာဖြစ်ပြီး သူ့ရဲ့ဇာတ်ကောင်နေရာမှာ အခြားသူကိုအစားထိုးသွားမယ်လို့ သိရပါတယ်။ All Money in the World ဆိုတဲ့ဇာတ်ကားဟာ ဒါရိုက်တာရက်ဒလေစကော့ရိုက်ကူးထားတာဖြစ်ပြီး စပေစီရဲ့နေရာမှာ ခရစ်စတိုဖာ ပလမ်မာကို အစားထိုးသွားဖို့ ရည်ရွယ်ထားပါတယ်။ ဒီဇာတ်ကားမှာ စပေစီ တစ်ဦးတည်းသရုပ်ဆောင်တဲ့အခန်းတွေကလည်း အများကြီးလို့ သိရပါတယ်။

အခုအချိန်မှာတော့ စပေစီဟာ စွပ်စွဲမှုတွေအများကြီးနဲ့ရင်ဆိုင်နေရပြီး ဒီဇာတ်ကားမှာ ပါဝင်ခွင့်ကိုပါဆုံးရှုံးခဲ့တဲ့အပြင် သူပါတဲ့အခန်းတွေကို ပြင်ဆင်ရိုက်ကူးတော့မယ်ဆိုတော့ သူ့အတွက်ကြီးမားတဲ့ ထိုးနှက်ချက်ကြီးတစ်ခုပါပဲ။ ဒ့ါအပြင် ဒီဇာတ်ကားမှာ သူနဲ့အတူပါဝင်သရုပ်ဆောင်ခဲ့တဲ့ မာ့ခ်ဝေလ်ဘက်ဂ်နဲ့ မီရှယ်လီဝီလီယံတို့ပါ ပြန်လည်ရိုက်ကူးမှုမှာ ပါဝင်ရလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

ဒီဇာတ်ကားဟာ အမေရိကန်ရုပ်ရှင် အင်စတီကျူမှ နုတ်ထွက်ထားတဲ့ဇာတ်ကားလည်းဖြစ်ပါတယ်။ အောက်တိုဘာ ၃၀ ရက်မှာ အန်တိုနီရက်က စပေစီကို ပထမဦးဆုံးအဖြစ် စွပ်စွဲပြီးတဲ့နောက် စပေစီရဲ့ သရုပ်ဆောင်အလုပ်ဟာ ပျက်စီးမှုလမ်းကြောင်းကိုဦးတည်သွားပြီပဲဖြစ်တယ်။ နက်ဖလစ် ရုပ်ရှင်ကုမ္ပဏီကလည်း သူနဲ့ရိုက်ကူးမှုကို ဖျက်သိမ်းပစ်ခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုရရှိမယ့် အခွင့်အရေးတွေကလည်း ဆုံးရှုံးခဲ့ရပါတယ်။ **ခြူး (ရိုက်တာ)**

## သမီးလေးနှစ်ဦးရဲ့ဖခင် ဖြစ်လာတော့မယ့် Maroon 5 အဖွဲ့ရဲ့အဆိုရှင် Adam Levine

Maroon 5 အဖွဲ့ရဲ့ သီချင်းတွေဟာ မြန်မာပရိသတ်နဲ့ မစိမ်းတဲ့သီချင်းတွေပါပဲ။ အဲဒီအဖွဲ့ရဲ့ သီချင်းတွေဟာ မြန်မာပရိသတ်တွေကြားမှာ ရေပန်းစားပါတယ်။ အခု Maroon 5 အဖွဲ့ရဲ့ အဓိကအဆိုရှင် ဖြစ်သူ Adam Levine ဟာ ဒုတိယရင်သွေး ရရှိနေပြီပဲဖြစ်ပါတယ်။ ဒုတိယရင်သွေးလေးဟာလည်း မိန်းကလေးပဲလို့ဆိုပါတယ်။ Adam Levine ရဲ့ ဇနီးဖြစ်သူဟာလည်း မော်ဒယ်တစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးဟာ ၂၀၁၄ ခုနှစ်က လက်ထပ်ထားတာပဲဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်နှစ်အရွယ် သမီးလေး ဒက်စတီရိုစ့်လည်းရှိပါတယ်။ Adam ကတော့ သူဟာ ကလေးတွေ အများကြီးလိုချင်တယ်လို့လည်း ပြောပါတယ်။ သူ့ဇနီးဖြစ်သူဟာလည်း တစ်ဦးတည်းသမီးဖြစ်တော့ ကလေးများများလိုချင်တယ်။ ဖြစ်နိုင်ရင် သူတို့စုံတွဲဟာ ကလေးတွေ အယောက် ၁၀၀လောက်မွေးချင်တယ်။ ဒါပေမယ့်လည်း အဲ့ဒီလိုမွေးနိုင်ပ့ါမလားတော့ မသိဘူးလို့ အရွှန်းဖောက်ပြီး ဖြေခဲ့ပါတယ်။

ဒီစုံတွဲဟာ ရင်သွေးလေးရနေပြီဆိုတာ လွန်ခဲ့တဲ့လကတည်းက ကြေညာခဲ့တာဖြစ်ပြီး အခုတစ်ခါကတော့ ဒုတိယမြောက်ကလေးဟာ သမီးလေးဖြစ်ကြောင်း လူသိရှင်ကြား အသိပေးတာပဲဖြစ်ပါတယ်။ ပထမသမီးဖြစ်သူ ဒက်စတီဟာ သူ့ရဲ့တစ်နှစ်ပြည့်မွေးနေ့ကို စက်တင်ဘာလအတွင်းကမှ ပြုလုပ်ခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီလက လူတွေရဲ့ရှေ့မှာ ထွက်ပေါ်လာတာဖြစ်ပါတယ်။ ဖေဖော်ဝါရီလအတွင်းမှာ Adam ဟာ ဟောလိဝုဒ်ကျော်ကြားသူတို့လျှောက်လမ်း အခမ်းအနားကို တက်ရောက်ခဲ့တာဖြစ်ပြီး အဲဒီပွဲမှာ Adam က သူဟာ ချောမောလှပတဲ့သမီးနဲ့ ဇနီးရှိတဲ့အတွက် ကံအကောင်းဆုံးလူသားဖြစ်တယ်လို့ ပရိသတ်ကိုပြောခဲ့ပါတယ်။

ကျွန်တော့်မှာ ကျွန်တော်ချစ်တဲ့သူတွေနဲ့ လုပ်စရာအလုပ်တွေအများကြီး ရှိပါတယ်။ ဒါတွေကို ကျွန်တော်တစ်ယောက်တည်းတော့မလုပ်နိုင်ပါဘူး။ ကျွန်တော့်ကို ချစ်ခင်ပြီး အားပေးကြတဲ့ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောခဲ့ပါတယ်။ Adam ဟာ အဆိုတော်တစ်ဦးအဖြစ် ရပ်တည်တဲ့အပြင် သီချင်းရေးတာရော သရုပ်ဆောင်အလုပ်ပါ လုပ်နိုင်ပါတယ်။ ဒ့ါအပြင် သူဟာဂီတတူရိယာများကို ကျွမ်းကျင်အဆင့်အထိ တီးခတ်နိုင်တဲ့ ဂီတပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။ **ခြူး (ဟယ်လို)**



## သံဃာတော်များအား သာသနာ၀င်စိစစ်ရေး ကတ်ပြားများ ဆက်ကပ်

**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးမြို့နယ် သာသနာရေးဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၈ ရက်တွင် ပဲခူးမြို့ဥဿာသီရိစာသင်တိုက်ရှိ ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တသူရိယ အဂ္ဂမဟာပဏ္ဍိတ (ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) ဆရာတော်ထံသို့ ကျောင်းရှိ ရဟန်း ၁၈ ပါး၊ သာမဏေ ၅၉ ပါး စုစုပေါင်း ၇၇ ပါးအား သာသနာ၀င်စိစစ်ရေးကတ်ပြားများ ပြုလုပ်ပြီး ဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



**သန့်စင် (ပဲခူး)**

## မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ကိုယ်အင်္ဂါသန်စွမ်းသူများ နည်းတူ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည် တန်းတူအခွင့်အရေး ရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ (The National Law) မသန်စွမ်းသူများ အခွင့်အရေးဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ရုံးခန်းမ၌ နိုဝင်ဘာ ၈ ရက်က The LeprosyMission Myanmar (TLMM) အဖွဲ့က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ခုနှစ် အကြောင်းနှင့် အလုပ်အကိုင်ရရှိစေရေးဆိုင်ရာများ ဟောပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က အမှာစကားပြောကြားခဲ့ပြီး TLMM အဖွဲ့မှ အောက်မြန်မာပြည်ရုံးခွဲ မန်နေဂျာ ဦးညွန့်ဝင်းက မသန်စွမ်းသူများ၏ ၂၀၁၅ ခုနှစ် အခွင့်အရေး ဥပဒေနှင့် ရပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်၊ ဥပဒေရဲ့ကောင်းကျိုးများကို နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အဖွဲ့အစည်းအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော် အစိုးရသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့ရှိ အိမ်ထောင်စုပေါင်း ၁၀၈၀၀၀၀ တွင် မသန်စွမ်းသူဦးရေ ၂ ဒသမ ၃ ရာခိုင်နှုန်းကို တင်ပြထားနိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ နိုင်ငံသားများ၏ ထပ်မံပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းအရ မသန်စွမ်းမှု အခြေအနေ၌ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း သန်း ၅၀ ကျော်တွင် မသန်စွမ်းသူ ဦးရေ ၂၃၁၁၂၅၀ ရှိပြီး ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ အများဆုံးတွေ့ရှိရသည့် မသန်စွမ်းမှုအမျိုးအစားမှာ အမြင်အာရုံချွတ်ယွင်းခြင်းဖြစ်ကြောင်း၊ ရေဝတီတိုင်းဒေသကြီး၌ မသန်စွမ်းသူ ရာခိုင်နှုန်းမှာ ၇ ဒသမ ၆ ရာခိုင်နှုန်း တွေ့ရှိရပြီး၊ ချင်းပြည်နယ်၌ ၇ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကာ ၂၀၁၄ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ တစ်နိုင်ငံလုံး အနေဖြင့် မသန်စွမ်းအမျိုးသမီးဦးရေသည် မသန်စွမ်းအမျိုးသားဦးရေထက် ပိုမိုတွေ့ရှိရကြောင်း သိရသည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အလုပ်အကိုင်များ မရှိ၍ အလုပ်လက်မဲ့ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်နေသေးကြောင်း TLMM အဖွဲ့မှ ဦးညွန့်ဝင်းက ပြောသည်။

**နိုင်လင်းကျော်(ဒလ)**

## မိုးစပါးစံကွက် ရိတ်သိမ်းခြင်း သရုပ်ပြပွဲ ပြုလုပ်



**ဆိပ်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု၌ တောင်သူပညာပေး မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စနစ်ကျဧက ၁၀၀ စိုက်ကွင်း၌ နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲကို တောင်သူများ စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းမြင့် မျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးနှင့် မြေမှန်၊ မျိုးမှန်၊ ရာသီမှန်ကန်စွာ စိုက်ပျိုးမှုမှသည် နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ မြင့်မားလာစေပြီး ဒေသခံတောင်သူများလည်း ဝင်ငွေတိုးပွားရရှိနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရန်နိုင်ဝင်းနှင့် ခရိုင်စိုက်ပျိုးရေးဌာနမှ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံများက ကျေးရွာ ၁၀ ရွာမှ ဒေသခံတောင်သူများအား ဆင်းသုခ မိုးစပါးကို စပါးအစွမ်းရှိ စိုက်ပျိုးနည်းစနစ် (SRI) စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းပြောကြားကာ စံကွက်ကို စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၉) စက်မှုလယ်ယာစခန်းဆင်ဖြူကျွန်းမှ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစို ၁၃၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် မြင်ကဝကျေးရွာတွင် တောင်သူပညာပေး ဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ခံများက စိုက်ပျိုးမြေ ပြုပြင်ထိန်းသိမ်းရေး နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်နည်းစနစ်၊ မျိုးသန့်ထိန်းသိမ်းနည်းစနစ်များနှင့် သီးနှံများတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းနည်းစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

**စိုးလင်းနိုင်( ပြန်/ဆက်)**

## တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းဖွင့်

**ပဲခူး နိုဝင်ဘာ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက်က ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံရှိ သမဝါယမအသင်းစု လီမိတက်ပိုင် အဆောက်အအုံ ပထမထပ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ဆန်မှုန့်အခြေခံ၍ Crepe roll, Chiffon Cake, Sesame cookies, Sugar cookies, Madolene, Pancake, Fruitcake ၊ ဂျယ်လီ၊ တစ်ခါသောက် ဖျော်ရည်အမျိုးမျိုး (သံပရာသီး၊ လိမ္မော်သီး၊ ကမ္ဗလာသီး၊ လိုက်ချီးသီး၊ ရှားစောင်းလက်ပပ်၊ စပျစ်သီး၊ စတော်ဘယ်ရီသီး)၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲပိစပ်တို့ကို အခြေခံ၍ ပဲနို့ရည်ထုတ်လုပ်မှု အစရှိသည့် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာများကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အခမဲ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ် သင်ကြားခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**



**လသာမြို့နယ် ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဇော်မင်းကြူသည် လသာမြို့နယ် အမှတ် (၆) ရပ်ကွက် လျောင်စန်တောင်ဘုရားကျောင်းတွင် နိုဝင်ဘာ ၈ ရက်က ရပ်ကွက်နေပြည်သူ ၆၀ ကျော်နှင့် တွေ့ဆုံ၍ သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မှုခင်း အသိပညာပေး ဟောပြောဆောင်ရွက်နေစဉ်** မီးမီး (လှိုင်)

## ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်

**လက်ပံတန်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် မင်းရပ် ရပ်ကွက် သခင်ဖိုးလှကြီးလမ်းသွယ် ၅ တွင် ယိုင်နေသော ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုင်များ တည့်မတ်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ယင်းရပ်ကွက်သို့ ဓာတ်အားဖြန့်ဖြူးပေးသော ၁၁/၀ ဒသမ ၄ ကေဗွီ ၂၅၀ ကေဗွီအေ ထရန်စဖော်မာ ဆီဖြည့်ခြင်း၊ ဝန်အားတိုင်းတာခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၇ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုး ဦးဆောင်သော ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်နိုင် (ရွှေတောင်)**

# လက်ရှိ 4G ကွန်ရက်ထက် သုံးဆ ပိုမြန်သည့် 4G Pro ကွန်ရက်ကို အူရီဒူးက တိုးချဲ့ဝန်ဆောင်မှုပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံတွင် 4G ကွန်ရက်ကို အမြန်ဆန်ဆုံးနှင့် အကျယ်ပြန့်ဆုံး တိုးမြှင့်ဝန်ဆောင်မှုပေးရန်အတွက် ၄င်း၏ ကွန်ရက်နှင့် ကွန်ရက်အခြေခံ အဆောက်အအုံများကို သိသာထင်ရှားစွာ ဖြန့်ကြက်တိုးချဲ့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ခန့်မှ စတင်ကာ မြို့နယ်ပေါင်း ၂၀၀ ခန့်ရှိ လူဦးရေ ၁၅ သန်းကျော်သည် အူရီဒူး၏ မြန်နှုန်းမြင့် 4G ကွန်ရက်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာက နိုဝင်ဘာ ၆ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အဆင့်မြှင့်တင်ထားသော အူရီဒူး 4G Pro ကွန်ရက်သည် 500Mbps အထိ မြန်နှုန်းမြင့်သည့် မြန်မာနိုင်ငံတွင် အမြန်ဆုံးသော အင်တာနက်ကို ချိတ်ဆက်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ အူရီဒူး၏ နည်းပညာအဆင့်မြှင့်ထားသောကွန်ရက်သည် 4x4 MIMO နည်းပညာကို 256 QAM နည်းပညာနှင့် License Assisted Access(LAA) နည်းပညာတို့ဖြင့် စုစည်းပေါင်းစပ်ထားခြင်းကြောင့် ဖြစ်နိုင်ခြေရှိသော download အမြန်နှုန်းသည် 500Mbps အထိ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ 500 Mbps အမြန်နှုန်းမှာ လက်ရှိ 4G ကွန်ရက်ကို အသုံးပြုပြီး မိုဘိုင်းဖုန်းများမှတစ်ဆင့် အင်တာနက်ချိတ်ဆက်အသုံးပြုသည့်အခါ ရရှိနေသော အင်တာနက်အမြန်နှုန်းထက် သုံးဆခန့် ပိုမိုမြန်ဆန်သောနှုန်းဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာ၏ CEO Mr. Vikram Sinha က "အူရီဒူးရဲ့ ရည်မှန်းချက်ပန်းတိုင်က သုံးစွဲသူတွေအတွက် ပိုမိုမြန်ဆန်ကောင်းမွန်တဲ့ အမြန်နှုန်းကို ဝန်ဆောင်မှုပေးပြီး အူရီဒူးသုံးစွဲသူတွေအားလုံး အူရီဒူးရဲ့ အင်တာနက်စွမ်းအားကို ရရှိခံစားစေလိုတာဖြစ်ပါတယ်၊ ကွန်ရက်အတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုတွေကြောင့် သုံးစွဲသူတွေအနေနဲ့ ယခင်က သဘောတရားအရသာ သိရှိခဲ့ရတဲ့ အမြင့်မားဆုံး အမြန်နှုန်းတွေကို နေ့စဉ်ဘဝမှာ အမှန်တကယ် အသုံးပြုခွင့်ရစေမှာဖြစ်သလို 5G ကွန်ရက် ပေါ်ထွက်လာဖို့အတွက် တစ်စတစ်စ ပြောင်းလဲတိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခုကဲ့သို့ သိသာထင်ရှားသည့် ကွန်ရက်အဆင့်မြှင့်တင်မှုကို အချိန်မီပြီးစီးစေရန်အတွက် အူရီဒူးအနေဖြင့် ကွန်ရက်ဖြန့်ကြက်တပ်ဆင်ချိတ်ဆက်မှု အတွေ့အကြုံရှိသည့် ကုမ္ပဏီများဖြစ်သော Nokia နှင့် ZTE တို့နှင့် ပူးပေါင်းကာ အူရီဒူး၏ အဆင့်မြင့်နည်းပညာ အသုံးပြုထားသည့် ကွန်ရက်ကို မြန်မာနိုင်ငံတွင် ဖြန့်ကြက်ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ထားသော မြန်နှုန်းမြင့်ကွန်ရက်ကို ၂၀၁၈ ခုနှစ် အစောပိုင်းမှ စတင်ကာ သတ်မှတ်ထားသော နေရာများမှ အူရီဒူးအသုံးပြုသူများအနေဖြင့် သုံးစွဲနိုင်ရန် အူရီဒူးမြန်မာက ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုမြန်နှုန်းမြင့်ကွန်ရက်ကို ရရှိသုံးစွဲနိုင်သည့်အခါတွင် သုံးစွဲခအနေဖြင့် အသက်သာဆုံးဈေးနှုန်းဖြစ်သည့် အခြားလျှို့ဝှက်နှုန်းထားများ ပါဝင်ခြင်းမရှိသော ၁ မဂ္ဂါဘိုက်လျှင် ငါးကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**




ကွန်ရက်အဆင့်မြှင့်တင်တိုးချဲ့ရန်အတွက် အူရီဒူးနှင့် နိုကီယာတို့ MoU ရေးထိုးစဉ်

# ကျန်းမာရေး သတင်းအချက်အလက်များ ရယူနိုင်မည့် VAS ဝန်ဆောင်မှု အသစ်ကို MPT စတင်မိတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး နည်းလမ်းများကို SMS မှတစ်ဆင့် ရယူသိရှိနိုင်မည့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည့် 'သင့်ကျန်းမာရေး စောင့်ရှောက်ပေး' VAS အမည်ဖြင့် ဝန်ဆောင်မှုသစ်ကို မြန်မာ့ဆက်သွယ်ရေး MPT က နိုဝင်ဘာ ၇ ရက်က စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါ VAS ဝန်ဆောင်မှုသည် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးထိခိုက်စေသည့် အကြောင်းရင်းများ၊ အကျိုးဆက်များ၊ ကုသမှုများနှင့်ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သော အသိပညာ ဗဟုသုတများ၊ ပြည်သူများ၏ နေ့စဉ်ဘဝလိုအပ်ချက်များအတွက် သင့်လျော်မည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT သုံးစွဲသူများအနေဖြင့် ဝန်ဆောင်မှုကို ရယူပါက SMS မှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို တစ်ပတ်လျှင် သုံးကြိမ် လက်ခံရရှိမည်ဖြစ်ကာ ရရှိလာသည့် SMS တွင် ပါဝင်လာသော ဝက်ဘ်ဆိုက်လိပ်စာမှတစ်ဆင့် အချက်အလက်များကို အသေးစိတ် ဖတ်ရှုခြင်း၊ အသံဖိုင်များ နားထောင်ခြင်း၊ ဗီဒီယိုဖိုင်များ ကြည့်ရှုခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပေးပို့မည့် ကျန်းမာရေးဆိုင်ရာ SMS များတွင် ကူးစက်တတ်သော ရောဂါများ၊ မကူးစက်နိုင်သော ရောဂါများ၊ မျိုးဆက်ပွားကျန်းမာရေး၊ သားဖွားနှင့် မီးယပ်၊ ကလေးကျန်းမာရေး၊ အလှအပနှင့် လူနေမှုဘဝ၊ အရေပြားရောဂါများ၊ စိတ်ကျန်းမာရေး၊ အစားအသောက်နှင့် ကျန်းမာရေး၊ အရေးပေါ်အခြေအနေများ စသည့် ခေါင်းစဉ် ၁၂ မျိုး ပါဝင်မည်ဖြစ်ပြီး အဆိုပါ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ သတင်းအချက်အလက်များသည် ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်ကြီးများက အတည်ပြုထုတ်ပြန်ထားသည့် အကြောင်းအရာများသာ ဖြစ်သည့်အတွက် ဝန်ဆောင်မှု ရယူအသုံးပြုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ လိုက်နာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr.Reizo Umeda က "MPT ရဲ့ သင့်ကျန်းမာရေးစောင့်ရှောက်ပေး အစီအစဉ်က အသုံးတည့်စေမယ့် ကျန်းမာရေးအကြံပြုချက်တွေ၊ ဗဟုသုတတွေကို ရိုးရှင်းပြီး အဆင်ပြေစေနိုင်တဲ့ နည်းလမ်းနဲ့ ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ကျန်းမာရေးအကြံပြုချက် ခေါင်းစဉ် ၁၂ မျိုး အောက်ကနေ အသက်အရွယ်၊ ကျား/မ အလိုက် ဖျားနာမှုတွေ၊ ရောဂါဖြစ်စေတဲ့အကြောင်းတွေ၊ ကြိုတင်ကာကွယ်ခြင်းနည်းတွေ၊ နာတာရှည်ရောဂါ အခြေအနေတွေ၊ ရောဂါလက္ခဏာတွေ၊ ရောဂါကိုင်တွယ်ဖြေရှင်းမှုတွေ အပါအဝင် လက်တွေ့ကျတဲ့အကြံပြုချက်တွေကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်၊ ဒီဝန်ဆောင်မှုမှာက မြန်မာဘာသာနဲ့ ရေးသားဖြန့်ဝေထားခြင်းမရှိသေးတဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေကိုပါ အများပြည်သူတွေအနေနဲ့ အလွယ်တကူ ဖတ်ရှုနိုင်မှာဖြစ်တဲ့အတွက် ကျန်းမာရေးအသိပညာတွေကို ကျယ်ကျယ်ပြန့်ပြန့် ရရှိလာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

MPT ၏ ဆွေသဟာ၊ ရှယ်ပြောနှင့် ရွှေစကား အစီအစဉ် ရယူအသုံးပြုနေသူများအနေဖြင့် နံပါတ် 8411 သို့ HL ဟု SMS ပေးပို့၍ ဝန်ဆောင်မှုကို ရယူနိုင်မည်ဖြစ်ပြီး ဝန်ဆောင်မှုကို အတည်ပြုရန်အတွက် HL ON ဟု SMS တစ်စောင် ထပ်မံပေးပို့ရမည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် အင်္ဂါ၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် ကျန်းမာရေးဝန်ဆောင်မှု အကြံပေးချက် SMS များကို လက်ခံရရှိမည်ဖြစ်ကာ ဝန်ဆောင်မှုကို ရပ်တန့်လိုပါက 8411 သို့ HL OFF ဟု ပေးပို့ရမည်ဖြစ်သည်။ SMS တစ်စောင်အတွက် ၁၉၄ ကျပ် ကျသင့်မည်ဖြစ်ပြီး စတင်မိတ်ဆက်သည့် နိုဝင်ဘာ ၇ ရက်မှစ၍ ဝန်ဆောင်မှုရယူ အသုံးပြုသူများအနေဖြင့် ၁၄ ရက်တာ ဝန်ဆောင်ခ အခမဲ့ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ သတ်မှတ်ထားသော ပရိုမိုးရှင်းကာလ ကုန်ဆုံးသွားပါက အထက်ပါနှုန်းထားအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း ကွန်ပျူတာသင်တန်းခန်းမ ဖွင့်လှစ်ရန်အတွက် အူရီဒူးမြန်မာမှ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

Galaxy Star Myanmar 2017 ပြိုင်ပွဲတွင် SMS ဖြင့် မဲပေးမှုမှ ရရှိငွေများကို Main Sponsor အဖြစ် ဆောင်ရွက်ခဲ့သည့် အူရီဒူးမြန်မာက ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းတွင် ကွန်ပျူတာသင်တန်းခန်းမ ဖွင့်လှစ်နိုင်ရန်အတွက် နိုဝင်ဘာ ၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် အူရီဒူး၏ အင်တာနက်ကွန်ရက် ချိတ်ဆက်ပေးထားမှုနှင့်အတူ ကွန်ပျူတာသင်တန်းခန်းမတစ်ခု တည်ဆောက်နိုင်ရန် ပံ့ပိုးပေးခြင်းဖြစ်ပြီး ကျောင်းမှ လူငယ်များ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်ရန်အတွက် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်ကိုလည်း အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားပေးကာ လူငယ်များအတွက် စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး အောင်လအန်ဆန်က ဟောပြောခဲ့ကြောင်း သိရသည်။ အူရီဒူးမြန်မာအနေဖြင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ကွန်ပျူတာသင်တန်းခန်းမအတွက် ပံ့ပိုးခြင်းအပြင် ထိုကျောင်းမှ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြားရှိသည့် ကလေး ၉၇ ဦးအတွက် အခြေခံလိုအပ်ချက်များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အားကစား၊ အသက်မွေးမှုပညာရပ်များ လေ့ကျင့်ပေးခြင်းတို့တွင်လည်း ပံ့ပိုးဆောင်ရွက်ပေးနေကြောင်း သိရသည်။

အူရီဒူးမြန်မာသည် Galaxy Star ပြိုင်ပွဲတွင် SMS ဖြင့် မဲပေးမှုများမှ ကျပ်သိန်း ၃၂၀ ခန့် လက်ခံရရှိခဲ့ပြီး ထိုငွေများကို နန်းရွှေပြည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၀၀ နှင့် မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာရှိ မေတ္တာရှင် အမျိုးသမီး မိဘမဲ့ပရဟိတဂေဟာသို့ ကျပ်သိန်း ၅၀ ကို လှူဒါန်းခဲ့ပြီး ယခု ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းသို့ တတိယအကြိမ်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# iPhone X အတွက် လမ်းညွှန်ဗီဒီယိုတစ်ခု ထွက်ရှိလာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၃ ရက်က ကမ္ဘာ့ဈေးကွက်တွင် စတင်ရောင်းချခဲ့ပြီး ပြည်တွင်း၌လည်း တစ်ရက်သာနောက်ကျ၍ Pre Order ဖြင့် ရောင်းချပေးသော ဖုန်းဆိုင်အချို့ကြောင့် စိတ်ဝင်စားမှု မြင့်တက်နေသည့် iPhone X အတွက် Guide Video တစ်ခုကို Apple က နိုဝင်ဘာ ၆ ရက်တွင် ထုတ်ဝေပေးခဲ့သည်။

အချိန် လေးမိနစ်ကျော်မျှသာကြာသည့် ထိုဗီဒီယိုထဲတွင် iPhone X ၏ လုပ်ဆောင်ချက်အသစ်ဖြစ်သည့် Face ID ကို အသုံးပြုပုံနှင့် Sri ကို ခေါ်ယူအသုံးပြုပုံတို့ အပါအဝင် iPhone X တွင် ပါဝင်သော စွမ်းဆောင်ရည်များနှင့် အသုံးချနိုင်သည့် လုပ်ဆောင်ချက်များကို ရှင်းပြထားသည်။

Apple သည် iPhone များကို စတင်ထုတ်လုပ်ချိန်မှစ၍ iPhone 5, 6 စသည်ဖြင့် ထုတ်လုပ်ခဲ့ရာမှ iPhone 8 ကို ထုတ်လုပ်ပြီးနောက် iPhone 9 ထွက်မလာဘဲ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နံပါတ်တစ်ခုကျော်၍ iPhone X(10)ကို ထုတ်လုပ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ဒီဇိုင်းပိုင်းမှစ၍ ပြုပြင်ဆန်းသစ်ထားမှုများအရလည်းကောင်း iPhone X ကို စတင်ကြော်ငြာခဲ့သော စက်တင်ဘာလအတွင်းကပင် ကမ္ဘာတစ်ဝန်းလုံး၌ စိတ်ဝင်စားမှုများ မြင့်တက်နေခဲ့သလို ပြည်တွင်းမှ iPhone ပရိသတ်များမှာလည်း အထူးစိတ်ဝင်စားနေခဲ့သည်။

iPhone X သည် ယခင်ဖုန်းများနှင့်ယှဉ်ပါက ဒီဇိုင်းပိုင်းတွင် အကြီးအကျယ် ဆန်းသစ်မှုရှိခဲ့ပြီး မျက်နှာပြင်တွင် Home Button မပါတော့သလို စပီကာ၊ ကင်မရာနှင့် Sensor နေရာမှအပ ဖုန်း၏ ရှေ့မျက်နှာပြင်တစ်ခုလုံးသည် ၅ ဒသမ ၈ လက်မရှိ Screen အပြည့် ဖြစ်လာခဲ့သည်။ ရုပ်ထွက်ပိုင်းတွင်လည်း ယခင် iPhone အားလုံးထက် ပိုမိုကောင်းမွန်အောင် ပြုလုပ်ထားခဲ့ပြီး Super Retina Display ကို အသုံးပြုထားကာ resolution မှာ 1125 x 2436 pixels ရှိသည်။ ယခင် iPhone များတွင် ပါဝင်သော ရုပ်ထွက်ပို ကောင်းစေသည့် True Tone color နည်းပညာကိုလည်း ဆက်လက်အသုံးပြုထားသည်။

ထို့အပြင် ဖုန်းသုံးစွဲသူ၏မျက်နှာကို မှတ်သားထားကာ ဖုန်းကို Lock ဖွင့်ပေးနိုင်မည့် Face ID စနစ်၊ 4K အရည်အသွေး ဗီဒီယိုများကို ရိုက်ကူးနိုင်သည့် Dual Camera အပါအဝင် အဆင့်မြှင့်တင်ထားသော ကင်မရာစနစ်များ၊ အချိန်တိုအတွင်း အလျင်အမြန် အားသွင်းနိုင်သလို ကြိုးမဲ့လည်း အားသွင်းနိုင်သော ဖုန်းအားသွင်းစနစ်၊ ရေစိုခြင်းနှင့် ဖုန်မှုန့်များ၏ဒဏ်ကို IP68 အဆင့် အထိခံနိုင်စွမ်းရှိသည့် ရေစိုခံစနစ်လည်း ပါဝင်သည်။




ကမ္ဘာ့ဈေးကွက်၌ iPhone X ကို စတင်ရောင်းချသည့် နိုဝင်ဘာ ၃ ရက်တွင် ပြည်တွင်း၌လည်း ဖုန်းဆိုင်အချို့က Pre Order များ လက်ခံခဲ့ရာ ဈေးနှုန်းများမှာ iPhone X 256 GB ကို အချို့ဆိုင်များတွင် ကျပ် ၂၇ သိန်းခန့်အထိ ဈေးခေါ်ခဲ့ခြင်းများ ရှိခဲ့သည်။ ဖုန်းဆိုင်အချို့၌မူ ကျပ် ၂၀ သိန်းခွဲခန့်ဖြင့် Pre Order လက်ခံခဲ့ပြီး စင်ကာပူမှ ရရှိသလောက် ဖုန်းအရေအတွက်ကို ပြန်လည်ရောင်းချပေးခဲ့ရာ ရောင်းချနိုင်သမျှကို ဝယ်သူမပြတ်ဘဲရှိခဲ့ကြောင်း ပြည်တွင်းရှိ ဖုန်းဆိုင်အချို့မှ သိရသည်။

**သူရဖြိုး**

# နှစ်ပေါင်း ၁၅၀ ခန့်ရှိ ကျွန်းတိုင်ပေါင်း ၂၄၅ တိုင်ဖြင့် တည်ဆောက်ထားသည့် ပခန်းကြီး ရှေးဟောင်းကျောင်းတော်ကြီး

**ရေစကြို နိုဝင်ဘာ ၁၀**

ခေတ်အဆက်ဆက်၏ရှေးဟောင်းစေတီပုထိုးများ၊ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပေါများသဖြင့် ဒုတိယပုဂံဟုပင် တင်စားခေါ်ဝေါ်ကြရသည့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ပခန်းကြီးမြို့ဟောင်းတွင် တည်ရှိသောလွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ခန့်က ကျီဝန်မင်း ဦးဘိုးတုတ်၊ ဒေါ်ဖဲတို့တည်ဆောက်လှူဒါန်းခဲ့သည့် ပခန်းကြီးရှေးဟောင်းကျောင်းတော်ကြီးသို့ လာရောက်လေ့လာသူ များပြားလာလျက်ရှိနေကြောင်း သိရသည်။

အဆိုပါ ပခန်းကြီးကျောင်းတော်ကြီးမှာ ကျွန်းတိုင်ပေါင်း ၂၅၄တိုင်ဖြင့် တည်ဆောက်ထားပြီး အလျား ၂၄ ပေ၊ အနံ ၁၂ပေ ရှိသည်။

တိုင်တစ်လုံးလျှင် လုံးပတ် ၆ ပေ ၄လက်မမှ ၇ပေ ၂ လက်မထိ အရွယ်ရှိပြီး တိုင်အမြင့်မှာ ပေ ၅၀ မှ ပေ ၉၀ အထိ အမြင့်ရှိကြောင်း သိရသည်။ တိုင်များမှာ အဆက်မပါဘဲ ဖြောင့်တန်းနေသောကျွန်းတိုင်လုံးကြီးများဖြစ်ပြီး ကျွန်းကျောင်းတော်ကြီးကို သုံးဆင့်လည်ပေါ် ပြာသာဒ်ဘုရားဆောင်၊ ဘောဂဆောင်၊ ကျက်သရေခန်းဆောင်၊ စကြံလမ်း လှေကားငါးစင်းတို့ကို ခံ့ညားထည်ဝါစွာ ထည့်သွင်း တည်ဆောက်ထားသည်။

ထို့အပြင် စနုဆောင်အတွင်းမျက်နှာကြက်တွင်ပန်းပွင့်များ၊ ကျောင်းနံရံများတွင် ခြူးပန်းကနုတ်များ၊ မာရဘင်မှန်ကူကွက်နှင့် ကြာပွင့်များပုံဖော်ထားပြီးပန်းဆိုင်းပန်းနွယ်နရားဆိုင်း၊ နရားကွစာမရီပန်းများကို သစ်သားတွင် ထွင်းထုထားသော တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့လက်မှု ပန်းပုပညာများကို မြင်တွေ့ရမည်ဖြစ်သည်။ ထီးကိုင်၊ သန်လျက်ကိုင်၊ သားမြီးယပ်ကိုင်၊ နတ်ရုပ်၊ ဘီလူးရုပ်တို့ကိုလည်း တံခါးရွက်များတွင် ထွင်းထုထားသည်ကို တွေ့ရသည်။

"ပွင့်လင်းရာသီဆိုရင်တော့များများလာတယ်၊ နွေရာသီဘက်ဆိုရင်တော့ အလာနည်းတယ်၊ အရင်နှစ်တွေကတော့ ဒီလောက်မလာကြဘူး၊ အခုကလမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာတော့ ရောဝတီတံတား၊ ပခုက္ကူကလည်းပေါက်လာတော့ ဒီနှစ်လာတဲ့သူတွေ ပိုများတယ်" ဟု ရှေးဟောင်းသုတေသနလက်ထောက် ဦးစိုးမင်းက ပြောသည်။

အဆိုပါ ပခန်းကြီးကျွန်းကျောင်းတော်ကြီးကို မင်းတုန်းမင်းတရားကြီး၏ ကျီဝန်မင်း ဦးဘိုးတုတ်က ငယ်ဆရာတော် ဦးဂုဏအား ၁၂၃၀ ပြည့်နှစ်ခန့်က ကျောင်းတော်ကြီး ဆောက်လုပ်ရန် လိုအပ်သော ကျွန်းသစ်များကို မင်းတုန်းမင်းတရားကြီးထံ သစ်ခုတ်မိန့်ခံ၍ အထက်အညာကျွန်းတောများမှခုတ်ယူကာပခန်းကြီးမြို့သို့ ရှော့ရိုးတူးမြောင်းအတိုင်းသွင်းပြီးလျှင် ဆင်နှင့်ဆွဲငင်၍ ကျောင်းဆောက်မည့်နေရာသို့ သယ်ယူခဲ့ကြောင်း သိရသည်။ သစ်ဖိုးငွေကုန်ကျခြင်း မရှိခဲ့သော်လည်း သစ်သယ်ယူစရိတ်နှင့် လက်သမားခကုန်ကျငွေမှာကွမ်းသီးတစ်လုံးဖိုးဟူ၍ပါဠိသင်္ချာ အက္ခရာများအရ နေ့နံကိန်းများကို နောက်မှရှေ့သို့ ပြန်လည်ရေတွက်ရသဖြင့် ဖိုးလုံးတစ်သီးကွမ်းဟု ပြန်လည်မှတ်ယူရရာ ၅၄၇၆၂ ဖြစ်သည်ဟု သိရသည်။



ပခန်းကြီး ကျောင်းတော်ကြီးသို့ နိုင်ငံခြားသားဧည့်သည်လာရောက်လေ့လာမှုမှာ ဇန်နဝါရီလမှ အောက်တိုဘာလအထိ လူဦးရေ ၇၇၁ ဦးရှိကြောင်း ပခန်းကြီးရှေးဟောင်း သုတေသနဌာနမှ သိရသည်။

**အိမွန်ဆွေ (ရေစကြို)**

# ပြည်တွင်း ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)တို့ ပူးပေါင်းကျင်းပသော အိမ်အကူအလုပ်သမားများအား ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာ အလုပ် လုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက်က တောင်ကြီးမြို့ ချယ်ရီကွင်းဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)မှ နည်းပညာအကြံပေး အရာရှိချုပ်တစ်ဦးက မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် အလုပ်မလုပ်ကိုင်မီအချိန်၊ လုပ်ငန်းခွင်အခြေအနေများ၊ နေထိုင်မှုအခြေအနေများ၊ ရွှေ့ပြောင်းအိမ်အကူ အလုပ်သမားများစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲ တက်ရောက်လာသူများက အဖွဲ့လိုက် ဆွေးနွေးခဲ့ကြသည်။

အိမ်အကူအလုပ်သမားများကို ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)မှ နည်းပညာ အကြံပေးအရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**





# စိုက်ပျိုးရေးမူဝါဒဆိုင်ရာ လေ့လာဆန်းစစ်ခြင်းသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

စိုက်ပျိုးရေးမူဝါဒဆိုင်ရာ လေ့လာဆန်းစစ်ခြင်း သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးစီးပွားပညာဌာန၌ နိုဝင်ဘာ ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားသည်။

ထိုသင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CESD)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းအတွက် လိုအပ်သော နည်းပညာ အထောက်အပံ့များကို (LIFT Fund)နှင့် (USAID)တို့က ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

# ပန်ဟိုက်-မိုင်းရင်လမ်း မြေသားလမ်းချဲ့ခြင်းနှင့် အမာခံလမ်းခင်းခြင်း ဆောင်ရွက်

**နမ္မတူ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့ပေါ်ရှိ ပန်ဟိုက်ရပ်ကွက်နှင့် မြို့နယ်အတွင်းမှ မိုင်းရင်ကျေးရွာသို့ ဆက်သွယ်ထားသော ပန်ဟိုက်-မိုင်းရင်လမ်း အရှည် ၁၅ မိုင်၌ မြေသားလမ်း အကျယ် ၃၄ ပေ တိုးချဲ့ခြင်းနှင့် အမာခံလမ်းခင်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအထူးအဖွဲ့(၆)က တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလမ်းသည် ယခင်က ကျဉ်းမြောင်းသော မြေသားလမ်းဖြစ်၍ သွားလာရန်ခက်ခဲခဲ့ပြီး မိုးတွင်းကာလတွင် လမ်းပျက်စီးမှုများကြောင့် မိုင်းရင်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ထွက်ကုန်များ၊ သီးနှံများကို မြို့သို့ တင်ပို့ရောင်းချရာတွင်လည်း ခက်ခက်ခဲခဲ သွားလာခဲ့ရသည်။ ထို့ကြောင့် အဆိုပါလမ်းကို လမ်းအထူးအဖွဲ့(၆)မှ မြို့ပြအင်ဂျင်နီယာ ဦးထွန်းထွန်းဦး ဦးဆောင်သောအဖွဲ့က စက်ယန္တရားကြီးများ အသုံးပြု၍ လမ်းတိုးချဲ့ခြင်း၊ အမာခံလမ်းခင်းခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ လမ်းပိုင်း ၁၅ မိုင်အနက် ခြောက်မိုင်တွင် လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်ဟိုက်-မိုင်းရင် လမ်းလုပ်ငန်းများ အားလုံးပြီးစီးသွားပါက မိုင်းရင်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ ဒေသထွက်ကုန်များကို နမ္မတူမြို့ပေါ်သို့ မော်တော်ယာဉ်များဖြင့် တိုက်ရိုက် တင်ပို့နိုင်သလို ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကိုလည်း များစွာ အဆင်ပြေသွားစေမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**အောင်ကြီး(နမ္မတူ)**

# ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းဆောင်သစ် မကြာမီ ပြီးစီးမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်မှုလုပ်ငန်းများ နိုဝင်ဘာလကုန်ပိုင်း၌ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာလအတွင်း အပြီးတည်ဆောက်ပြီး ပညာရေးတက္ကသိုလ်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း Civil Tech ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ကိုကျော်စိုးမင်းက ပြောသည်။

ကျောင်းဆောင်သစ်အဆောက်အအုံမှာ အလျား ၂၅၆ ပေနှင့် အနံ ၁၆၉ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ မြေအောက်ကားပါကင်နှင့် အထပ် ငါးထပ်ပါရှိကြောင်း သိရသည်။ ပေ ၃၀ ပတ်လည်ရှိ စာသင်ခန်း ၉၆ ခန်းပါဝင်ပြီး အကျယ်ပေ (၁၂၀×၆၀) အမြင့် ၁၄ ပေ ရှိ အစည်းအဝေးခန်းအပြင် သန့်စင်ခန်း ၁၅၀ ပါဝင်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကမာရွတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော် စုစုပေါင်း ကျောင်းသားကျောင်းသူ ၇၀၀၀ ကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် ပညာသင်ကြားလျက်ရှိသည့် သူငယ်တန်းမှ ပဉ္စမတန်းအထိ ကျောင်းသားကျောင်းသူများကို အဆိုပါကျောင်းဆောင်သစ်တွင် နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကျေးရွာကျောင်း စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

**ဆော နိုဝင်ဘာ ၁၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာ အလက(ခွဲ)ကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန္ဒာလှိုင်က စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောပြီး စာအုပ်မျိုးစုံ အုပ် ၄၀ ကိုလည်းကောင်း၊ ဆောမြို့ဇေယျာရပ်ကွက်နေ ဦးငွေမောင် မိသားစုက အာရောဂျံမဂ္ဂဇင်း ၃၆ အုပ်ကိုလည်းကောင်း ကျောင်းအကျိုးတော်ဆောင် ဦးသန်းမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**


ပိုမိုလုံခြုံစိတ်ချရသော မြန်မာဖြစ်စေရန်
ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
လုံခြုံရေးစနစ်
ပြောင်းလဲမှုများစွာ နည်းပညာဖြင့်ကူညီပံ့ပိုးပေးမှာပါ။
Transfer to International
Transfer to A Area Boarding Gate
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ


၁မိနစ်
၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရှန်းရှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ် ဆိုလိုက်ပါ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်း(မဟာဗန္ဓုလတံတားအနီး)ထင်းပုံဆိပ်မြေတိုင်း(၇-အိုင်)၊ မြေကွက် ၁၄/၂ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ အမှတ်၁၂၊ မြေဧရိယာ ၁ဒသမ၇၆၂၈ဧကကို ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းခြင်းမှ သက်သာစေရန် ယာဉ်ရပ်နားစခန်းအဖြစ်ဆောင်ရွက်နိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် ပြည်တွင်းလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(၁၂)-အောက်ပုဇွန်တောင်လမ်း (မဟာဗန္ဓုလတံတားအနီး)ထင်းပုံဆိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၁-၂၉၁၃၅၃၊ ၀၆၇-၃၄၀၅၁၄၀၊ ၀၉-၂၅၀၁၈၅၆၉၇၊ ၀၉-၄၃၀၂၅၂၇၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်ရုံတာဝန်ခံ**
**(အောင်ဇေယျ-အင်ဂျင်နီယာမှူး)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန(အဆောက်အအုံ)တွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | သံချောင်းလုံး | ၉၂၆.၀၁၇ တန် |
| (ခ) | ပြည်တွင်းဘိလပ်မြေ | ၇၀၀၀၀၀ အိတ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၄-၁၁-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၇ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၀၁၀၃၂ သို့လည်းကောင်း၊ ဖုန်း-၀၉-၅၁၉၄၁၆၃သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင်အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ယာဉ်/ယန္တရားများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Lite Truck(Di esel) | (၁) စီး |
| (ခ) | ထွေလာဂျီ | (၅) စီး |
| (ဂ) | Mini Truck | (၁၇) စီး |
| (ဃ) | Lite Truck (1 Ton) | (၂) စီး |
| (င) | Station Wagon | (၁) စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၁၁-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၁၁-၂၀၁၇ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၄၄၁၀၀၅၄၂၃၊ ၀၉-၅၀၆၂၄၄၃၊ ၀၉-၅၁၇၄၇၀၂နှင့် ၀၉-၄၉၃၄၂၆၅၀တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၇)

၁။ ဤလုပ်ငန်းလက်အောက်ရှိ ကမ်းရိုးတန်းနှင့်မြစ်ကမ်းဘေးဒေသများတွင် တည်ရှိသော ပင်မဌာနကြီး/ဌာနခွဲများ၏ စက်သုံးဆီလိုအပ်ချက်ကို သန်လျင်၊ သံပုရာကန် ရေနံချက်စက်ရုံများမှ ပေးပို့နိုင်ရေးအတွက် အောက်ဖော်ပြပါ ခရီးစဉ်၊သယ်ယူပေးပို့မှုစနစ်များအတိုင်း ပုဂ္ဂလိကပိုင် ရေယာဉ်/ဆီတွဲ၊ တင်ကာများကို ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့်ခရီးစဉ်အလိုက် သက်ဆိုင်ရာတစ်ဂါလန်သယ်ပို့ခနှုန်းထားများနှင့် လျော့နည်းမှုရာခိုင်နှုန်းများအား အဆိုပြုတင်သွင်းနိုင်ပါသည်-

| စဉ် | ခရီးစဉ် | စက်သုံးဆီ အမျိုးအစား | သယ်ယူပေးပို့မှုစနစ် |
|---|---|---|---|
| (က) | သန်လျင်မှ မော်လမြိုင်/မြိတ်/ထားဝယ် စစ်တွေ/သံတွဲ | ဒီဇယ်ဆီ | ကမ်းရိုးတန်းသွားတင်ကာဖြင့် ငှားရမ်းပေးပို့ခြင်း |
| (ခ) | သန်လျင်မှ ခနိတော/ပုသိမ် | ဒီဇယ်ဆီ | ရေယာဉ်ဆီတွဲဖြင့် ငှားရမ်းပေးပို့ခြင်း |
| (ဂ) | သံပုရာကန် ခနိတော/ပဋနကိုရ်/ပြည်/ပခုက္ကူ/မြင်းမူ/မန္တလေး/ချောက် | ဒီဇယ်ဆီ | ရေယာဉ်ဆီတွဲဖြင့် ငှားရမ်းပေးပို့ခြင်း |

၂။ တင်ဒါစည်းကမ်းချက်များကို ၁၀-၁၁-၂၀၁၇ ရက်မှစ၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၁၃-၁၂-၂၀၁၇ ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်နှင့် ၁၃-၁၂-၂၀၁၇ရက် ၁၃း၀၀နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် (၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၁၇၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃**

---

## နိုင်ငံပိုင်မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်၁၉ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No.တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁၁-၂၀၁၇ ရက်မှ ၁၁-၁၂-၂၀၁၇ ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့် တန်ဖိုးကိုအဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်းဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
**P.O Chequeတင်ပြရမည့်ရက်** - ၁၂-၁၂-၂၀၁၇၊ ၁၃-၁၂-၂၀၁၇၊ ၁၄-၁၂-၂၀၁၇
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၅-၁၂-၂၀၁၇ ရက်
- Lot No(၁) မှ (၁၉)ထိ နံနက် ၁၀ နာရီမှစ၍ အစဉ်အလိုက် လက်ခံပါမည်။
**နေရာ** - ရုံးအမှတ် ၃၂၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့် အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၁၈၅ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | **နေပြည်တော်ကောင်စီနယ်မြေ(၁)ခု မြေကွက် တစ်ခု** | |
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ အောင်မင်္ဂလာလမ်းသွယ်(၁)ရှိမြေကွက် | ၀.၁၉၂ |
| | **မန္တလေးတိုင်းဒေသကြီး(၂)ခု မြေကွက်(၂)ခု** | |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ချယ်ရီလမ်းနှင့် ကံ့ကော်လမ်းထောင့်၊ (၆၃×၆၄)လမ်းကြား၊ အကွက်အမှတ် (မ-၉)၊ ဦးပိုင်အမှတ်(၁၇)ရှိ မြေကွက် | ၀.၂၀၂၈ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အောင်ရတနာလမ်း၊ (၆၇×၆၈)ကြား၊ သိပ္ပံလမ်းနှင့်မိုးသောက်ပန်းလမ်းကြား၊ အကွက်အမှတ် မ-၂၄၊ ဦးပိုင်အမှတ် ၁-ဟ ရှိမြေကွက် | ၀.၃၀၃၇ |
| | **မွန်ပြည်နယ်(၁)ခု မြေနှင့်အဆောက်အအုံ(၁)ခု** | |
| ၄ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဦးပိုင်အမှတ် ၂၇၈၊ ရန်မျိုးအောင်ရပ်ကွက်၊ မေခလမ်း၊ အမှတ် ၂၆ ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၄၀ |
| | **ရန်ကုန်တိုင်းဒေသကြီး(၆)ခု မြေနှင့်အဆောက်အအုံ(၂)ခု** | |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာအုပ်စု၊ကွင်းအမှတ်၁၀၅၇-ခ၊ဦးပိုင်အမှတ် ၃၄/၁၁၊ ၃၄/၁၅ရှိ မြေနှင့်အဆောက်အအုံ | ၁.၀၀ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ ရပ်ကွက်၊ အမှတ် ၉၈၊ ၉၃လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂-အိုင်၊ မြေကွက်အမှတ် ဗွီ-၁၆၆ရှိမြေနှင့် (၂၅×၅၀)ပေ RC ခုနစ်ထပ် တိုက်(၁)လုံး | ၀.၀၂၇ |
| | **တိုက်ခန်း(၂)ခန်း** | |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၆၃၊ (၅၉ပေ×၂၁ပေ) မြေညီထပ်တိုက်ခန်း | - |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ဂျိုးဖြူအိမ်ရာ၊ ဂျိုးဖြူလမ်း၊ အမှတ် ၂၃/၂၅၊ အမှတ် C-11၊ (၂၀×၄၀)ပေ နှစ်ထပ်တိုက်ခန်း | - |
| | **မြေကွက်(၂)ခု** | |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၈၉)ရပ်ကွက်၊ ကနောင်လမ်းသွယ်၊ စက်မှုဇုန်(၁)၊ အမှတ်၁၉၈/၅ ရှိ မြေကွက် | ၁.၅၀၂ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ပေါင်းကူးကျေးရွာ၊ ချယ်ရီလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၂/ဘီ-၅)၊ အမှတ်၂၀၅ရှိမြေကွက် | ၁၀၈'/၉၈'× ၁၀၀'/၁၀၀' |
| | **ရှမ်းပြည်နယ်(၇)ခု မြေနှင့်အဆောက်အအုံ(၅)ခု** | |
| ၁၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ အိမ်အမှတ် ၁/၅၇၊ အကွက်အမှတ်၁၆၊ ဦးပိုင်အမှတ်၂၆၊ ဗိုလ်ချုပ်လမ်းနှင့် ခတ္တာလမ်းထောင့်၊ ဆန်ဆိုင်းအရှေ့မြောက်အရပ်၊ ဆန်ဆိုင်း(က)ရှိ မြေနှင့် RC တစ်ထပ် (၅၄'×၅၃')၊ အုတ်ကာ သွပ်မိုး(၁)ထပ် (၂၂'×၄၀')(၂)လုံး | ၀.၁၁၈ |
| ၁၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ သပြေလမ်း၊ အိမ်အမှတ်(၁/၄)၊ဦးပိုင်အမှတ်(၈၅/က)၊ကွင်းအမှတ်၁၁၊မြေနှင့် (၃၇ပေ×၃၅ပေ)RC နှစ်ထပ်တစ်လုံး | ၀.၀၂၉ |
| ၁၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ကွင်းအမှတ် ၂၆၊ ဝမ်လုံရွာရှိ အမှတ်၂၁၂ ခြံဝင်း၊ ဟောင်လိတ်အရှေ့ကွင်း ဟောင်လိတ်အုပ်စုရှိ မြေနှင့် (၃၀ပေ×၁၃ပေ)အဆောက်အအုံ | ၀.၁၄ |
| ၁၄ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်းမနှင့် ခတ္တာ(၂)လမ်းထောင့်၊ အိမ်အမှတ် (၄/၅၆)၊ ဦးပိုင်အမှတ် ၄၃၊ အကွက်အမှတ် ၁၆ရှိ မြေနှင့် (၈၇'×၄၁')၊ (၁၄'×၁၄')၊ (၁၉'×၁၇') အဆောက်အအုံ(၃)လုံး | ၀.၂၄၈ |
| ၁၅ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ကွင်းအမှတ် ၂၄၊ ဝမ်လိကျေးရွာရှိ မြေနှင့် အဆောက်အအုံများ | ၁.၃၂ |
| | **မြေကွက်(၂)ခု** | |
| ၁၆ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၁၁)ရပ်ကွက်၊ အကွက်ကြီး ၇၆၊ ဦးပိုင်အမှတ် ၈၁ ရှိ မြေကွက် | ၀.၀၅၈ |
| ၁၇ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၁) ရပ်ကွက်၊အကွက်ကြီး(၇၆)၊ ဦးပိုင်အမှတ် (၁၁၁)ရှိ မြေကွက် | ၀.၀၅၇ |
| | **ဧရာဝတီတိုင်းဒေသကြီး(၂)ခု မြေနှင့်အဆောက်အအုံ(၂)ခု** | |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊သင်္ဘောကျင်းရပ်၊ အကွက်အမှတ် ၉၂၊ ဦးပိုင်အမှတ် ၁/စ နှင့် အကွက်အမှတ် ၉၁၊ ဦးပိုင်အမှတ် ၂၄/က၊ ဧရိယာ ၄ ဒသမ ၇၆၈ဧက၊ အကွက်အမှတ် ၉၂၊ ဦးပိုင်အမှတ် ၁/ဃ၊ ဧရိယာ ၂ ဒသမ ၁၂၉ဧက၊ စုစုပေါင်းမြေ ၆.၈၉၇ဧကနှင့် သိုလှောင်ရုံ(၆)လုံး(အာရကံ၊ မြ-၁၊၂၊၃၊၉၊၁၀၊၁၁) | ၆.၈၉၇ |
| ၁၉ | ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ သီရိလမ်းသွယ်ရှိ မြေနှင့်သိုလှောင်ရုံ(မြ-၃) | ၀.၀၄၈ |

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
## စိတ်ပါဝင်စားမှုဖော်ပြလွှာဖိတ်ခေါ်ခြင်း(REOI)
## (Request for Expression of Interest)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ အောက်ပါတည်ဆောက်ခြင်းလုပ်ငန်းရင်းနှီးမြှုပ်နှံမှုအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးတင်ဒါ စိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား စိတ်ပါဝင်စားမှုဖော်ပြလွှာ(EOI)များ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းအကြောင်းအရာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်းနှင့်စက်ရုံလမ်းထောင့်ရှိ
မင်္ဂလာဈေးဝင်းအတွင်း မြေဧရိယာ(၈ ဒသမ ၂၆၈)ဧက၏ တစ်စိတ်တစ်ဒေသတွင်
2 Basement + 15 Storeyed RCC အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်း

၂။ EOIစာရွက်စာတမ်းများကို ၁၄-၁၁-၂၀၁၇ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ၁၀ထပ်ရုံး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ၈-လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၂၇-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီ နောက်ဆုံးထား၍တင်သွင်းရမည်။ နောက်ကျတင်သွင်းသော EOIအဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ EOIနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၄၃၆၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မွေးနေ့အထိမ်းအမှတ်
## အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲ

**ကျင်းပမည့်ရက်** - ၂၃-၁၁-၂၀၁၇ရက်မှ ၂၇-၁၁-၂၀၁၇ရက်အထိ
**ကျင်းပမည့်နေရာ** - အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့

**ချီးမြှင့်မည့်ဆုကြေးငွေ**

| | |
|---|---|
| **ပထမဆု** | ၉၀၀၀၀၀/-ကျပ် |
| **ဒုတိယဆု** | ၇၀၀၀၀၀/-ကျပ် |
| **တတိယဆု** | ၅၀၀၀၀၀/-ကျပ် |

နှစ်သိမ့်ဆု (၇)ဆု တစ်ဆုလျှင် ၂၀၀၀၀၀/-ကျပ်စီ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ရပ်ဝေးမှ ပြိုင်ပွဲဝင်များ တည်းခိုရန်နေရာနှင့် နေ့လယ်စာ စီစဉ်ပေးမည်။ အိပ်ရာလိပ်ယူဆောင်လာရမည်။ ပြိုင်ပွဲဝင်ကြေးပေးရန်မလို။ Rating Tournament ဖြစ်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၆၂၂၂၄၂၀၊ ၀၉-၄၀၀၄၅၅၃၃၆၊ ၀၉-၂၅၀၅၀၅၁၀၉၊ ၀၉-၂၅၂၁၀၅၁၀၅၊ စာရင်းပေးသွင်းသူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် FIDE-ID (ရှိလျှင်)တို့ကို အင်္ဂလိပ်စာဖြင့် Massage ပို့ပေးပါရန်။

**စာရင်းပိတ်ရက်** -၂၁-၁၁-၂၀၁၇ရက် ညနေ ၄နာရီ

**ဥက္ကဋ္ဌ**
**ပျဉ်းမနားမြို့နယ်စစ်တုရင်ဆပ်ကော်မတီ**

---

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)
## ရွေးကောက်ပွဲကော်မရှင်
## ကြေညာချက်အမှတ် (၁/၂၀၁၇)
## ၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်
## (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၈ရက်)
## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့သစ်
## ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နာယကကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ဦးဆောင်မှုနှင့်အညီ အလွှာအသီးသီးမှ ရွေးချယ်ပေးသော ကိုယ်စားလှယ်အဖွဲ့ဝင်များပါဝင်သည့် အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲကော်မရှင်၏ ၇-၁၁-၂၀၁၇ရက်တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမည်နှင့်ယှဉ်တွဲပါ တာဝန်များကိုပေးအပ်ပြီး ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာလိုက်ပါသည်။

**ရွေးကောက်ပွဲကော်မရှင်**

| စဉ် | အမည် | အခြေခံအလွှာ | တာဝန် |
|---|---|---|---|
| ၁။ | ထပ်ဆင့်အကယ်ဒမီ ဦးကြည်မင်းသိန်း | စက်မှု | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းလွင်(စပယ်ဦး) | ထုတ်/ဖြန့် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဖိုးကလဲ | ခေတ်ပေါ် | အတွင်းရေးမှူး |
| ၄။ | ဦးမောင်မောင်လေး(ဂီတစာဆို) | ကာလပေါ် | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဥသြဦးမောင်မောင်(မေတ္တာပို့) | ထုတ်/ဖြန့် | ဘဏ္ဍာရေးမှူး |
| ၆။ | ဒေါ်မေနွယ်စိုး | ကာလပေါ် | ပြန်ကြားရေးမှူး |
| ၇။ | အကယ်ဒမီဦးလှဆန်းဦး | စက်မှု | တွဲဖက်ပြန်ကြားရေးမှူး |
| ၈။ | ဦးစိန်ဝင်းထွန်း | ခေတ်ပေါ် | တွဲဖက်ပြန်ကြားရေးမှူး |
| ၉။ | ဒေါ်သင်းသင်းမြတ် | မဟာဂီတ | အဖွဲ့ဝင် |
| ၁၀။ | မယ်ဒလင်ဦးငွေအောင် | မဟာဂီတ | အဖွဲ့ဝင် |
| ၁၁။ | စန္ဒရားဦးတင့်ခိုင် | ကာလပေါ် | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်ခင်သီတာခိုင် | ခေတ်ပေါ် | အဖွဲ့ဝင် |
| ၁၃။ | ဦးအင်း (ထင်းရှူးရိပ်) | ထုတ်/ဖြန့် | အဖွဲ့ဝင် |
| ၁၄။ | ဦးမြင့်ဇော် | စက်မှု | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်လေး (KB) | ခေတ်သစ် | အဖွဲ့ဝင် |
| ၁၆။ | ဦးစိုင်းလေး | ခေတ်သစ် | အဖွဲ့ဝင် |
| ၁၇။ | ဦးစစ်သူ | ခေတ်သစ် | အဖွဲ့ဝင် |

**ရွေးကောက်ပွဲကော်မရှင်**

---

### မွေးသက္ကရာဇ်မှန်

ဦးရဲလင်းထွန်း-ဒေါ်စမ်းသီတာတို့၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၅) သတ္တမတန်းမှ မငြိမ်းဆုသီ ၁၂/ဒဂတ(နိုင်)၁၁၁၇၁၈၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (၂)၊ စတုတ္ထတန်း (A) မှ မဝေနှင်းခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်မောင်မောင်လွင် ၉/မမန(နိုင်)၀၇၈၉၃၁ ဖြစ်ပါသည်။
ဦးဇော်မောင်မောင်လွင်

### အမည်မှန်

ဦးရဲထွန်းလတ်နှင့် ဒေါ်ဇင်မာတို့၏ သမီး မြိတ်မြို့ အလက(၅) ပဉ္စမတန်းမှ မမိမိငယ်၏ အမည်မှန်မှာ မခတ္တာ ဖြစ်ပါကြောင်း။
**မခတ္တာ**

### မိဘအမည်မှန်

မြိတ်မြို့၊ အထက-၆၊ အဋ္ဌမတန်း (D) မှ မောင်နဒီရှိုင်းအောင်၏ မိဘအမည်မှန်မှာ ဦးထွန်းမြင့်နိုင် ၆/ကလအ(နိုင်)၀၀၃၁၈၆နှင့် ဒေါ်အေးအေးထွေး ၆/ကလအ(နိုင်)၀၀၃၁၅၃ ဖြစ်ပါကြောင်း။
**ဦးထွန်းမြင့်နိုင်-ဒေါ်အေးအေးထွေး**

### ဖခင်အမည်မှန်

မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်မျိုးသန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်းမြင့် ၁၁/မပန(နိုင်)၀၇၇၁၄၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ဆင်သည်ကျေးရွာနေ ဦးမောင်သာအေး၏ သမီး မငွေငွေမြိုင် ၁၁/ပဏတ(နိုင်)၀၄၅၅၄၈နှင့် မငွေငွေဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND. CARE FOR THE PEOPLE



စင်္ကာပူနိုင်ငံ Singapore General Hospital မှ
အရိုး၊ အကြော၊ အဆစ်
ခွဲစိတ်အထူးကုဆရာဝန်ကြီး
**Dr. Chin Pak Lin**
M.B.,B.S (Singapore),
MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၂၈.၁၁.၂၀၁၇) ရက်နေ့ - နေ့လည် (၂)နာရီ



စင်္ကာပူနိုင်ငံ Gleneagles Hospital မှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
ခွဲစိတ်အထူးကုဆရာဝန်ကြီး
**Dr. Tan Kai Chah (Dr. K C Tan)**
D.P.M.P., MBBS (MAL), FRCS (EDIN),
FAMS Surgeon
(၂၉.၁၁.၂၀၁၇) ရက်နေ့ - နံနက် (၁၀း၃၀)နာရီ

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေးကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284




No. (46) , UFC (Union Financial Centre),
Corner of Mahar Bandoola Road &
Thein Phyu Road,Botahtaung Township,
Yangon, Myanmar.

Tel : (95-1) 371150
(95-1) 2317906

- SME Term Loan
- SME-CGI Loan
- SME-JICA Two-Step-Loan
- SME Commercial Car Loan
- CB-KFW Loan



## အထူးလျှော့ဈေး ရောင်းမည်

ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၆ရပ်ကွက် ကျောင်းလမ်းကျောကပ် ၆၀'×၈၀'- VIP -အရှေ့လှည့် ကျပ်သိန်း ၁၉၀၀ (ညှိနှိုင်း)
ဖုန်း-၀၉-၂၀၃၃၄၀၉



## ယာဉ်မောင်းအလိုရှိသည်

ကိုယ်ပိုင်စက်ရုံကား (၁၄ ပေ Canter ၂တန်) မောင်းရန်၊ CV Form၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရုံးချိန်အတွင်းဆက်သွယ်ရန် L & K Co.,Ltd. အမှတ် ၃၆၉၊ လေးထောင့်ကန်လမ်းမကြီး၊ မိကျောင်းကန် အပိုင်း(၁)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၂၃၇၃၊ ၀၉-၄၂၄၇၉၄၈၂၂


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၃၁၄၊ မြေကွက်တည်နေရာအမှတ် ၃၁၄၊ ဂန္ဓမာလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးသန်းဝင်း ၁၂/မဂဒ(နိုင်)၀၆၈၇၄၆ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**၃၀-၁၀-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ**
**မမင်းမင်းသန့် ၉/ပမန(နိုင်)၀၄၅၆၃၆၏ အသိပေးကြေညာခြင်းအပေါ်**

## ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု၊ ရွာမကျေးရွာရှိ ဦးမောင်မောင်-ဒေါ်မြရွှေတို့ နေထိုင်ခဲ့သော မြေနှင့်အိမ်သည် ဒေါ်မြရွှေဘက်မှ အမွေရရှိခဲ့သည့် ပစ္စည်းဖြစ်၍ ဦးမောင်မောင်နှင့် ဒေါ်မြရွှေတို့၏ လက်ထက်ပွားပစ္စည်းမဟုတ်ပါ။ (၈-၅-၁၃)ရက်တွင် ဦးကိုကို ၉/ပမန(နိုင်)၁၀၀၉၇၅မှ ရပ်ကွက်ရုံး၌ လက်မှတ်ရေးထိုးခဲ့သော်လည်း အဆိုပါ စာချုပ်သည် မှတ်ပုံတင်စာချုပ်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဒက္ခိဏသီရိမြို့နယ်၊ ရွာမကျေးရွာရှိ ဦးမောင်မောင်၊ ဒေါ်မြရွှေတို့ နေထိုင်ခဲ့သောမြေကွက်နှင့်အိမ်သည် အမွေဆိုင်အိမ်နှင့်မြေဖြစ်၍ ဦးကိုကိုသဘောတူညီမှုမပါဘဲ ရောင်းခြင်း၊ ပေါင်ခြင်း၊ လဲခြင်း၊ ငှားခြင်း၊ ပေးခြင်းတို့မပြုလုပ်ရန် ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးကိုကို**

## ဝမ်းနည်းကြေကွဲခြင်း
## စာရေးဆရာမင်းသစ်
## Bio မင်းသစ်
## အသက်(၇၂)နှစ်

စာရေးဆရာမင်းသစ်(ဆရာ Bio မင်းသစ်)သည် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦး မိသားစု**

### ဦးဘသန်းအောင် B.A, B.L BJF
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**တရားရုံးချုပ်၊ ရန်ကုန်မြို့**
**အသက်(၈၂)နှစ်**

မုံရွာမြို့၊ ဒေါနခြံရပ်နေ (ဦးဘိုးရှင်-ဒေါ်သန်းညွန့်)တို့၏သား၊ မုံရွာမြို့၊ ကူးတို့မြောက်အရပ်နေ(ဦးထွန်းရှိန်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၂၀နေ ဒေါ်ညွန့်ညွန့်ရီ B.A, Dip-Ed.၊ အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၂) မုံရွာမြို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးဖေသိန်းအောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) - ဒေါ်တင်တင်သိန်းတို့၏ညီ၊ ဦးဘချစ်(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ဌေး၊ ဒေါ်ခင်မျိုးညွန့်၊ ဒေါ်လှုံလှုံဖြိုး(အလပြ၊ အထက-၃၊ မုံရွာ)တို့၏အစ်ကိုသည် ၁၀-၁၁-၂၀၁၇ရက် ညနေ ၄း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်ရှိခြင်း

၆-၁၁-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော ဦးချိုသာ( Toyota Co.,Ltd,Kobe,Japan) နာမကျန်းစဉ်ကာလနှင့် ကွယ်လွန်ချိန်ထိ အစွမ်းကုန်ကုသပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်ဌာနမှ တာဝန်ကျဆရာဝန်များ၊ သူနာပြုဆရာမများ၊ လာရောက်အားပေးမေးမြန်းပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ခဲ့ကြပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အုန်းတင်
**အသက်(၈၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(၇)ရပ်ကွက်၊ ပန်းခြံ ၉၊ ရွှေဝါဖူး ၂လမ်း၊ အမှတ် ၂၈၄(က)နေ ဒေါ်စန်းစန်းဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင်ဖြစ်သူ ဒေါ်အုန်းတင် အသက်(၈၀)သည် ၉-၁၁-၂၀၁၇ရက် မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ပွဲရီ
**မိုးတားလေးစံပြကျေးရွာအုပ်စု၊ တုတ်ကြီးကျေးရွာ**
**အသက်(၆၃)နှစ်**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြုဆရာမ ဒေါ်ခင်မျိုးဆွေ၏မိခင် ဒေါ်ပွဲရီသည် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကသာမြို့နယ်၊ မိုးတားလေးစံပြကျေးရွာအုပ်စု၊ တုတ်ကြီးကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့နယ်ကုသရေးဦးစီးဌာနမှူး-ဒေါက်တာစိုင်းထွန်း**
**လက်ထောက်ဆရာဝန်များ**
**သူနာပြုဆရာ/ဆရာမများနှင့်**
**ဝန်ထမ်းများအားလုံး**
**ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံ**

### ဒေါ်တင်တင်စိုး
**အလပြ (အလက-ရေစိုးချောင်းရွာ)**
**B.Sc (ဘော်တနီ)**
**အသက်(၄၀)**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ ချောင်းဝရပ်ကွက်၊ ပညာသုခလမ်းနေ ဦးသိန်းမောင်-ဒေါ်စံသိန်းနုတို့၏ ချစ်လှစွာသောသမီး၊ ဦးကျော်သိန်း၏ဇနီး၊ မငြိမ်းချမ်းနေခြည်(ခ)မီးချောဘု၏ချစ်လှစွာသောမိခင်၊ မောင်ဝင်းမောင်၊ ဦးသိန်းနု(ခ)တင်စိုးဦးတို့၏ညီမ၊ မချမ်းငြိမ်းစိုး(ခ)ပေါက်စ (မူအုပ်/မောင်တောမြို့)၊ စောသိန်းမောင် (လ/ပြ)၊ မဖြူဖြူစိုး (ကျူရှင်ဆရာမ)၊ မောင်မောင် (ကျောင်းစာရေး)၊ မလှဝင်းခိုင်၊ မဆွေလှိုင်ငြိမ်း(ခ)မိုးသီးချေ (နည်းပြ/နည်းစနစ်မှူး၊ အားကာ/သိပ္ပံ၊ ရန်ကုန်)၊ မနုနုလှိုင် (လ/ပြ၊ ဘာထလေရွာ)တို့၏ အစ်မ၊ ဉာဏ်လင်းထွန်း၊ အောင်ထူးလင်း၊ မြတ်သူရထွန်း၊ အောင်ဖုန်းခန့်တို့၏အဒေါ်ကြီး/မာမာလတ်သည် ၉-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၉း၄၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တာမွေ၊ ကျိုက္ကဆံကွင်း၊ ၁၁ဂိတ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြကျင်(နတ်တလင်း) အသက်(၉၁)နှစ်

နတ်တလင်းမြို့နေ (ဦးပုညြ-ဒေါ်ငွေသောင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၆နေ [ဦးလှအောင်(မြန်မာ့မီးရထား၊ ငြိမ်း)]၏ဇနီး၊ ဒေါ်ဌေးဌေးဝင်း(ပညာရေး၊ ငြိမ်း)၊ ဒေါ်တင်နွယ်ရီ(အထက-လေးထောင့်ကန်၊ ဒဂုံ)၊ ဦးအောင်ကို (ဒု-အင်ဂျင်နီယာချုပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်အေးအေးခိုင်၊ ဒေါ်လှလှရီ(အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်လှလှဝင်း၊ ဗိုလ်မှူးဉာဏ်လင်းထွန်း-ဒေါ်လှလှသင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏ဘွားဘွားကြီးသည် ၉-၁၁-၂၀၁၇ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ခင်သောင်းရီ(ခ)အဘွားသောင်း
**(ရှမဝတိုက်)**
**အသက်(၈၈)နှစ်**

(ဘုရားဒါယကာကြီး အဘိုးခင်-ဘုရားဒါယိကာမကြီး အဘွားရွှေ)(ရှမဝတိုက်)တို့၏သမီး၊ တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ည/၂၃နေ (ဦးအောင်လှ)၏ဇနီး၊ (အဘွားခင်)၊ အဘွားကြည်၊ အဘွားမြ၊ အဘိုးသိန်း၊ အဘွားလှတို့၏ညီမ၊ အဘွားထွေး၏အစ်မ၊ ဦးစိုင်းရန်နိုင်-ဒေါ်နန်းသီရိဖောင်း၊ ဦးသူရ-ဒေါ်မီမီအောင်၊ ဦးသန်းထွန်း-ဒေါ်ချိုချိုအောင်၊ ဦးစိုင်းရန်အောင်-ဒေါ်နန်းရွှန်တောင်၊ ဒေါ်မိုးမိုးအေးတို့၏မိခင်၊ ဦးစိုင်းအောင်မြ၏ကြီးကြီး၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဦးကြီးခမ်းရပ်နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ခင်သောင်းရီ(ခ)အဘွားသောင်း(ရှမဝတိုက်)
**အသက်(၈၈)နှစ်**

ဆန်းမြတ်ထွန်းကုမ္ပဏီလီမိတက်၏ ဦးနေလင်းထွန်း (မန်နေဂျင်းဒါရိုက်တာ) - ဒေါ်ကြည်သာဦး(ဒါရိုက်တာ)တို့၏အဘွား ဒေါ်ခင်သောင်းရီသည် ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ဆန်းမြတ်ထွန်းကုမ္ပဏီလီမိတက်မှ**
**ဝန်ထမ်းများ**

**ဘုရား၊ သိမ်၊ ကျောင်း၊ မြေ ဒါယကာကြီး**
### ဦးဦးကျော်(ခ)ဦးအောင်မောင်း(ရွှေတောင်)
**အထက်တန်းရှေ့နေ၊ စက်မှု(၁)(ငြိမ်း)**
**အသက်(၆၄)နှစ်**

ရွှေတောင်မြို့၊ယွန်းတန်းရပ်ကွက်၊ယွန်းတန်းလမ်းနေ(ဦးအောင်မြင့်-ဒေါ်အေး)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးအောင်-ဒေါ်စောဗုာ)တို့၏သားသမက်၊ ဒေါ်လွင်လွင်အောင်၊ ဦးဝင်းအောင်မျိုးတို့၏ဖခင်၊ မအိမ့်ဦးကြွယ်၏အဘိုး၊ (ဒေါ်မြင့်မြင့်သန်း)၏ချစ်လှစွာသောခင်ပွန်းသည် ၉-၁၁-၂၀၁၇ရက် ညနေ ၆း၂၀နာရီတွင် ကြည့်မြင်တိုင် ထီးတန်းအိမ်ရာနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းဝင်း
**အသက်(၆၃)နှစ်**

မော်လမြိုင်မြို့၊ မုဒုံမြို့နယ်၊ ခရွမ်းရှန်းရွာနေ (ဦးစစ်တီး-ဒေါ်အုန်းကြည်)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျောက်ပုံတောင်ရွာနေ (ဦးချစ်စိန်)-ဒေါ်ဝိုင်းတို့၏သမီးချွေးမ၊ မော်လမြိုင်မြို့၊ မုဒုံမြို့နယ်၊ ခရွမ်းရှန်းရွာနေ (ဦးညွန့်မောင်-ဒေါ်ယဉ်ယဉ်ကြည်)၊ (ဦးလှကြည်)-ဒေါ်ခင်အေး၊ (ဦးမြမောင်-ဒေါ်အုန်းသွင်)၊ ဦးလှစိန်-ဒေါ်တင်ဝင်း၊ ဒေါ်ဌေးကြွယ်တို့၏အစ်မ/ညီမ၊ အရာခံဗိုလ်မြဆွေ(တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (မောင်မောင်မြတ်ဆွေ)၊ မောင်ဝင်းကိုကိုဆွေ-မတိုးတိုးလှိုင်၊ မတင်နီလာမြတ်ဆွေတို့၏မိခင်၊ မအိန္ဒြေဝင်းလဲ့ဖြူ၏အဘွားသည် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ် ၂၁၊ အခန်း(F4)၊ ရာဇဓိရာဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ သိမ်၊ ကျောင်း၊ မြေ ဒါယကာကြီး**
### ဦးဦးကျော်(ခ) ဦးအောင်မောင်း
**အသက်(၆၄)နှစ်**

ရွှေတောင်မြို့၊ ယွန်းတန်းလမ်းနေ (ဦးအောင်မြင့် - ဒေါ်အေး)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်လွင်လွင်အောင်၊ ဦးဝင်းအောင်မျိုးတို့၏ဖခင်၊ (ဒေါ်မြင့်မြင့်သန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၁၁-၂၀၁၇ရက်ညနေ ၆း၂၀နာရီတွင် ကြည့်မြင်တိုင် ထီးတန်းအိမ်ရာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၀-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်အပေါင်းအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဒေါ်သန်းရီ (ခရမ်း)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီယာ ၈ လမ်း၊ အမှတ် ၁၀၉၈နေ(ဦးစံလှိုင်-ဒေါ်အုန်းခင်)တို့၏သမီး၊(ဦးအောင်မြင့်)၏ဇနီး၊ဦးဝင်းကို-ဒေါ်အုန်းရီ၊ဒေါ်ကြည်ကြည်လှိုင်၊ ဦးမြင့်ဇော်-ဒေါ်တင်တင်နွဲ့၊ ဦးထွန်းဝင်း-ဒေါ်စိုးစိုးနွယ်၊ဒေါ်ဝင်းဝင်းမော်၊ဦးသိန်းဌေး-ဒေါ်အေးအေးလွင်၊ ဦးကိုကိုလွင်တို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၁၀-၁၁-၂၀၁၇ရက် နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်နီ
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့ဗဟိုရ်လမ်း၊ အမှတ် ၄၂နေ (ဦးကုလား-ဒေါ်သန်းစိန်)တို့၏သမီး၊ ဦးလှရှိန်-ဒေါ်ကြူကြူ၊(ဦးစိန်လှ-ဒေါ်မြင့်မြင့်)၊ဦးလှဝင်း-ဒေါ်ကြင်အေး၊ (ဦးအုန်းခိုင်)-ဒေါ်အေးသိန်းတို့၏အစ်မသည် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမြမောင်
**(အငြိမ်းစား)လ/ထသုတေသနမှူး**
**ယခင် (CRO)**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သီဟလမ်း၊ အမှတ် ၃၂၁နေ (ဦးမောင်မောင်တင်-ဒေါ်ကြင်)တို့၏သား၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊(ဦးသောင်းကြည်-ဒေါ်သန်းလှ)တို့၏ညီ၊(ဦးမင်းတင်ထွန်း-ဒေါ်ခင်စောလှ)၊(ဦးအုန်းကျော်)-ဒေါ်မြမြမော်၊ ဒေါ်ခင်စောတင်တို့၏အစ်ကို၊(ဦးအောင်မင်း)၊ ဦးစန်းယု-ဒေါက်တာဝါဝါခိုင်(မကွေးတက္ကသိုလ်)၊ ဒေါ်မြစန္ဒာ၊ ဦးသိန်းညွန့်-ဒေါ်မိုးသူဇာတို့၏ဖခင်၊ မောင်ကောင်းခန့်သူ၏အဘိုးသည် ၁၀-၁၁-၂၀၁၇ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ဆွေ (ရွှေကျင်)
**အလယ်တန်းပြ**
**အထက(၄)ပုဇွန်တောင်(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ညောင်တန်းအိမ်ရာ၊ တိုက် ၆၊ အခန်း ၃၀၉နေ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏သမီးကြီး၊(ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သန်းရွှေ၊ ဦးသန်းထွန်း - ဒေါ်မြင့်မြင့်နွယ်တို့၏ညီမ၊ ဦးဇော်ထွန်း - ဒေါ်မြင့်မြင့်မော်(မတူး)တို့၏အစ်မသည် ၉-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၁၁း၀၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ဆွေ (ရွှေကျင်)
**အလယ်တန်းပြ**
**အထက(၄)ပုဇွန်တောင်(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ညောင်တန်းအိမ်ရာ၊ တိုက် ၆၊ အခန်း ၃၀၉နေ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏သမီးကြီး၊ (ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ချစ်လှစွာသောဇနီး၊(ဦးနေဝင်း)၊ ဒေါက်တာထွန်းဇော်-ဒေါ်ယဉ်ယဉ်မေ၊ (ဦးစမော)-ဒေါ်ကံရှို၊ (ဦးသာထူးအောင်)-ဒေါ်နန်းခင်မာဆွေ၊(ဦးခင်မောင်လတ်) - ဒေါ်မေယုတို့၏ အစ်မသည် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၁၁း၀၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၁-၁၁-၂၀၁၇ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးမောင်ကြာအေး
**အသက်(၈၈)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ အရှေ့မော်ကျေးရွာနေ (ဦးအောင်လှဦး-ဒေါ်ရွှေဘုံ)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ် ၃၉နေ (ဒေါ်ခိုင်လှဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းရွှေအောင်-ဒေါ်ကျန်ရွှေတို့၏ ဖခင်၊ ကိုအောင်အောင်-မဖြူဖြူစန်း၊ မအေးအေးမာ၊ ကိုချစ်ဦးမောင်-မနှင်းနုလွင်၊ မမိုးပွင့်ဖြူ၊ မနှင်းရတနာတို့၏အဘိုးသည် ၉-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီ ဦးအီစ္စဟတ်မူဆာဂျီးပတေးလ်
**Family Mandalar Group တို့၏ နာယက**
**အသက်(၈၄)နှစ်**

ဟာဂျီ ဦးစိုးမြင့် ဇနီး ဒေါက်တာဒေါ်ခိုင်ခိုင်ကျော်(မန္တလေးဆေးရုံ)တို့၏ဖခင်ကြီး ဟာဂျီ ဦးအီစ္စဟတ်မူဆာဂျီးပတေးလ်သည် ၁၀-၁၁-၂၀၁၇ရက် နံနက် ၂း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Family Mandalar Group**
**ဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးအောင်နိုင်
**(ကုန်သွယ်ရေး-၁၂၊ လ/ထဦးစီး၊ ငြိမ်း)**
**ပုဇွန်တောင်တပ်မြေ**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၆နေ (ဦးစိုးမောင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ဦးခင်မောင်ဝင်း-ဒေါ်ကြူ၊ ဦးအောင်ကြည်-ဒေါ်မေသန်းတင်တို့၏အစ်ကို၊ ဒေါ်မူမူ၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ဖုန်းနိုင်-မခိုင်ခိုင်၊ ကိုစိုးမိုးနိုင်-မသွယ်သွယ်စိုး(Tokyo Japan)တို့၏ချစ်လှစွာသောဖခင်၊ မောင်ခန့်ဇေလင်း၊ မောင်ဖုန်းမြတ်နိုင်တို့၏ဘိုးဘိုးသည် ၈-၁၁-၂၀၁၇ရက် ည ၉း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ဆွေ (ရွှေကျင်)
**အလယ်တန်းပြ၊ အထက(၄)ပုဇွန်တောင် (ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၆၊ အခန်း ၃၀၉နေ(ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏သမီးကြီး၊ (ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကျော် ZIZAWA HEALTH CARE၊ (ဒေါက်တာနီလာကျော်၊ ကထိကဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဇေယျာကျော်[အုပ်ချုပ်ရေးမှူး၊(၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်]တို့၏ချစ်လှစွာသောမိခင်သည် ၉-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၁၁း၀၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်သင်းသင်း (B.Ed)
**အထက်တန်းပြ(ငြိမ်း)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၅၊ အခန်း ၆နေ (ဦးလှစိန်-ဒေါ်ဒီ)တို့၏သမီး၊ ဦးစိန်မြတ်အောင်-ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်နှင်းနှင်း၊ ဒေါက်တာစိန်လှမောင်၊ ဦးစိန်မြတ်ကျော်-ဒေါ်နန်းနီလာတို့၏ညီမသည် ၉-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နွဲ့နွဲ့ဝင်း(ခ)ဒေါ်လှလှဝင်း
**အသက်(၅၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၏ချစ်လှစွာသောဇနီး ဒေါ်နွဲ့နွဲ့ဝင်း(ခ)ဒေါ်လှလှဝင်းသည် ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ထားဝယ်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆန်းလွင်(ညွှန်ကြားရေးမှူး)နှင့် ဇနီး ဒေါ်ခင်စောမြင့်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မြစ်ကြီးနားမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နွဲ့နွဲ့ဝင်း(ခ)ဒေါ်လှလှဝင်း
**အသက်(၅၄)နှစ်**

ကိုလှမျိုး (ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့)၏ ချစ်လှစွာသောဇနီးသည် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးညွန့်-ဒေါ်သီတာအောင် မိသားစု**

# လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံရေး အနှစ်သာရ ပြည့်စုံစွာ ကျင်းပနိုင်ရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၈ ခုနှစ်၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ်၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့ အစည်းအဝေးသည် ၂၀၁၈ ခုနှစ်၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သည့် ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေး ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ ကျင်းပသည့်အခါ နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရန်အတွက် အမျိုးသားရေး

*စာမျက်နှာ ၉ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် နိုဝင်ဘာ ၁၀ ရက် ည ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေကြောင်း သိရသည်။

မြန်မာ့အလင်း

## အိုင်အက်စ် အစွန်းရောက်အဖွဲ့ဝင်ဟု သံသယရှိသူ အယောက် ၁၀၀ ကို တူရကီ၌ ဖမ်းဆီးထိန်းသိမ်း

စာ - ၁၄

# ရိတ်သိမ်းပြီးသား စပါးတွေကို ကွင်းအလိုက် ပိုင်ဆိုင်မှု ကေပေါ်မှာ မူတည်ပြီး ထွက်လာတဲ့ စပါးတွေကို ထိန်းသိမ်းလက်ခံရေးကော်မတီသို့ စာရင်းနဲ့ စနစ်တကျ အပ်နှံနေ



**နေပြည်တော် နိုဝင်ဘာ ၁၀**

ဘူးသီးတောင်နှင့် မောင်တောဒေသရှိ ရင့်မှည့်စပါးများ လေ့လွင့်ဆုံးရှုံးမှု မရှိစေရန် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိပြီး ကေအလိုက် ရိတ်သိမ်းပြီး စပါးများကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီသို့ စနစ်တကျ အပ်နှံလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၈ စီး စုစုပေါင်း ၃၂ စီးဖြင့် အောက်တိုဘာ ၂၆ ရက်မှ စတင်ကာ မောင်တောဒေသအတွင်း ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိပြီး မောင်တောဒေသအတွင်းရှိ ရိတ်သိမ်းခြွေလှေ့ချိန်တန် ရင့်မှည့်စပါးများကို သုံးလတာကာလအတွင်း အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

**“ရင့်မှည့်စပါးခင်းများ၏ တောင်သူအမည်၊ ဦးပိုင်အမှတ်နှင့် ထွက်ရှိလာသည့် စပါးတင်းအရေအတွက်ကို စနစ်တကျ စာရင်းပြုစုကာ သိုလှောင်သိမ်းဆည်းပေးထား၊ ရိတ်သိမ်းစပါး အစိုဓာတ် ၁၃ ရာခိုင်နှုန်း ရောက်ရှိရန် ရိတ်သိမ်းပြီး စပါးများကို နေလှန်း အိတ်သွတ်ပြီးမှသာ သတ်မှတ်သိုလှောင်ရုံများတွင် သိုလှောင်စုဆောင်းပေးသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးဌာနမှူး ဦးတင်မောင်ကြည်၏ ရှင်းလင်းပြောကြားချက်အရ သိရှိရ”**

